# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှေးနှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ သောကြာနေ့ အတွဲ (၅၈)၊ အမှတ်(၁၀၃)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောဝင်းအတွင်းကျင်းပသည့် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။** သတင်းစဉ်

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်းနှင့် ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောဝင်းအတွင်း ကျင်းပသည့်(၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့်အဖွဲ့ဝင်များနှင့်အတူ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မနောပွဲဖြစ်မြောက်ရေးကော်မတီဝင်များ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြား**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ပေးပို့သည့် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိစိတ်ဓာတ်ရင့်သန်ရေး

ယနေ့ ကမ္ဘာက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဦးစားပေးပြဿနာအဖြစ် သဘောထားနေကြရသည်။

ကမ္ဘာ့နေရာအနှံ့အပြားမှာ လျှပ်စီးများလွှမ်းသည်။ မုန်တိုင်းများ တဝုန်းဝုန်း၊ မီးတောင်တို့ ဟိုနားပေါက်ကွဲ သည်နားပေါက်ကွဲ၊ ခြောက်သွေ့သောနေရာများက ခြောက်သွေ့ကွဲအက်၊ မိုးသည်းထန်သည့်နေရာများက မထိန်းနိုင်မသိမ်းနိုင်၊ ရေကြီးရေလျှံဆိုသည်ကတော့ အထူးတလည်ပင် မဟုတ်တော့သယောင် စသည်ဖြင့် ပြောလို့မကုန် ဆွေးနွေးလို့ မပြီးနိုင်လောက်အောင် အများအပြားဖြစ်နေသည်မှာ နှစ်များပင်ကြာခဲ့ပြီ။

ထို့ကြောင့်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြဿနာဆိုသည်မှာ ကမ္ဘာလုံးဆိုင်ရာ ပြဿနာအဖြစ် သဘောထားကာ ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီး ကဏ္ဍအသွယ်သွယ်မှာ အရေးတကြီး လေ့လာကြ၊ ပြောဆိုကြ၊ ဆွေးနွေးကြ လုပ်နေကြခြင်းဖြစ်ပါသည်။

ဆေးပညာလောကမှာ သဘာဝဘေးအန္တရာယ်နှင့် ကြုံလျှင် မည်သို့သော ရောဂါမျိုးတွေက အဓိကဖြစ်လာမည်၊ ဘာတွေကို အထူးဂရုစိုက်ကြရမည်၊ မည်သည့်ဆေးဝါးများနှင့် သောက်သုံးရေ သန့်ရှင်းရေးဆိုင်ရာများကို မည်သို့ပြင်ဆင်ထားရန်လိုသည် စသည် တို့ကဲ့သို့သော အခြေခံများကအစ သုတေသနများပြုလုပ်နေကြသလို ဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ ဗိသုကာများကြားတွင်လည်း သဘာဝဘေးအန္တရာယ်များက ခံနိုင်ရည်ရှိသည့် အဆောက်အအုံများကို မည်သို့နည်းစနစ်များဖြင့် ဆောက်လုပ်ရန်လိုသည်၊ အရေးပေါ်ဖြစ်လာလျှင် မည်သို့သော စနစ်များကို ထည့်သွင်းပုံထုတ်ရေးဆွဲကာ ဆောက်လုပ်ထားမည် စသည်ဖြင့် နယ်ပယ်အသီးသီးမှာ ပြင်ဆင်နေကြသည်။

အထူးသဖြင့် တိုက်ရိုက်သက်ဆိုင်နေသည့် သစ်တောဆိုင်ရာ ပညာရှင်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များ၊ ရေအရင်းမြစ်ဆိုင်ရာ ပညာရှင်များ၊ စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ ပညာရှင်များ စသူတို့မှာ အမျိုးမျိုးအဖုံဖုံ ကြံဆနေကြရသည်။

ပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်တို့၏ အနာဂတ် ပြဿနာတို့ကို ကြံဆကြ၊ ဆွေးနွေးကြရာတွင် အခြားတိုးတက်ဖွံ့ဖြိုးသော နိုင်ငံတို့ထက် မြန်မာနိုင်ငံက ပိုမိုအလေးပေး စဉ်းစားဆောင်ရွက်စရာများ ရှိမည်ဟု မြင်ပါသည်။

နှစ်ပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဝေးခဲ့သည့်အတွက် အကျိုးရလဒ်အဖြစ် အခြားဒေသများနှင့် နှိုင်းစာလျှင် လွန်စွာမပျက်စီးသေးသော နေရာတို့ရှိသည်မှာ မှန်သော်လည်း ခေတ်ကာလတစ်ခုတွင် သဘာဝသစ်တောများကို စည်းကမ်းတကျမဟုတ်ဘဲ ခုတ်ထွင်ရောင်းချ အပြောင်ရှင်းခဲ့သည့် ဖြစ်ရပ်များမှာ အလွယ်တကူ ချက်ချင်းကုစားလို့ရနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် မိမိတို့နိုင်ငံက အထူးတလည် ပို၍ပို၍ သတိထားကြရလိမ့်မည်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်ဆိုသည်က မျှော်လင့်ထားသည့်အချိန် မျှော်လင့်ထားသလို လာတတ်သည်မျိုးမဟုတ်ဘဲ မမျှော်လင့်သည့်အချိန်မှာ ရုတ်တရက်ရောက်လာတတ်သော အန္တရာယ်မျိုး ဖြစ်ရကား အထူးတလည်နှင့် အရေးတကြီး ဆွေးနွေးနေကြ ကြံဆနေကြရမည့် ပြဿနာအဖြစ် ရှုမြင်ပြီး များစွာလေးနက်ကြရန်လိုပါမည်။

အစိုးရအဖွဲ့ဝင်များ လွှတ်တော်များထဲတွင် လုပ်ဆောင်နေကြသည့် ကော်မတီများ ရှိနေသည်ကို မြင်တွေ့နေရသော်လည်း ပြည်သူလူထုကို နှိုးဆော်အသိပေးရင်း ပိုမိုတက်ကြွစွာ နားလည်သဘောပေါက်ရေးအတွက် နည်းလမ်းများလည်း ရှာသင့်ပါသည်။

ရေမြောင်းများထဲ အမှိုက်ပစ်သည့် ကိစ္စမျိုးကအစ ပလတ်စတစ်အသုံးပြုမှုလျှော့နည်းရေးအဆုံး ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိစိတ်ဓာတ် ပါဝင်နေရေး တို့က ကမ္ဘာနှင့်ချီ အရေးကြီးနေပြီဟု နှိုးဆော် တိုက်တွန်းလိုက်ရပါကြောင်း။ ။

## မြဝတီမြို့၌ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့မှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၀

**ကရင်ပြည်နယ်ရှိ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များသည် ယမန်နေ့က မြဝတီမြို့ အမှတ် ၃ ရပ်ကွက် သောင်းရင်းမြစ်ကမ်းနံဘေးရှိ အမှတ်(၄) တပ်နယ်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ကရင်ပြည်နယ် ဘာသာပေါင်းစုံချစ်ကြည်ရေး အဖွဲ့မှ သိရသည်။**

“ကိုယ့်နိုင်ငံမှာ တိုးတက်ရာ တိုးတက်ကြောင်း ငြိမ်းငြိမ်းချမ်းချမ်း လုပ်ကိုင်ကြဖို့၊ ဥပဒေဘောင်အတွင်း ဆောင်ရွက်ကြဖို့၊ ဘာသာပေါင်းစုံ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ဆွေးနွေးခဲ့ကြပါတယ်” ဟု ပြည်နယ် ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့ နာယက၊ ပြည်နယ်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးစောမုတ်သုန်က ပြောသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာတို့မှ ဘာသာရေးခေါင်းဆောင် စုစုပေါင်း ၃၈ ဦး တက်ရောက် ဆွေးနွေးခဲ့ကြသည်။

ဘာသာပေါင်းစုံ တွေ့ဆုံဆွေးနွေးပွဲကို နိုင်ငံတော်အေးချမ်းသာယာရေး၊ ဘာသာပေါင်းစုံချစ်ကြည်ရေး၊ နိုင်ငံတော်အတွင်း နေထိုင်ကြသည့် ဘာသာပေါင်းစုံမှ ပြည်သူများ နိုင်ငံတော်၏ မူဝါဒနှင့်အညီ ချီတက်ဆောင်ရွက်ရန်နှင့် ဘာသာကြီးလေးခု ပေါင်းစပ်ကာ နိုင်ငံသာယာလှပရန်အတွက် ပေါင်းစပ်လုပ်ကိုင်သွားရန် စသည့် ရည်ရွယ်ချက်လေးခုဖြင့် ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**မင်းသစ်(MNA)**

## ဆိုက်ဘာလုံခြုံရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

သတင်းအချက်အလက်ဆိုင်ရာအရာရှိ Chief Information Officer (CIO)များ၏ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်း၍ ကျင်းပသော Workshop on Cyber Security in Myanmar ကို ယမန်နေ့က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂) နေပြည်တော်၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးသာဦးနှင့် ဂျပန်နိုင်ငံပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Dr. Sato Yukari တို့ တက်ရောက်အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ လွှတ်တော်(၃)ရပ်၊ ဗဟိုဌာနများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ CIO များ တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေး**

အလုပ်ရုံဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ MIC မှ Mr. Taro Hashimoto က Cyber Security Policy in Japan ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဂျပန်နိုင်ငံ JICA မှ Mr. Hiroto Yamazaki က “ Technical Cooperation in Cyber Security” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးက " Current Cyber Security Status and Challenges in Myanmar" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဂျပန်နိုင်ငံ Fujitsu မှ Mr. Tatsuya Kawahara က “Introduction to Cyber Security Trend and Fujitsu Initiatives” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဂျပန်နိုင်ငံ NEC Corporation မှ Ms. Miho Naganuma က "NEC’s Approach to Cyber Security" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၉ ခုနှစ်အား မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ်အဖြစ် သတ်မှတ်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် ၂၀၁၉ ခုနှစ်အား Mekong-Japan Exchange Year 2019 အဖြစ်သတ်မှတ်၍ အထိမ်းအမှတ်လှုပ်ရှားမှုများ ဆောင်ရွက်သွားရန် ၂၀၁၈ ခုနှစ် အောက်တိုဘာလက ဂျပန်နိုင်ငံတွင် ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး၌ သဘောတူညီခဲ့ကြကြောင်း သိရသည်။

မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို ၂၀၀၇ခုနှစ်တွင် စတင်ခဲ့ပြီး အဖွဲ့ဝင်များအဖြစ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့ပါဝင်သည်။ မဲခေါင်-ဂျပန်ချစ်ကြည်ရေးနှစ်သည် မဲခေါင်ဒေသနိုင်ငံများ၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ဆောင်ရွက်နေသော မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ မဲခေါင် -ဂျပန် ချစ်ကြည်ရေးနှစ် ကျင်းပရခြင်းရည်ရွယ်ချက်မှာ ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊ စီးပွားရေး၊ ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်နိုင်ရန်နှင့် ခရီးသွားလုပ်ငန်းများ ပိုမိုမြှင့်တင်သွားနိုင်ရန်ဖြစ်ကြောင်း သိရသည်။

**ထည့်သွင်းဖော်ပြပေးသွားမည်**

ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း ပြုလုပ်မည့်လှုပ်ရှားမှုများကို မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ် အထိမ်းအမှတ်အဖြစ် ကျင်းပလိုပါက မှတ်ပုံတင်ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်နိုင်ကြောင်း၊ အဆိုပါလှုပ်ရှားမှုများကို Mekong-Japan Exchange Year 2019 website ၏ Event Calendar တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။




မဲခေါင်-ဂျပန်ချစ်ကြည်ရေးနှစ်အတွက် အသုံးပြုမည့်အမှတ်တံဆိပ်ကို မဲခေါင်နိုင်ငံများကို ကိုယ်စားပြုသော မဲခေါင်မြစ်နှင့် ဂျပန်နိုင်ငံကိုကိုယ်စားပြုသော နေဝန်းတို့ဖြင့် သရုပ်ဖော်ထားကာ အဆိုပါအမှတ်တံဆိပ်ကို ၂၀၁၉ခုနှစ်အတွင်းပြုလုပ်မည့် မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလှုပ်ရှားမှုများ၊ ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ပြုလုပ်သော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လှုပ်ရှားမှုများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**လျှောက်လွှာပုံစံများရယူနိုင်**

ခွင့်ပြုချက်ရယူရန်အတွက် အသေးစိတ်အချက်အလက်များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဌာန ဖုန်း- ၀၆၇-၃၄၁၂၄၄၇ နှင့် မြန်မာနိုင်ငံဆိုင်ရာ-ဂျပန်သံရုံး (Information and Culture Section)၊ နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-(+၉၅) ၀၁-၅၄၉၆၄၄-၈၊ ဖက်စ် (+၉၅) (၀၁)-၅၄၉၆၄၃ ၊ အီးမေးလ်: info.cul@yn.mofa.go.jp တို့တွင် စုံစမ်းပြီး လျှောက်လွှာပုံစံများ ရယူနိုင်ကြောင်း၊ လိုအပ်သည့်အချက်အလက်များကို ရန်ကုန်မြို့ ဂျပန်သံရုံး website ဖြစ်သည့် https://www.mm.emb-japan.go.jp/itprtop_en/index.html တွင်လည်း ဖော်ပြထားကြောင်း အဆိုပါသံရုံး ထုတ်ပြန်ချက်များအရ သိရသည်။

**မေမိုးသဲ**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့်
ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲ
(စစ်ကိုင်းမြို့)
၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(၁၃၊ ၁၄)ရက်၊ (တနင်္ဂနွေ၊ တနင်္လာ) နေ့များတွင် နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်းမြို့။

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၁)ဒီဂရီစင်တီဂရိတ်၊ ရမ်ကလောင်းတွင် ၃ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် မတူပီမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်လာစဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် “ကချင်ပြည်နယ်နေ့ အခမ်းအနားကို ကြွရောက်လာကြတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားသမီးတွေ အားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ ဒီလို တိုင်းရင်းသားမျိုးစုံ စုဝေးနိုင်တယ်ဆိုတာ ကျွန်မတို့နိုင်ငံရဲ့ ဂုဏ်သိက္ခာလည်း ဖြစ်ပါတယ်။ ဂုဏ်ယူစရာ၊ ဝမ်းသာစရာကိစ္စတစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေး လိုအပ်မှုနဲ့ ပတ်သက်လို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က သဝဏ်လွှာထဲမှာ အထူးပြောကြားသွားပြီဆိုတော့ ကျွန်မအနေနဲ့ ထပ်ပြီးမပြောကြားတော့ပါဘူး။ ကျွန်မ ပြောကြားချင်တာကတော့ ဒီမနောကွင်းကြီးထဲ စုဝေးတဲ့အခါ မနောပွဲတွေရဲ့ ဇာစ်မြစ်ကို ပြန်ပြီးစဉ်းစားစေချင်ပါတယ်။ မနောပွဲတွေရဲ့ဇာစ်မြစ်ဟာ နတ်ကိုးကွယ်မှုနဲ့ ပတ်သက်နေပါတယ်။ ကိုးကွယ်တယ်ဆိုတာ ဘာကြောင့် ကိုးကွယ်တာလဲ။ နတ်တွေကို ကိုးကွယ်ကြတယ်။ ကိုယ်ယုံကြည်တဲ့ ဘုရားတွေ၊ ဘာသာတွေကို ကိုးကွယ်ကြတယ်။

**မိမိကိုယ်မိမိ အားကိုးစေချင်**

“ကိုးကွယ်ခြင်းဆိုတာ အားကိုးခြင်းပါပဲ။ နတ်တွေ ကိုးကွယ်တယ်၊ နတ်တွေကို အားကိုးတယ်။ ဘုရားသခင်ကိုအားကိုးတယ်၊ ဘုရားသခင်၊ နတ်၊ သိကြားတွေကတော့ ကျွန်မတို့ လူသားတွေကို မိမိကိုယ်မိမိ အားကိုးစေချင်ကြပါတယ်။ မိမိကိုယ်မိမိ အားကိုးစေနိုင်တဲ့ အစွမ်းသတ္တိတွေ မွေးမြူဖို့ဆိုတာ ပြည်ထောင်စုတိုင်းရင်းသားအားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။ ဒီလိုအစွမ်းသတ္တိတွေရှိမှ ကျွန်မတို့နိုင်ငံကိုကျွန်မတို့လိုချင်တဲ့ တိုင်းပြည်ကြီးတစ်ခုဖြစ်အောင် တည်ထောင်နိုင်မှာပါ။

**အလင်းရောင်ပေး**

“နိုင်ငံတော်အစိုးရဖြစ်စေ၊ ပြည်နယ်အစိုးရဖြစ်စေ၊ အစုအဖွဲ့တွေက ခေါင်းဆောင်တွေပဲဖြစ်စေ ဦးဆောင်မှုပေးတဲ့ ပုဂ္ဂိုလ်တိုင်းဟာ နေ၊ လကဲ့သို့ ကျင့်သုံးရမယ်ဆိုတဲ့ အဆိုလည်း ရှိပါတယ်။ နေဆိုတာ မနက်ထွက်လာတဲ့အခါ အလင်းရောင်ပေးတယ်။ အလင်းရောင်ပေးလို့ ရှေးခေတ်လူသားတွေက နေကိုပဲ မျှော်ပြီးနေကြရတယ်။ တစ်ညတာပြီးသွားရင် အလင်းရောင်မှ လာပါ့မလားဆိုပြီး စိုးရိမ်ပူပန်ကြရတယ်။

**နှလုံးသွင်းဖို့လို**

“နေထွက်လာတယ်ဆိုတာ အလင်းရောင်ရတယ်။ ရာသီဥတုချမ်းအေးတဲ့ နေရာတွေမှာဆိုရင် အနွေးဓာတ်ရတယ်။ ဒါပေမယ့် နေကတိုက်ရိုက်ထိုးနေရင်တော့ မသက်သာဘူး။ ဒါကြောင့် ဦးဆောင်မှုပေးတဲ့လူတွေက နေလို လလို ကျင့်သုံးရမယ်ဆိုတာ နေလိုကျင့်သုံးတဲ့ နေရာမှာ အလင်းရောင်ပေးဖို့၊ နွေးထွေးမှုပေးဖို့ဖြစ်တယ်။ တိုက်ရိုက်ကြီးထိုးပြီး မျက်စိမသက်မသာဖြစ်အောင် လုပ်ဖို့ မဟုတ်ဘူး။ ဒါကိုဦးဆောင်မှုပေးတဲ့သူအားလုံးက နှလုံးသွင်းဖို့ လိုပါတယ်။

“လလိုကျင့်သုံးရမယ်ဆိုတာ နေမရှိတဲ့အခါမှာ၊ နေဝင်သွားတဲ့အခါမှာ ရှေးလူသားတွေဟာ လကို အားကိုးရတယ်။ လကိုအားကိုးတော့ လနဲ့နေ မတူတာက လကနေ့တိုင်းထွက်တာ မဟုတ်ဘူး။ နေကလည်း နေ့တိုင်းထွက်တယ်ဆိုပေမယ့် မိုးအုံ့တဲ့အခါ၊ နှင်းတွေသိပ်သည်းတဲ့အခါ နေရောင်ခြည်ကို ရတာမဟုတ်ဘူး။ လကျတော့ လကွယ်ရက်၊ လပြည့်ရက်၊ ကြားရက်တွေ ရှိတယ်။ ဒါပေမယ့် ဘယ်တော့မဆို လကိုအချိန်မှန်မှန် ပြန်ပြီးပေါ်ထွက်လာမယ်ဆိုပြီး လူသားတွေက မှန်းလို့ရတယ်။ လဆိုတာ တဖြည်းဖြည်း ဆန်းလာတယ်၊ နောက်ပြီး လကြီးက ပြည့်လာတယ်၊ ပြည့်ပြီးတော့ တဖြည်းဖြည်း ဆုတ်လာတယ်၊ ဆုတ်ပြီးတော့ ကွယ်သွားတယ်။ ကွယ်ပြီးရင်လည်း ပြန်ပြီးတော့ ပေါ်လာတယ်။ လူသားတွေက ခန့်မှန်းနိုင်တဲ့အခါ လကသစ္စာရှိတယ်လို့ ဆိုလို့ရတယ်။ လရဲ့သစ္စာကို ယုံကြည်ကြတယ်။

**တစ်ဦးကိုတစ်ဦးအားကိုး**

“ဒီအတိုင်းပဲ ဦးဆောင်မှုပေးတဲ့ လူတွေဟာ ကိုယ်ဦးဆောင်မှုပေးတဲ့သူတွေက ကိုယ့်ရဲ့သစ္စာတရားအပေါ်မှာ ယုံကြည်အောင် လုပ်နိုင်ရမယ်။ စကားတည်ရမယ်၊ ကိုယ်လုပ်ပေးမယ်လို့ပြောတဲ့ ကိစ္စတွေကို ဖြစ်မြောက်အောင် လုပ်ပေးရမယ်။ သူ့အချိန်နဲ့သူ မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးရမယ်။ ဒါကြောင့် ကျွန်မတို့ ပြည်ထောင်စုသား အားလုံးဟာ တစ်နည်းအားဖြင့် လူတိုင်းဟာ ခေါင်းဆောင်ပဲဖြစ်တယ်။ လူတိုင်းဟာ နောက်လိုက်လည်းဖြစ်တယ်။ နောက်လိုက် လုပ်ရမယ့်အချိန်မှာ နောက်လိုက်လုပ်ရတယ်။ ခေါင်းဆောင်လုပ်ရတဲ့အချိန်မှာ ခေါင်းဆောင်လုပ်ရတယ်။ အဲဒီလိုလုပ်မယ်ဆိုရင် ကျွန်မတို့ဟာ တစ်ယောက်နဲ့တစ်ယောက် အပေါ် အားကိုးနိုင်ခြင်းဟာ နတ်တွေ၊ ဘုရားတွေရဲ့ သဘောကျလည်း ဖြစ်ပါတယ်။ နတ်တွေ၊ ဘုရားတွေ၊ သိကြားတွေကလည်း လူသားတွေဟာ ကိုယ့်ကိုယ်ကိုယ် မှန်မှန်ကန်ကန် အားကိုးနိုင်တဲ့ အခြေအနေကို ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။ ဒီလို ကချင်ပြည်နယ်နေ့မှာ မနောကွင်းမှာစုစည်းပြီး ကချင်ပြည်နယ်နေ့ကို ကျင်းပနိုင်တယ်ဆိုတာ ကျွန်မတို့အားလုံး တစ်ဦးကိုတစ်ဦး အားကိုးပြီးတော့ တစ်ဦးရဲ့အင်အားကို တစ်ဦးကယူပြီး၊ တစ်ဦးရဲ့အင်အားကို တစ်ဦးက ဖြည့်ဆည်းပေးပြီး ပြည်ထောင်စုကြီးရဲ့လမ်းကို ဆက်ပြီးလျှောက်သွားမယ်ဆိုတဲ့ သင်္ကေတလို့ ကျွန်မက ယူဆပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုမနောအကဆင်နွှဲနိုင်ရန် မနောဝင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်

“ဒါကြောင့် ကျွန်မတို့ တိုင်းရင်းသားတွေဟာ တစ်ဖက်နဲ့တစ်ဖက် ပြန်ကြည့်လိုက်ရင် ဝတ်စုံတွေကလည်း မတူပါဘူး။ ဒီလိုတိုင်းရင်းသားတွေ စုစည်းပြီးဝတ်စုံပေါင်း မြောက်မြားစွာနဲ့ တွေ့ရတဲ့အခါ ကျွန်မ ဝမ်းသာတယ်။ ဒါဟာ ကျွန်မတို့နိုင်ငံပဲ၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုပဲ၊ ပြည်ထောင်စုဖွားတိုင်းရင်းသားတွေဟာ တစ်ဦးနဲ့တစ်ဦး မတူပေမယ့် တစ်ဦးချင်း၊ တစ်ဦးချင်းဟာ သူ့ရဲ့လှပပုံလှပနည်းနဲ့ လှပနေကြတယ်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

"ဒီလိုစုစည်းမှုရှိလို့သာ ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုကြီးဖြစ်နေတယ်။ ဒီပြည်ထောင်စုဟာ ကျွန်မတို့ လိုလားတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အစစ်အမှန် မဖြစ်သေးဘူး။ ဒါကို ဖြစ်အောင်လို့ ကျွန်မတို့နိုင်ငံတော်အစိုးရသာမက ပြည်သူလူထုတွေအားလုံး ဝိုင်းဝန်းပြီးတော့ ကြိုးစားဖို့လိုတယ်။ အစိုးရတစ်ခုတည်းကိုပဲ အားကိုးတယ်ဆိုတာ ဒီမိုကရေစီမဆန်ပါဘူး။ တကယ်တော့ ဒီမိုကရေစီဆိုတာ ပြည်သူလူထုပေါ်မှာ အခြေခံတဲ့စနစ်မို့ ပြည်သူလူထုရဲ့အားကို အစိုးရတွေက ပြန်ပြီးအားကိုးရပါတယ်။

**တိုင်းရင်းသားပေါင်းစုံနဲ့ သက်ဆိုင်**

"ကျွန်မတို့စုစည်းတဲ့အခါ ဘယ်တိုင်းရင်းသားအတွက် ဘယ်နေ့သာဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်မဟုတ်ဘဲ အခုကချင်ပြည်နယ်နေ့ဆိုရင် ကချင်ပြည်နယ်ထဲရှိတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ သက်ဆိုင်တဲ့နေ့လည်း ဖြစ်ပါတယ်။ ကချင်ပြည်နယ်နေ့ ပေါ်ပေါက်လာတာလည်း လွတ်လပ်ရေးနဲ့တစ်နှစ်တည်း ပေါ်ပေါက်လာတာပါ။ ဒါကြောင့် ကျွန်မတို့နိုင်ငံရဲ့လွတ်လပ်ရေးသင်္ကေတလည်း ဖြစ်တယ်လို့ ပြောရင်လည်း မမှားဘူး။ ပထမဦးဆုံး ကချင်ပြည်နယ်နေ့ကို တက်ရောက်တဲ့ သမ္မတကြီးစဝ်ရွှေသိုက်ဟာ ရှမ်းတိုင်းရင်းသားဖြစ်တယ်။ ဒီဟာကလည်း ပြည်ထောင်စုရဲ့အနေအထားကို ဖော်ပြတာပဲ၊ ပထမဦးဆုံး ကချင်ပြည်နယ်နေ့ကိုတက်ရောက်တဲ့ သမ္မတကြီးဟာ ရှမ်းတိုင်းရင်းသားဖြစ်တယ်ဆိုတာ တိုင်းရင်းသားလူမျိုးစုတွေအားလုံးရဲ့နေ့ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဘယ်တိုင်းရင်းသားနေ့ဖြစ်ဖြစ်၊ ဘယ်ပြည်နယ်နေ့ဖြစ်ဖြစ် ကျွန်မတို့ပြည်ထောင်စုဖွား တိုင်းရင်းသားတွေနဲ့ သက်ဆိုင်ပါတယ်။

**အပြောင်းအလဲတွေ မြင်ရမယ်**

"လူတစ်ဦးရဲ့ခန္ဓာမှာ လက်သန်းနဲ့ ခေါင်းနဲ့ ဘယ်ဟာပိုအရေးကြီးလဲဆိုရင် ခေါင်းကအရေးကြီးတယ်လို့ ပြောပေမယ့် လက်သန်းနာရင်လည်း ခေါင်းကသိတယ်၊ ခေါင်းနာရင်လည်း တစ်ကိုယ်လုံးက သိတယ်။ ဒါကြောင့် အားလုံးဟာ တစ်ဦးပေါ်တစ်ဦး နားလည်မှုရှိပြီး တစ်ဦးရဲ့နာကျင်မှုဟာ နောက်တစ်ဦးနဲ့လည်း ဆိုင်တယ်ဆိုတဲ့ စိတ်မွေးဖို့ လိုပါတယ်။ ကျွန်မတို့နိုင်ငံသာ အေးချမ်းသွားမယ်ဆိုရင်၊ နိုင်ငံအတွင်းမှာ ငြိမ်းချမ်းရေးရမယ်ဆိုရင် သမ္မတကြီးမိန့်ဆိုခဲ့တဲ့အတိုင်း ဆယ်နှစ်အတွင်းတောင် မဟုတ်ဘူး၊ တစ်နှစ်အတွင်းတောင် သိသိသာသာ အပြောင်းအလဲတွေ မြင်ရမယ်လို့ ယုံကြည်တယ်။ ပြည်တွင်းစစ်မီးတွေ အားလုံးငြိမ်းသွားပြီးတာနဲ့ တစ်နှစ်အတွင်းမှာ အပြောင်းအလဲတွေကို သိသိသာသာမြင်ရလိမ့်မယ်။

**ငြိမ်းချမ်းရေးခြေလှမ်း**

"ကျွန်မတို့လိုချင်တဲ့ ခိုင်မာတဲ့အခြေအနေကိုတော့ သမ္မတကြီးမိန့်ဆိုတဲ့အတိုင်းပဲ ဆယ်စုနှစ်တစ်စုတော့ သေသေချာချာကြိုးစားပြီး စနစ်တကျခိုင်မြဲအောင်လုပ်ဖို့က အားလုံးရဲ့တာဝန်ဖြစ်ပါတယ်။ ခရီးတစ်ခုကို စဖို့ဆိုတာ ပထမခြေလှမ်းက အရေးအကြီးဆုံးပါ။ ပြည်ထောင်စုကြီး တကယ်ခိုင်မာ၊ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စပြီးတော့လှမ်းမယ့်ခြေလှမ်းက ငြိမ်းချမ်းရေးခြေလှမ်းဖြစ်တယ်ဆိုတာ ထပ်ပြီးတော့ သတိပေးပါရစေ။ ဒါကလည်း အမြဲပဲကြုံတိုင်း သတိပေးတဲ့ကိစ္စမို့ အထွေအထူးပြောဖို့ မလိုပါဘူး။

"နိဂုံးအနေနဲ့ပြောချင်တာက ဒီလိုစုရုံးတဲ့အချိန်မှာ ပျော်ရွှင်တဲ့အချိန်အခါတစ်ခုဖြစ်စေချင်ပါတယ်။ အားလုံးစိတ်ဓာတ်တက်ကြွဖို့၊ အင်အားပြည့်ဝဖို့ အားလုံးကပျော်ပျော်ရွှင်ရွှင် မုဒိတာစိတ်နဲ့ တစ်ဦးရဲ့ ပျော်ရွှင်မှုအတွက် တစ်ဦးက ဝမ်းသာတတ်ဖို့ အဲဒီလိုစိတ်နဲ့ စုစည်းတဲ့နေ့မျိုး၊ အခမ်းအနားမျိုးဖြစ်စေချင်ပါတယ်။ ကျွန်မအမြဲတမ်းဂုဏ်ယူတဲ့ကိစ္စက ငယ်ငယ်က အိမ်ဧည့်ခန်းနံရံမှာ ချိတ်ထားတဲ့ ဓာတ်ပုံတစ်ခုပါ။ မြစ်ကြီးနားမှာ ဖေဖေက ကချင်အမျိုးသမီးတွေနဲ့ ရိုက်ထားတဲ့ပုံပါပဲ။ အမျိုးသမီးတွေနဲ့ ရိုက်ထားလို့ ဂုဏ်ယူတာမဟုတ်ဘူး။ ဖေဖေက ရွှင်ရွှင်ပြပြနဲ့ ပြုံးရယ်ပြီး ရိုက်ထားတဲ့ပုံမို့ပါ။ ဒီလို တိုင်းရင်းသားတွေနဲ့အတူ လက်တွဲပြီးတော့ ဘဝကို ရင်ဆိုင်ရတာဟာ ပျော်ရွှင်ဖွယ်ရာကောင်းတယ်၊ ကျေနပ်စရာကောင်းတယ်ဆိုတာပြနေတာပဲ ဖြစ်တယ်။ ဘာဖြစ်လို့ ဖေဖေက ဒီလောက်ပြုံးနေတာလဲဆိုတာ ကျွန်မ မေးဖူးပါတယ်။ ကျွန်မကိုပြောတာတော့ ဓာတ်ပုံရိုက်တဲ့အခါ တစ်ယောက်က စတယ်တဲ့၊ ဗိုလ်ချုပ်ကတော်တွေ့ရင် စိတ်ဆိုးတော့မှာပဲ၊ ဗိုလ်ချုပ်ကို ကချင်အမျိုးသမီးတွေ ဝန်းရံပြီး ရိုက်ထားတာတွေ့ရင် စိတ်ဆိုးတော့မှာပဲဆိုပြီးပြောလို့ ဖေဖေက ပြုံးတယ်လို့ ဆိုပါတယ်။

**စိတ်ချမ်းသာစရာ နေ့တစ်မျိုးလို့ နှလုံးသွင်း**

"ကျွန်မတို့အားလုံး ဒီလိုနေ့မျိုးဟာ ပြုံးရွှင်စရာနေ့မျိုး၊ ညီရင်းအစ်ကိုမောင်နှမတွေအားလုံး ပြန်ပြီးဆုံကြတဲ့အခါမှာ ရွှင်လန်းစရာ၊ စိတ်ချမ်းသာစရာနေ့တစ်မျိုးလို့ နှလုံးသွင်းပြီး ဒီနေ့ ကချင်ပြည်နယ်နေ့မှာ ပြည်ထောင်စုသားအားလုံး၊ ပြည်ထောင်စုသားသမီးတွေအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးအန္တရာယ်တွေ ကင်းရှင်းပြီး ကောင်းကျိုးလိုရာဆန္ဒ အဝဝနဲ့ ပြည့်စုံကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် သိက္ခာတော်ရဆရာတော် ဂျုံးခေါင်က ကောင်းချီးမင်္ဂလာဆုတောင်းပေးသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များ၊ ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့ အကြီးအကဲများ၊ မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်တာဝန်ရှိသူများ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ မနောပွဲကို ပါဝင်ဆင်နွှဲကြစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များ **Palm Spring** ဟိုတယ်၌ မြစ်ကြီးနားမြို့ရှိ ဘာသာရေးခေါင်းဆောင်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားမျိုးနွယ်စုကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**စာမျက်နှာ ၄ မှ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးထုံဖူးဒဂုံနှင့် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ဂါရဝပြုလက်ဆောင် မဂ္ဂန်းလစ်နှင့် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပန်းချီကားကို ပေးအပ်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကြိုဆိုရေးအဖွဲ့ဝင်များနှင့် တော်ရဆရာ ဦးဇယ်ခေါင်၊ ရိုမန်ကက်သလစ်အသင်းတော် သာသနာတော်အတွင်းရေးမှူး ဘုန်းတော်ကြီး ဦးလွမ်ဒေါင်၊ ပြည်နယ် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးညွန့်ရွှေ၊ ကချင်ပြည်နယ်ငြိမ်းချမ်းမေတ္တာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး/ဟိန္ဒူဓမ္မအဖွဲ့ခွဲ (မြစ်ကြီးနား) ဥက္ကဋ္ဌ ဦးလုပ်ဗဟာဒူး၊ ဂျိန်ဖော့မျိုးနွယ်စုအတွင်းရေးမှူး ဒူဝါအင်ဘောဘွမ်၊ တိုင်းဆာမျိုးနွယ်စုမှ ဦးစိုင်းမြင့်ကျော်နှင့် ဗမာမျိုးနွယ်စုဥက္ကဋ္ဌ ဦးသန်းနိုင်တို့က နိုင်ငံတော် အစိုးရကဆောင်ရွက်ပေးစေလိုသည့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ချက်ချင်း ဖြည့်ဆည်းပေးနိုင်မည့် တင်ပြချက်များ၊ အမြန်ဆုံးဆောင်ရွက်ပေးနိုင်မည့် တင်ပြချက်များနှင့် အချိန်ယူ အလေးအနက်ထားဆောင်ရွက်ရမည့် တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြောကြားပြီး ဘာသာရေး ခေါင်းဆောင် ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားမျိုးနွယ်စု ကိုယ်စားလှယ်များ၏ တင်ပြချက်များသည် ပွင့်လင်းစွာတင်ပြခြင်းဖြစ်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ တင်ပြခြင်းသည် မိမိတို့အပေါ်ယုံကြည်မှုရှိ၍ တင်ပြခြင်းဖြစ်သည်ဟု မှတ်ယူပါကြောင်း၊ မည်သည့်ကိစ္စရပ်မဆို ပွင့်ပွင့်လင်းလင်းဆွေးနွေးညှိနှိုင်းမှသာ ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အတွင်း ဘာသာမတူ လူမျိုးစုမတူသော်လည်း ယခုကဲ့သို့ သင့်သင့်မြတ်မြတ်ယှဉ်တွဲနေထိုင် လုပ်ကိုင်လျက်ရှိကြသည်ကို မြင်တွေ့ရ၍ များစွာဝမ်းမြောက်မိပါကြောင်း၊ ဤသည်မှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် တင်ပြချက်များအပေါ် ဆောင်ရွက်ပေးနိုင်သည်များကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

**လုပ်ပေးနိုင်သည်ကိုသာ ကတိပေး**

မိမိတို့အနေဖြင့် ပြည်သူကိုမလုပ်ပေးနိုင်ဘဲနှင့် လုပ်ပေးမည်ဟု ကတိမပြုပါကြောင်း၊ ကတိပေးထားလျှင်လည်း ဖြစ်မြောက်အောင်လုပ်ပေးမည်သာဖြစ်ပါကြောင်း၊ လုပ်ပေးနိုင်သည်ကိုသာ ကတိပေးပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက်ကိုပါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျှမျှတတဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်

***စာမျက်နှာ ၆ သို့***




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် **Palm Spring** ဟိုတယ်ခန်းမ၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကင်ရောတန်ဂွန်းတို့က (၇၁) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ဂုဏ်ပြု မနောအက ဆင်နွှဲနိုင်ရန် မနောဝင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ မနောပွဲကို ပါဝင်ဆင်နွှဲကြသည်။

**တွေ့ဆုံ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မနောအိမ်တော်သို့ရောက်ပြီး ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့အကြီးအကဲများ၊ မနောပွဲဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ကချင်ရိုးရာယဉ်ကျေးမှု မဂ္ဂန်းလစ် အစီအစဉ်ဖြင့် ဂါရဝပြုကြသည်။

ယင်းနောက် ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးထုံဖူးဒဂုံနှင့် ဒုတိယဥက္ကဋ္ဌ ဦးဖော်ရန်ဘောက်တောင်တို့က နိုင်ငံတော်၏ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့အကြီးအကဲများ၊ မနောပွဲတော်ဖြစ်မြောက်ရေး ကော်မတီဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် ကချင်ရိုးရာ ယဉ်ကျေးမှုအဖွဲ့အကြီးအကဲများ၊ မနောပွဲတော်ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြစ်ကြီးနားမြို့ရှိ ဘာသာရေးခေါင်းဆောင် ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားမျိုးနွယ်စု ကိုယ်စားလှယ်များအား Palm Spring ဟိုတယ်၌ တွေ့ဆုံသည်။

**လိုအပ်ချက်များ ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် KBC နှစ်ခြင်းအသင်းတော် တွဲဖက်အတွင်းရေးမှူး သိက္ခာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြစ်ကြီးနားမြို့ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများအား ရင်းရင်းနှီးနှီးတွေ့ရစဉ်။ သတင်းစဉ်




(၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်တို့ ဂုဏ်ပြုညစာစားပွဲတွင် ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

*စာမျက်နှာ ၅ မှ*

စည်းလုံးညီညွတ်ရေးအတွက် ယနေ့ လာရောက်သည့် ကိုယ်စားလှယ်ကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးကြီးပါကြောင်း၊ ယခုလို အချိန်ပေး၍ လာရောက်ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြကြသည့်အတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး အဆိုပါကျောင်း (မလိခ) ဆောင်တွင် ပညာသင်ကြားလျက်ရှိသည့် နဝမတန်းကျောင်းသား ကျောင်းသူများ၊ (ဆွမ်ပရာဘွမ်)ဆောင်တွင် ပညာသင်ကြားနေကြသည့် ပထမတန်းကျောင်းသား ကျောင်းသူများ၊ (ပိတောက်) ဆောင်တွင် ပညာသင်ကြားနေကြသည့် ဒုတိယတန်းကျောင်းသား ကျောင်းသူများနှင့် (ချယ်ရီ)ဆောင်တွင် ပညာသင်ကြားနေကြသည့် KG တန်းကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံ၍ ပညာသင်ကြားသင်ယူမှုများနှင့် ပညာရည်တိုးတက်မှုအခြေအနေများ၊ သင်ထောက်ကူပစ္စည်းရရှိမှုအခြေအနေများ၊ အားကစားနှင့် အနုပညာကဏ္ဍ သင်ကြားသင်ယူမှုအခြေအနေများကို မေးမြန်းကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Palm Spring ဟိုတယ်ခန်းမ၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကချင်ပြည်နယ်ခရီးစဉ်အတွင်း တွေ့မြင်ခဲ့ရသည့် အခြေအနေများ၊ ပြည်သူများ၏တင်ပြချက်များ၊ ဘာသာရေးခေါင်းဆောင် ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားမျိုးနွယ်စု ကိုယ်စားလှယ်များ၏ တင်ပြချက်များ စသည်တို့အပေါ် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးက ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က ဆောင်ရွက်ရမည့် လုပ်ငန်းများကို လမ်းညွှန်မှာကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် ကချင်ပြည်နယ်အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသည့် (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်းနှင့် ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ဒုတိယဝန်ကြီး ဦးလုမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ မနောပွဲတော် ဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဝင်များ၊ တိုင်းရင်းသား မျိုးနွယ်စုဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုညစာစားပွဲတွင် ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုသစ်သီးခြင်းများ ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**သတင်းစဉ်**

---

❒ *ကျောဖုံးမှ*

ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်တွင် ယနေ့အချိန်ထိ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရှိပြီး နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီပေါင်း ၁၀၃ ခုရှိကြောင်း သိရသည်။




သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ ဓာတ်ပုံ- သီလဝါ SEZ

**ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်**

"သီလဝါအထူးစီးပွားရေးဇုန်ကနေ နိုင်ငံတော်ရဲ့စီးပွားရေးတိုးတက်မှုအတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့အခွန်ဘဏ္ဍာတွေ တိုးတက်ရရှိခဲ့ပါတယ်။ Export တွေ တိုးတက်လာသလို Import Substitution ကိုလည်း လုပ်လာနိုင်ခဲ့တဲ့ အတွက်ကုန်သွယ်မှုကဏ္ဍကို တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်" ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး (၁) ဒေါက်တာ သန်းသန်းသွယ်က ပြောသည်။

"ရင်းနှီးမြှုပ်နှံမှုတွေ ရောက်ရှိလာဖို့က အခြေခံအဆောက်အအုံနဲ့ဝန်ဆောင်မှုအပိုင်း ကောင်းကောင်းလုပ်ပေးရပါတယ်။ ဝန်ဆောင်မှုအပိုင်းကတော့ investor တွေကို One Stop Service Center မှာ လာရောက်ထိုင်ပြီး Standard Operating Procedure (SOP) အတိုင်း လုပ်ပေးနေပါတယ်။ တခြားလိုအပ်တဲ့ Service ကိုတော့ On Call စနစ်နဲ့ လုပ်ပေးနေပါတယ်။ သီလဝါ SEZ ရဲ့ စီမံခန့်ခွဲမှုကော်မတီဟာ Regulator Role အပြင် Coordinator Role နဲ့ Facilitator Role ကိုပါ လုပ်ပေးနေပါတယ်။ Service တွေမှာ Transparent ဖြစ်အောင်၊ Predictable ဖြစ်အောင် Investor Friendly နဲ့ International Standard ဖြစ်အောင်လည်း လုပ်ထားပါတယ်။ Investment Promotion ကိစ္စတွေမှာတော့ ပြည်တွင်း၊ ပြည်ပမှာလည်း လုပ်နေပါတယ်" ဟုလည်း ဒေါက်တာ သန်းသန်းသွယ်က ပြောသည်။

စီးပွားရေးဇုန်သို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် အကောက်ခွန်ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန၊ ဗဟိုဘဏ်၊ စက်မှုစစ်ဆေးရေးနှင့် ကြီးကြပ်ရေးဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေး ကော်ပိုရေးရှင်းနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနတို့မှ ဌာနပေါင်း ၁၁ ခုပါဝင်သည့် One Stop Service Center ကို သီလဝါအထူးစီးပွားရေးဇုန်တွင် ဖွင့်လှစ်ကာလာရောက်ရင်းနှီးမြှုပ်နှံသူများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

သီလဝါ အထူးစီးပွားရေးဇုန်ကို အပိုင်းနှစ်ပိုင်းခွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ဇုန်(A)တွင် ၄၀၅ ဟက်တာကို အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၅ ခုနှစ်စက်တင်ဘာ ၂၃ ရက်တွင် စီးပွားဖြစ်စတင်လည်ပတ်နိုင်ခဲ့ကြောင်း သိရသည်။

**၉၈ ရာခိုင်နှုန်းငှားရမ်းထား**

အဆိုပါ ဟက်တာများထဲမှ ၃၅ ဟက်တာကို Residential and Commercial Area အဖြစ် အကောင်အထည်ဖော်ခဲ့ကာ အဆိုပါနေရာတွင် အလုပ်သမားများအတွက် နေစရာအဆောက်အအုံ၊ Shop house များ၊ ဘဏ်များ၊ ဂျပန်နိုင်ငံမှ Super Hotel၊ ဆေးရုံ၊ Super Market၊ Shopping Mall တို့ကိုလည်း ဆောင်ရွက်သွားရန်ရှိကြောင်း သိရှိရပြီး ယခုအချိန်တွင် သီလဝါ အထူးစီးပွားရေးဇုန်(A) တွင် ၉၈ ရာခိုင်နှုန်း ငှားရမ်းထားပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ဇုန် (B)ကို phase (I)၊ phase (II)၊ phase (III)ခွဲ၍ phase (I) ၁၀၁ ဟက်တာနှင့် phase (II) ၇၇ ဟက်တာကို အကောင်အထည်ဖော်ခဲ့ကြောင်း၊ ဇုန် (B) phase (III) ကိုလည်း ထပ်မံတိုးချဲ့ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဇုန်(B) တွင် ၇၀ ရာခိုင်နှုန်း ငှားရမ်းပြီးဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

**ဇုန်ပြင်ပဖွံ့ဖြိုးရေး**

ဇုန်အတွင်းသာမက ဇုန်ပြင်ပဖွံ့ဖြိုးရေးအနေဖြင့် အခြေခံအဆောက်အအုံများကို ဂျပန်နိုင်ငံ ODA Loan ဖြင့် ဆောင်ရွက်လျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ကလည်း ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇုန်ပြင်ပ အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်မှု အပိုင်းအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက သန်လျင်တံတားမှ သီလဝါအထူးစီးပွားရေးဇုန်အထိ လမ်းပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းနှင့် ပဲခူးမြစ်ကူးတံတားတည်ဆောက်မှုအပိုင်းများကို စတင်လုပ်ဆောင်နေပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကလည်း 50 MW Substation တစ်ခု တည်ဆောက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် သီလဝါအထူးစီးပွားရေးဇုန် ရေရရှိရေးအတွက် ဇာမဏီဆည်မှ ရေကိုရယူနေရပြီး ဆက်လက်ဖွံ့ဖြိုးလာမည့် စီးပွားရေးဇုန်အတွက် ၂၀၁၉ ခုနှစ်ကုန်ပိုင်းတွင် လဂွန်းပြင်ဆည်မှ ရေပေးဝေနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ စီစဉ်ဆောင်ရွက်နေသည်။ သွင်းကုန်ပို့ကုန်များအတွက် ဂျပန် ODA Loan ဖြင့် ဆိပ်ကမ်းတည်ဆောက်ခြင်း လုပ်ငန်းများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**မင်းသစ်**(MNA)

*✱ ကျောဖုံးမှ*

ဖြစ်ရုံသာမက ဒီနေရာကနေ မြန်မာနိုင်ငံရဲ့ တိုးတက်ရာ တိုးတက်ကြောင်းကို ဦးဆောင်နေသူတစ်ဦးဖြစ်ပြီး လူမှုရေး အပိုင်းများမှာလည်း နွမ်းပါးသူတွေကို ပံ့ပိုးကူညီမှုတွေ အများအပြားရှိခဲ့တာကြောင့် ဖြစ်ပါတယ်''ဟု ရွေးချယ်ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယူနီယံဓမ္မတ တက္ကသိုလ်ကို ၁၉၉၉ ခုနှစ်က တည်ထောင်ထားခဲ့ပြီး ဘာသာရေး အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သူများနှင့် ကျောင်းသား ကျောင်းသူ ၄၀၀ ကို ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

ယူနီယံဓမ္မတ တက္ကသိုလ်သည် မြန်မာနိုင်ငံတစ်ဝန်း၌ လူမျိုး၊ ဘာသာ မခွဲခြားဘဲ နယ်ပယ်ကဏ္ဍအသီးသီးရှိ လူမှုရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေသော ဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။

ယနေ့ (၁၈)ကြိမ်မြောက် အခမ်းအနား၌ ဘာသာရေးဆိုင်ရာဘွဲ့ရရှိသူ ၂၃ ဦးနှင့် နယ်ပယ်အသီးသီးတွင် လူမှုရေးနှင့် ဘာသာရေးအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေသူ ခြောက်ဦးဖြစ်သည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အပါအဝင် Myanmar Missions International (MMI) မှ ဒါရိုက်တာ Mr. Joshua Ngun Hei၊ Myanmar Evangelical Christian Alliance မှ Public Relations ဒါရိုက်တာ Mr. Peter Ngun Za Cung၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူး ဦးအမ်လှသောင်း၊ Future Myanmar United Development Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်အေးအေးချို၊ Global Talent Development; Deere & Company; မှ မန်နေဂျာ Mrs. Rena M. Gainev တို့ကို ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့များ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**



ယူနီယံဓမ္မတ တက္ကသိုလ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အပါအဝင် ဘွဲ့ရရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ၊ ဥရောပသမဂ္ဂအဖွဲ့ရုံးနှင့် ကနေဒါနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Marciel၊ ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E.Mr. Kristian Schmidt၊ ကနေဒါနိုင်ငံသံအမတ်ကြီး H.E. Mrs. Karen Mac Authur တို့ အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းမှု၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့မှု၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းမှုနှင့် Capacity Building ဆောင်ရွက်ခဲ့မှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဟာဗျူဟာစီမံကိန်းရေးဆွဲဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး သံအမတ်ကြီးများ၊ ဩစတြေးလျသံရုံးမှ ယာယီတာဝန်ခံ Mr. Jeremy Kruse နှင့် ဗြိတိန်သံရုံးမှ Mr. Joe Rolling တို့က ကျင်းပပြီးစီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲများတွင် မဲရုံများသို့ သွားရောက်လေ့လာခဲ့မှုနှင့် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်ရန်အတွက် အကြံပြုချက်များအား ရှင်းလင်းပြောကြားခဲ့ကြသည်။ ယင်းနောက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကူညီဆောင်ရွက်မည့် အခြေအနေများနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးကုတ်မြို့နယ်ရှိ ကျေးရွာ နှစ်ရွာတွင် မီးလင်းရေးအောင်ပွဲကျင်းပ

**မိုးကုတ် ဇန်နဝါရီ ၁၀**

မိုးကုတ်မြို့အထက် ပိန်းပြစ်ကျေးရွာနှင့် အောက်ပိန်းပြစ်ကျေးရွာတို့တွင် ဇန်နဝါရီ ၁၀ ရက်က ကျေးရွာမီးလင်းရေးအောင်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ငံကျော်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်ရဲအောင်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်သန်းနှင့် မီးလင်းရေး ကော်မတီဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ငံကျော်က အမှာစကားပြောကြားသည်။

**ဂုဏ်ပြုလွှာများပေးအပ်**

ထို့နောက် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်ရဲအောင်က လျှပ်စစ်မီးသွယ်တန်းဖြန့်ဖြူးရေးလုပ်ငန်းများအတွက် ဝန်ကြီးဌာနမှချမှတ်ထားသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးလှဝင်းကျော်က ကျေးလက်ဒေသမကျန် တန်းတူဖွံ့ဖြိုးရေးအတွက် ၎င်းတို့ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ဆက်လက်ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျေးရွာမီးလင်းရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မီးလင်းရေးကော်မတီဝင်များက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသီဟဆွေက ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အား အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေးအတွက် လိုက်နာဆောင်ရွက်သင့်သည်များကို ရှင်းလင်းပြောကြားကာ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ)ချီးမြှင့်ပွဲ မတ် ၂၃ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ပေးအပ်ချီးမြှင့်သည့် ၂၀၁၈ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက်တွင် ရန်ကုန်မြို့ ရွှေထွန့်တင်ဝင်း၌ ကျင်းပရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ''ကျင်းပမယ့်ရက်ကတော့ မတ်လ ၂၃ ရက်ပါ။ ကျွန်တော်တို့ ရွှေထွန့်တင်ဝင်းမှာ ကျင်းပဖို့ အကြမ်းဖျဉ်း ယာယီလျာထားပါတယ်။ သို့သော် ဒီထက် ပိုမိုပြီးတင့်တယ်တဲ့၊ ဒီထက်ပိုမိုပြီး အဆင်ပြေစွာ ခမ်းနားစွာကျင်းပနိုင်မယ့် နေရာတစ်ခုကိုလည်း ကြိုးစားနေဆဲ ဖြစ်ပါတယ်။ ရရှိပြီး သေချာပြီဆိုမှ အသိပေးမှာဖြစ်ပါတယ်''ဟု ပြောသည်။

၂၀၁၈ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကား ၈၃ ကားကို မြန်မာ့ရုပ်ရှင်အစည်းအရုံး နာယကကြီးများနှင့် ပြင်ပပညာရှင်များ စုစုပေါင်း ၄၇ ဦးပါဝင်သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်ရေးအဖွဲ့မှ အကြိမ်ကြိမ်စိစစ်ကာ ဇာတ်ကားဆု၊ ဒါရိုက်တာဆု၊ ရုပ်ရှင်ဓာတ်ပုံဆု၊ ဇာတ်ညွှန်းဆု၊ အဓိက အမျိုးသားဇာတ်ဆောင်ဆု၊ အဓိက အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသား ဇာတ်ပို့ဆု၊ အမျိုးသမီး ဇာတ်ပို့ဆု၊ နောက်ခံတေးဂီတဆု၊ အသံဆု၊ တည်းဖြတ်ဆု စသည့် ထူးချွန်ဆုများကို ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါဆု ၁၁ ဆုအပြင် ရုပ်ရှင်တစ်သက်တာဆု အပါအဝင် ယခုနှစ်တွင် ထူးချွန်စွာတီထွင်ဖန်တီးခဲ့ခြင်းမျိုးရှိခဲ့ပါက အထူးဆုအနေဖြင့် ကလေးသရုပ်ဆောင်ဆု၊ အဝတ်အစားအထူးဆု၊ မိတ်ကပ်ဆံပင်အထူးဆု၊ VFX.Animation အထူးဆု၊ Sound Design အထူးဆုများကိုပါ ချီးမြှင့်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

''၁၁ ဆုကို အဓိကထားချီးမြှင့်မှာဖြစ်ပါတယ်။ ဒါ့အပြင် မနှစ်က စတင်ချီးမြှင့်တဲ့ ရုပ်ရှင်တစ်သက်တာဆုကို ဒီနှစ်မှာလည်း သတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ ပုဂ္ဂိုလ်ရှိတယ်ဆိုရင်လည်း ချီးမြှင့်မှာဖြစ်ပါတယ်။ ဒါ့အပြင် အထူးဆုကိုတော့ မူလသတ်မှတ်ထားတဲ့ ၁၁ ဆုထဲမှာ မပါဝင်တဲ့ မိတ်ကပ်၊ အဝတ်အစား၊ ကလေးသရုပ်ဆောင် စသဖြင့် ဒီပညာရပ်တွေထဲက ထူးထူးချွန်ချွန်ရှိလာခဲ့ရင်လည်း ချီးမြှင့်ပေးမှာဖြစ်ပါတယ်။ ၁၁ ဆုကနေ ၁၃ ဆုကြား ချီးမြှင့်သွားမှာဖြစ်ပါတယ်''ဟု ဦးဇင်ဝိုင်းက ပြောသည်။



ဦးဇင်ဝိုင်း (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ)

မြန်မာ့ရုပ်ရှင် ထူးချွန်ဆု အကယ်ဒမီဆုကို ၁၉၅၂ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ရာ ယခုအကြိမ်သည် (၆၃)ကြိမ်မြောက်ဖြစ်ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ၂၀၁၄ ခုနှစ်မှ တာဝန်ယူကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် (၅)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း**

**ဓာတ်ပုံ-ဇော်မင်းလတ်**

# တိရစ္ဆာန်ကောင်ရေစာရင်း အတည်ပြုထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံတော်၏ အနာဂတ်စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အထောက်အပံ့ဖြစ်စေရေး၊ မြန်မာနိုင်ငံ၏ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှုစာရင်းဇယားများ အတည်ပြုထုတ်ပြန်နိုင်ရေးနှင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ်သောမူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံချက်များကို အတည်ပြုထုတ်ပြန်နိုင်ရေးအပါအဝင် မွေးမြူရေးကဏ္ဍတွင် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့ ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာတွင် မွေးမြူရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ တိကျစွာသိရှိစေရေးတို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့သော တိရစ္ဆာန်ကောင်ရေ စာရင်းအား အတည်ပြုထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဟိုတယ်ဇုန် Kempinski Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက် အမှာစကားပြောကြားခဲ့ပြီး **(အပေါ်ယာပုံ)** အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ - FAO ၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ Livelihood and Food Security Trust(LIFT Fund) နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**စီမံချက်များရေးဆွဲအတည်ပြု**

တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းကို မြန်မာနိုင်ငံ၏ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှု စာရင်းဇယားများအား အတည်ပြုထုတ်ပြန်ရန်နှင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ်သောမူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံချက်များကို ရေးဆွဲအတည်ပြုနိုင်ရန်တို့ကို ရည်ရွယ်ပြီး အဆင့်ဆင့်စီမံချက်ချကာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများ၏ ၂၀ ရာခိုင်နှုန်းတွင် လည်းကောင်း၊ စီးပွားဖြစ်ခြံများစာရင်းကို ၂၀၁၈ ခုနှစ် မေလတွင် လည်းကောင်း ကောက်ယူခဲ့ပြီး ယနေ့ထုတ်ပြန်သောစာရင်းမှာ မြို့နယ်ပေါင်း ၂၇၅ မြို့နယ်ရှိ ကျေးရွာ ၁၂၂၀၃ ရွာနှင့် ရပ်ကွက် ၅၃၀ မှ အိမ်ထောင်စု စုစုပေါင်း ၁၅၆၇၀၇၀ တွင် ကောက်ယူခဲ့သော စာရင်းကို အခြေခံ၍ ထုတ်ပြန်ခြင်းဖြစ်သည်။

ထိုစာရင်းများအရ စာရင်းကောက်ယူခဲ့သော ကာလအတွင်း မွေးမြူထားသော တိရစ္ဆာန်ကောင်ရေများမှာ ခိုင်းနွားကောင်ရေ ၉ ဒသမ ၅ သန်း ၊ နို့စားနွား ၀ ဒသမ ၁၁ သန်း၊ ကျွဲကောင်ရေ ၁ ဒသမ ၈ သန်း၊ သိုး၊ ဆိတ်ကောင်ရေ ၂ ဒသမ ၁ သန်း၊ ဝက်ကောင်ရေ ၅ ဒသမ ၈ သန်း၊ ကြက်ကောင်ရေ သန်း ၇၀ ၊ ဘဲ၊ ကြက်ဆင်၊ ဘဲငန်း၊ မန်ဒါလီ ၈ ဒသမ ၉ သန်းနှင့် ခွေးကောင်ရေ ၃ ဒသမ ၈ သန်းရှိကြောင်း သိရသည်။

**မူဝါဒများချမှတ်အကောင်အထည်ဖော်**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အနေဖြင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းကို အခြေခံ၍ အာဟာရပြည့်ဝ၍ ကျန်းမာရေးနှင့် ညီညွတ်သော အသား၊ နို့၊ ဥ၊ နို့ထွက်ပစ္စည်းနှင့် အခြား မွေးမြူထုတ်လုပ်နိုင်မှုနှင့် စွမ်းအားများ တွက်ချက်ခြင်း၊ မူဝါဒများချမှတ်အကောင်အထည်ဖော်ခြင်းတို့ကို ဆက်စပ်ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၆၆ ကေဗွီ မိုးကောင်း-ဖားကန့်ဓာတ်အားလိုင်းမှ ဖားကန့်ဓာတ်အားခွဲရုံသို့ ဓာတ်အားစတင်ပို့လွှတ်
# ကချင်ပြည်နယ် ခရိုင်လေးခုအတွင်း မြို့ ၃၀ နှင့် ကျေးရွာပေါင်း ၁၃၁၄ ရွာ ဓာတ်အားများရရှိပြီ

နေပြည်တော် ဇန်နဝါရီ ၁၀

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် ၆၆ ကေဗွီ မိုးကောင်း-ဖားကန့် ဓာတ်အားလိုင်း (၅၅ ဒသမ ၀၃) မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဖားကန့်ဓာတ်အားခွဲရုံသို့ ဓာတ်အားစတင်ပို့လွှတ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက ကချင်ပြည်နယ် မိုးကောင်းမြို့ ဓာတ်အားခွဲရုံ၌ ကျင်းပသည်။** (အောက်ပုံ)




အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဖားကန့်သို့ဓာတ်အားပို့လွှတ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဖားကန့်မြို့သို့ နိုင်ငံတော်ဓာတ်အားစနစ် ရောက်ရှိရေးအတွက် ကချင်ပြည်နယ် မိုးကောင်းမြို့မှ ဖားကန့်မြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း (၅၅ ဒသမ ၀၃ မိုင်) တည်ဆောက်ခြင်းနှင့် ဖားကန့်တွင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြေပြန့်လွင်ပြင်နည်းပါးပြီး ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၃၀၀၀ ခန့် မြင့်သည့် တောင်ကုန်းတောင်တန်းများ၊ နက်ရှိုင်းသော ချောက်၊ လျှိုများကို ဖြတ်သန်းတည်ဆောက်ရခြင်းကြောင့် လည်းကောင်း၊ ဥရုချောင်းအား ဖြတ်ကျော်သွယ်တန်းရာတွင် ကွန်ကရစ်တိုင်များအစား Lattice Power များ အသုံးပြုဆောင်ရွက်ရခြင်းကြောင့် လည်းကောင်း စသည့်အခက်အခဲများကြောင့် ၂၀၁၈ ဇွန်လတွင် ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး (၁၆-၉-၂၀၁၈)ရက်နေ့တွင် မိုးကောင်းဓာတ်အားခွဲရုံမှ ဓာတ်အားကို ၆၆ကေဗွီ မိုးကောင်း-ဖားကန့် ဓာတ်အားလိုင်းမှတစ်ဆင့် ဖားကန့်ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပါကြောင်း။

ယခင်က ဓာတ်အားပေးစက်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေသော ဖားကန့်မြို့ပေါ်ရပ်ကွက်ငါးခု အိမ်ထောင်စုပေါင်း ၄၅၀၉ စုနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၂၂ ရွာ အိမ်ထောင်စုပေါင်း ၁၃၄၆၄ စုကို ဖားကန့်ဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းလုပ်ငန်းအတွက် နိုင်ငံတော်မှ ပြည်တွင်းငွေကျပ် ၇ ဒသမ ၈ ဘီလီယံခန့် ကျခံသုံးစွဲဆောင်ရွက်ခဲ့ရပြီး သဘာဝသယံဇာတ၊ သဘာဝအမွေအနှစ်များ ပေါများကြွယ်ဝသည့် ကချင်ပြည်နယ် ဖားကန့်ဒေသသည် လျှပ်စစ်မီးတထိန်ထိန်ဖြင့် စက်မှုလုပ်ငန်းများ ယခင်ကထက် ပိုမိုထွန်းကားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

**ကျေးရွာ ၆၉ ရွာ**
**အကောင်အထည်ဖော်မည်**

ကချင်ပြည်နယ်တွင် ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ၁၃ မဂ္ဂါဝပ်ခန့်သာ သုံးစွဲနိုင်ခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၄၃ မဂ္ဂါဝပ်အထိ တိုးတက်သုံးစွဲလာနိုင်ခဲ့ပါကြောင်း၊ လက်ရှိ ကချင်ပြည်နယ်ခရိုင် လေးခုအတွင်းတွင်ရှိသည့် မြို့ ၃၀ မှာ လျှပ်စစ်ဓာတ်အားများ ရရှိနေပြီး ကျေးရွာပေါင်း ၂၃၁၄ ရွာရှိသည့်အနက် ကျေးရွာပေါင်း ၁၃၁၄ ရွာသည် လျှပ်စစ်ဓာတ်အားများ ရရှိသုံးစွဲနေကြပြီဖြစ်ပါကြောင်း၊ ထို့အပြင် ကချင်ပြည်နယ်အတွင်း အိမ်ထောင်စုအရေအတွက် စုစုပေါင်း ၂၆၉၃၆၅ စုရှိရာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအထိ အိမ်ထောင်စု ၁၄၄၁၂၂ စုကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သည့်အတွက် Electrification Ratio ၅၃ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ကျေးရွာများအနက် ကျေးရွာပေါင်း ၆၉ ရွာအား ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ အားလုံးက ပြည်သူများလျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးကို အထူးအလေးထားပြီး တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိ နိုင်ငံတော်ဓာတ်အားစနစ်တွင် အမြင့်ဆုံးဓာတ်အားသုံးစွဲမှုမှာ ၃၄၈၃ မဂ္ဂါဝပ်ရှိပြီး ရေအားစက်ရုံ ၂၈ ရုံမှ ၂၄၀၀ မဂ္ဂါဝပ်နှင့် အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ၁၆ ရုံမှ ၁၀၈၃ မဂ္ဂါဝပ်ခန့် ထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ လက်ရှိအနေအထားအရ မြန်မာနိုင်ငံတွင် နှစ်စဉ်ဓာတ်အားတိုးတက်သုံးစွဲမှုမှာ ၁၅ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းအထိ တိုးတက်သုံးစွဲလာသည့်အတွက် နှစ်အလိုက် ဓာတ်အားလိုအပ်ချက်မှာ ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် ၄၅၃၁ မဂ္ဂါဝပ်ခန့် တိုးတက်သုံးစွဲလာမည်ဟု ခန့်မှန်းရသည့်အတွက် စုစုပေါင်း ၂၇၅၇ မဂ္ဂါဝပ်ကို ထပ်မံတိုးတက်ထုတ်လုပ်ပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါဓာတ်အားထုတ်လုပ်မှုများမှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတို့အပြင် ၂၀၂၀ ပြည့်နှစ်တွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ကျဆင်းလာမည်ဖြစ်သည့်အတွက် LNG ဓာတ်ငွေ့သုံးစက်ရုံများဖြင့် စုစုပေါင်း ၃၀၀၀ မဂ္ဂါဝပ်ခန့်ကိုလည်း တည်ဆောက်၍ ဓာတ်အားတိုးတက်ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်မှ ဘဏ္ဍာငွေအမြောက်အမြား အကုန်ကျခံဆောင်ရွက်ပေးခဲ့သည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အထူးဂရုပြုဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံမိဘပြည်သူများကလည်း ဝိုင်းဝန်းကူညီစောင့်ရှောက် ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်က ၆၆ ကေဗွီ မိုးကောင်း - ဖားကန့် ဓာတ်အားလိုင်း ၅၅ ဒသမ ၀၃ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဖားကန့်ဓာတ်အားခွဲရုံသို့ ဓာတ်အားစတင်ပို့လွှတ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မိုးကောင်းမြို့နယ် ဒေသခံပြည်သူ ဦးခမ်းဂေါ်နှင့် ဖားကန့်မြို့နယ် ဒေသခံပြည်သူ ဒေါ်မရမ်နမ်ဘောက်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဖားကန့်ဓာတ်အားခွဲရုံသို့ စက်ခလုတ်နှိပ်၍ ဓာတ်အားစတင်ဖြန့်ဖြူးပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနေမည်။

**မိုး/ဇလ**

# မန္တလေး ရတနာမောလ် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့်လက်ဝတ်ရတနာ အချောထည်ပြပွဲသို့ ရတနာကုန်သည် တစ်သောင်းခန့် ဖိတ်ကြားထား

မန္တလေး ဇန်နဝါရီ ၁၀

**မန္တလေးမြို့တွင် ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ပထမအကြိမ်အဖြစ် ကျင်းပမည့် မန္တလေးရတနာမောလ်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အချောထည်ပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည် တစ်သောင်းခန့် ဖိတ်ကြားထားကြောင်း ရတနာမောလ်ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးသိန်းဝင်းက ဇန်နဝါရီ ၁၀ ရက်တွင်ပြုလုပ်သည့် ပြပွဲဆိုင်ရာသတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။**

“နိုင်ငံတကာက ကျောက်မျက်ရတနာ ကုန်သည်တွေကို နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားချက်နဲ့အညီ စီးပွားကူးသန်းဝန်ကြီးဌာနရဲ့ အကူအညီနဲ့ မိတ်ဖက်သံရုံးတွေကနေတစ်ဆင့် ဖိတ်ကြားထားပါတယ်။ ဒါ့အပြင် နိုင်ငံတော်အပိုင်းကလည်း တိုက်ရိုက်ဖိတ်ကြားပေးမှုတွေရှိသလို ကျွန်တော်တို့အပိုင်းကလည်း လွန်ခဲ့တဲ့သုံးလကတည်းက နိုင်ငံတကာ ပြပွဲတွေဆီကို သွားရောက်ပြီး ကုန်သည်တွေလက်ထဲအရောက် ဖိတ်စာတွေ ပေးပြီး ဖိတ်ကြားခဲ့ပါတယ်။ လက်ရှိဖိတ်ကြားထားတဲ့ စာရင်းအရတော့ ပြည်တွင်း၊ ပြည်ပကုန်သည်ပေါင်း တစ်သောင်းနီးပါး ဖိတ်ကြားထားပြီး ဖြစ်ပါတယ် ” ဟု ၎င်းက ပြောသည်။

အဆိုပါပြပွဲတွင် ထူးခြားချက်အနေဖြင့် ကျောက်စိမ်းနှင့် လက်ဝတ်ရတနာ အချောထည်များအား one stop service ဖြင့် ရောင်းချခွင့်ကို နိုင်ငံတော်အစိုးရမှ ခွင့်ပြုပေးခဲ့ရာ အဆိုပါ ခွင့်ပြုချက်ကြောင့် ရောင်းချသူများက တရားဝင်ဝင်ငွေများ ရရှိမည့် အခွင့်အရေးများအပြင် နိုင်ငံတော်အစိုးရကလည်း အခွန်ငွေများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

“နောက်ထူးခြားတာကတော့ ဒီပြပွဲမှာ ကျောက်စိမ်းပန်းပု၊ ကျောက်မျက်ပန်းချီနဲ့ အချောထည်လက်ဝတ်ရတနာတွေကို မြန်မာ့လက်မှုပညာစစ်စစ်နဲ့ ဒီဇိုင်းပုံစံအမျိုးမျိုး ထုဆစ်ပြီး ယှဉ်ပြိုင်ရမယ့် ပြိုင်ပွဲအစီအစဉ်တွေလည်း ထည့်သွင်းတဲ့အပြင် ကျောက်မျက်ပညာရှင်တွေရဲ့ ဟောပြောမှုတွေလည်း ပါဝင်ပါတယ်။ ပြပွဲ အပြင်အဆင်ကိုလည်း ယဉ်ကျေးမှုမြို့တော်နဲ့အညီ ဖြစ်အောင် ထူးခြားတဲ့ မြန်မာမှုဒီဇိုင်းလက်ရာတွေနဲ့ ပြင်ဆင်ခင်းကျင်းထားမှာဖြစ်တဲ့အတွက် လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ် ” ဟု ရတနာမောလ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒေါ်မြတ်မြတ်ခိုင်က ပြောသည်။


မန္တလေး ရတနာမောလ်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာအချောထည်ပြပွဲကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနှင့် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းခြောက်သင်းတို့၏ အဓိကကူညီပံ့ပိုးမှုများ၊ ရတနာမောလ် ကျောက်မျက်ရတနာ ဈေးသူ၊ ဈေးသားများ၏ ထောက်ပံ့ကူညီမှုများဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အပြည်ပြည်ဆိုင်ရာကျောက်မျက်နှင့် လက်ဝတ်ရတနာအချောထည်ပြပွဲကျင်းပမည့်နေရာ၌ ဆိုင်ခန်းများခင်းကျင်းထားမှုကို တွေ့ရစဉ်။

အဆိုပါပြပွဲကြီးကို ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံ စူပါစင်တာ ဒုတိယအလွှာရှိ Mandalay Yatanar Mall နိုင်ငံတကာကျောက်မျက်ရတနာဈေးကြီးတွင် ကျောက်မျက်အရောင်းဆိုင် ပြခန်းပေါင်း ၄၀၀ ခန့် ပါဝင်ပြသကျင်းပမည့်အပြင် ဖျော်ဖြေရေးအစီအစဉ်များပါဝင်ပြီး ပြပွဲလာပြည်သူများအတွက် ရတနာမောလ် အမှတ်တံဆိပ်ပါ ဒင်္ဂါးပြား ၁၅ ပြားကို ကံစမ်းမဲဖောက်၍ လက်ဆောင်ပေးမည့် အစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)၊ဓာတ်ပုံ - အောင်ဖြိုးကျော်**




## အပြည်ပြည်ဆိုင်ရာလေဆိပ် / ရေဆိပ်များနှင့် နယ်စပ်ဝင် / ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ | | | ၂၀၁၈ခုနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | ဧပြီ | ၃၄၃၆၇ | ၁၉၆၀၅ | ၅၃၉၇၂ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ |
| ၂ | မေ | ၂၈၄၄၆ | ၂၀၅၁၈ | ၄၈၉၆၄ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ |
| ၃ | ဇွန် | ၂၆၅၆၅ | ၁၈၀၃၄ | ၄၄၅၉၉ | ၂၈၈၄၄ | ၁၈၆၃၆ | ၄၇၄၈၀ |
| ၄ | ဇူလိုင် | ၃၃၄၉၈ | ၂၀၆၃၄ | ၅၄၁၃၂ | ၃၀၄၉၆ | ၂၀၆၇၃ | ၅၁၁၆၉ |
| ၅ | ဩဂုတ် | ၃၄၆၀၄ | ၁၈၉၂၂ | ၅၃၅၂၆ | ၃၂၀၆၈ | ၁၉၈၀၇ | ၅၁၈၇၅ |
| ၆ | စက်တင်ဘာ | ၃၀၆၉၃ | ၁၉၂၈၃ | ၄၉၉၇၆ | ၃၀၇၆၈ | ၂၁၄၅၁ | ၅၂၂၁၉ |
| ၇ | အောက်တိုဘာ | ၄၆၆၉၃ | ၂၁၂၅၃ | ၆၇၉၄၆ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ |
| ၈ | နိုဝင်ဘာ | ၆၃၅၂၉ | ၂၁၈၂၈ | ၈၅၃၅၇ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ |
| ၉ | ဒီဇင်ဘာ | ၆၃၅၂၂ | ၁၉၆၁၉ | ၈၃၁၄၁ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ |
| | စုစုပေါင်း | ၃၆၁၉၁၇ | ၁၇၉၆၉၆ | ၅၄၁၆၁၃ | ၃၉၅၀၈၉ | ၁၈၄၄၀၉ | ၅၇၉၄၉၈ |

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင် / ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင် / ထွက်ပေါက်များ | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ | | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ် / ရေဆိပ် | ၄၈၁၄၅ | ၁၅၈၆၂ | ၆၀၆၄၃ | ၁၄၆၁၃ | |
| ၂ | မန္တလေးလေဆိပ် | ၉၀၅၈ | ၂၈၉၀ | ၁၃၇၁၀ | ၃၆၆၉ | |
| ၃ | နေပြည်တော်လေဆိပ် | ၁၃၄၆ | ၂၂၉ | ၄၂၇ | ၃၂၃ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၄၇၁ | ၂၂၇ | ၄၆၆၈ | ၈၃ | |
| ၆ | မြဝတီ | ၁၂၇၈ | ၃၀၁ | ၁၆၀၆ | ၇၂၉ | |
| ၇ | ကော့သောင်း | ၃၀၉၀ | ၉၅ | ၈၇၄ | ၈၀ | |
| ၈ | ထီးခီး | ၁၃၄ | ၁၅ | ၁၀၂ | ၂၈ | |
| ၉ | တမူး | ၀ | ၀ | ၄၄၀ | ၁၃ | |
| ၁၀ | ရိခေါ်ဒါ | ၀ | ၀ | ၄ | ၀ | |
| | စုစုပေါင်း | ၆၃၅၂၂ | ၁၉၆၁၉ | ၈၂၄၇၄ | ၁၉၅၃၈ | |

# မြန်မာ-ဂျပန်ဂီတပွဲတော်နှင့် ဂျပန်ရုပ်ရှင်ပွဲတော်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

မဲခေါင်ဒေသနိုင်ငံများနှင့် ဂျပန်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုလေးနက်စေမည့် မဲခေါင်- ဂျပန်ချစ်ကြည်ရေးနှစ်နှင့် ဂျပန်ဖောင်ဒေးရှင်းဖွင့်လှစ်ခြင်း အထိမ်းအမှတ်အနေဖြင့် နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်ဂီတပညာရှင်တို့ ပူးပေါင်းဖျော်ဖြေတင်ဆက်မည့် မြန်မာ- ဂျပန်ဂီတပွဲတော်ကို နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၀ ရက်မွန်းလွဲ ၂ နာရီကရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် အခမ်းအနားမှ သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တေးဂီတဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးတိုးကျော်နှင့် ရန်ကုန်မြို့ ဂျပန်ဖောင်ဒေးရှင်း၏ ဒါရိုက်တာဖြစ်သူ Mr. Koji Sato၊ MNSO ၏ ဂီတရေးရာညွှန်ကြားရေးမှူး Mr. Yunosuke Yamamoto နှင့် MNSO ၏ဂီတအကြံပေးဖြစ်သူ Ms. Kyoko Koyama တို့က မြန်မာ- ဂျပန်ဂီတပွဲတော်နှင့်ပတ်သက်၍ ရှင်းလင်းပြော ကြားသည်။

မြန်မာ- ဂျပန် ဂီတပွဲတော်ကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ဇန်နဝါရီ ၁၈ ရက်၊ ဇန်နဝါရီ ၂၃ ရက်တွင်နေပြည်တော် MICC(2) ခန်းမနှင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတို့တွင် ညနေ ၆ နာရီမှစ၍ ဝင်ကြေးအခမဲ့ဖြင့် ဖျော်ဖြေသွားမည် ဖြစ်ရာ ဂီတပွဲတော်ကြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင် သံကြား နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတပညာရှင် ၆၀၊ နိုင်ငံတော်ဆိုင်းဝိုင်းမှ လေးဦး၊ ဂျပန်အနောက်တိုင်း ဂီတပညာရှင် ၁၅ ဦး၊ ဂျပန်ရိုးရာဂီတပညာရှင်လေးဦးနှင့် မြန်မာနိုင်ငံရှိ ဂီတမိတ်မြူးဇစ်စင်တာနှင့် အင်းစိန်ဂီတအဖွဲ့မှအဆိုရှင် ၄၅ ဦးတို့ဖြင့် စုစုပေါင်းဂီတပညာရှင် ၁၂၀ ကျော်တို့ ပူးပေါင်းတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ဂျပန်ဂီတပွဲတော် မှာယခုအခါ (၅)ကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ဂျပန်အစိုးရမှ မြန်မာနိုင်ငံတော် သံစုံတီးဝိုင်းအတွက် အမေရိကန်ဒေါ်လာ ကိုးသောင်းခန့်တန်ဖိုးရှိသော တူရိယာပစ္စည်း ၁၉ မျိုးကို လှူဒါန်းထားရာ အဆိုပါတူရိယာများဖြင့် မြန်မာ- ဂျပန်ဂီတပွဲတော်တွင် တီးခတ်သွားမည်ဖြစ်ပြီး ကျင်းပခဲ့ပြီးသောလေးနှစ်တာတွင် မပါဝင်ခဲ့သော ဂျပန်ရိုးရာဂီတပညာရှင်များလည်း ပါဝင်မည်ဖြစ်၍ မြန်မာနိုင်ငံရှိဂီတပညာရှင်များ၊ ဝါသနာရှင်များနှင့် ဂီတကိုနှစ်သက်သော ပြည်သူတို့ကို ဖိတ်ခေါ်လျက်ရှိသည်။

နိုင်ငံတကာယဉ်ကျေးမှု ဖလှယ်ရေးလုပ်ငန်းကို အဓိကထားလုပ်ဆောင်သော ဂျပန်ဖောင်ဒေးရှင်းသည် ကမ္ဘာတစ်ဝန်းတွင် ရုံးခွဲများဖွင့်လှစ်ထားရှိ၍ ၂၅ ခုမြောက်ရုံးခွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ် (၁) အမှတ်(၇၀)တွင် ဂျပန်ဖောင်ဒေးရှင်း ရန်ကုန်ဂျပန်ယဉ်ကျေးမှုစင်တာကို ဇန်နဝါရီ ၂၄ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ-ဂျပန်ဂီတပွဲတော်နှင့်အတူ ဂျပန်ရုပ်ရှင်ပွဲတော်ကိုလည်း ဇန်နဝါရီ ၂၅ ရက်နှင့် ဖေဖော်ဝါရီ ၃ ရက်တို့တွင် ရန်ကုန်မြို့ နေပြည်တော် ရုပ်ရှင်ရုံနှင့် JCGV Cinema Junction City တွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၈ ရက်နှင့် ၁၀ ရက်တွင်မန္တလေးမြို့ဝင်းလိုက်ရုပ်ရှင်ရုံတွင် လည်းကောင်း ဝင်ကြေးအခမဲ့ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

## ကာတွန်း



# မေးခွန်းပြောင်းလဲခြင်းမှာ ကျောင်းသူ ကျောင်းသားတွေဟာ လေ့လာကျက်မှတ်တဲ့အခါ အလွတ်ကျက်မှတ်တာမျိုးမဟုတ်ဘဲ အကြောင်းအရာတွေကို နားလည်လို့မှတ်သား ထားနိုင်တာမျိုး ပေါ်လွင်စေတဲ့အနေအထားမှာရှိပါတယ်

ဒေါက်တာ သီတာလေးသွယ်(သတ္တဗေဒဌာန ပါမောက္ခဌာနမှူး)

## ၂၀၁၉ ခုနှစ် မတ်လစာမေးပွဲတွင် စတင်အသုံးပြုမည့် တက္ကသိုလ်ဝင်တန်းမေးခွန်းပုံစံသစ်ဆိုင်ရာ ပညာရေးစကားဝိုင်းကျင်းပ

**၂၀၁၉ ခုနှစ် မတ်လစာမေးပွဲတွင် စတင်အသုံးပြုမည့် တက္ကသိုလ်ဝင်တန်း မေးခွန်းပုံစံသစ်ဆိုင်ရာ ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခချုပ်ဒေါက်တာဖိုးကောင်း၊ မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာ အောင်မြင့်ဦး၊ အင်္ဂလိပ်စာဌာန ပါမောက္ခဌာနမှူး ဒေါက်တာပိုးပိုး၊ သင်္ချာဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာချိုဝင်း၊ သတ္တဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာသီတာလေးသွယ်၊ ဓာတုဗေဒဌာန ပါမောက္ခ ဒေါက်တာနီနီသန်းနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာဖြူဖြူအိတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်-**




*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး။ ။ ရူပဗေဒဘာသာရပ်နဲ့ပတ်သက်ပြီးတော့ ပြုပြင်ပြောင်းလဲထားတဲ့ မေးခွန်းပုံစံလေးတွေ၊ ဘယ်အပိုင်းတွေမှာ ထူးထူးခြားခြား ပြောင်းလဲထားလဲဆိုတာ ပြောပြပေးစေလိုပါတယ်။**

**ဒေါက်တာဖိုးကောင်း။ ။** ရူပဗေဒကတော့ ရူပဗေဒ အသိပညာတွေကို အခြေခံပြီးဆက်စပ် တွေးတောအသုံးချရတဲ့ပုံနဲ့ မေးခွန်းပုံစံ ရှင်းလင်းသွားဖို့ နည်းနည်းပြုပြင်ပြောင်းလဲထားတာရှိပါတယ်။ ဥပမာအနေနဲ့ Section A နံပါတ် (၁)မှာ မှား/မှန်ရောထွေး အမှန်ရွေး Multiple choice မှာ ပြင်ထားတာလေးတွေ၊ နောက်တစ်ခါနံပါတ်(၂)မှာ Matching လိုက်ဖက် ညီတာရွေးရတဲ့ မေးခွန်းမျိုးတွေ၊ ဓမ္မဓိဋ္ဌာန် Objective Types တွေမှာ မေးခွန်းပုံစံလေးတွေ ပိုမိုရှင်းလင်းအောင် ပြုပြင်ပြောင်းလဲထားတာရှိပါတယ်။

**အစီအစဉ်မှူး။ ။ ဓာတုဗေဒ ဘာသာရပ်နဲ့ ပတ်သက်ပြီးတော့ ပြုပြင်ပြောင်းလဲထားတဲ့ မေးခွန်းပုံစံလေးတွေ၊ ဘယ်အပိုင်းတွေမှာ ထူးထူးခြားခြား ပြောင်းလဲထားပါသလဲ။**

**ဒေါက်တာနီနီသန်း။ ။** ဓာတုဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံသစ်နဲ့ ပတ်သက်ပြီး ရှင်းပြရမယ်ဆိုရင် ပြောင်းလဲမှုများစွာ မရှိပါဘူး။ မေးခွန်းပုံစံသစ်မှာလည်း ယခင်လိုပဲ အပိုင်း (က)(Section A)နဲ့ အပိုင်း(ခ) (Section B) ဆိုပြီး နှစ်ပိုင်းပါဝင်မှာ ဖြစ်ပါတယ်။

Section A မှာတော့နံပါတ်(၁)ကနေ(၄) အထိကို Matching, True or False, Fill in the blanks, Multiple choice လေးမျိုးကို ပုဒ်ခွဲ ခုနစ်ပုဒ်စီ မေးပြီးတော့ အပုဒ်အားလုံး ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၅)မှာ တစ်မှတ်တန် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရှင်းလင်းချက်၊ အဆိုပြုချက်မေးခွန်းခွဲ ရှစ်ပုဒ်မေးထားတဲ့အတွက် Section A မှာ စုစုပေါင်း(၃၆)မှတ်ဖိုးဖြေဆိုရပါမယ်။ ဒါကြောင့် အပိုင်း (က) Section A အတွက်မေးခွန်းဟောင်းနှင့် မေးခွန်းသစ်ပြောင်းလဲခြင်း မရှိပါဘူး။

အပိုင်း(ခ) Section B မှာတော့ နံပါတ်(၆) မှာ မေးခွန်းတို နှစ်မှတ်တန်မေးခွန်းခွဲခြောက်ပုဒ်မေးမှာဖြစ်ပြီး အားလုံးဖြေဆိုရမှာ ဖြစ်ပါတယ်။ ရွေးချယ်ခွင့် မရှိပါဘူး။ မေးခွန်းနံပါတ်(၇)မှာတော့ အလယ်အလတ်မေးခွန်းဖြစ်တဲ့ လေးမှတ်တန် မေးခွန်းခွဲရှစ်ပုဒ်ထဲက နှစ်သက်ရာ ငါးပုဒ်ဖြေရမှာဖြစ်ပါတယ်။ ပြောင်းလဲခြင်း မရှိပါဘူး။ Section B ရဲ့မေးခွန်း နံပါတ်(၈)ကတော့ အရင်တုန်းက ပေးထားတဲ့ ပုံစံနဲ့ပြောင်းလဲပါတယ်။ ရွေးချယ်စရာ လျော့သွားတဲ့ သဘောဖြစ်ပါတယ်။ ပေးထားတဲ့ အပုဒ်ရေ ခြောက်ပုဒ်ထဲက နှစ်သက်ရာ လေးပုဒ် ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ ပေးထားတဲ့ (၉၂) မှတ်ဖိုးထဲကနေ (၆၄)မှတ်ဖိုးဖြေဆိုရမှာ ဖြစ်ပါတယ်။ Section B မှာတော့ နံပါတ်(၆)နဲ့ (၇) က ပြောင်းလဲခြင်းမရှိသော်လည်းဘဲ နံပါတ်(၈) မှာတော့ ရွေးချယ်စရာ လျော့နည်းသွားမှာဖြစ်ပါတယ်။ ကျောင်းသူ ကျောင်းသားတွေအနေနဲ့ သင်ခန်းစာတွေကို သေသေချာချာ နားလည်အောင် လေ့လာပြီးတော့ ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ထားဖို့ လိုအပ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဇီဝဗေဒမေးခွန်းကိုကျောင်းသားကျောင်းသူတွေ အဆင်ပြေပြေ ဖြေဆိုနိုင်ဖို့အတွက် ဘယ်လိုမျိုးပြင်ဆင်လေ့လာထားသင့်သလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာသီတာလေးသွယ်။ ။** အရင်ဆုံး မေးခွန်း အမှတ်စဉ် အနေနဲ့ပြောရရင် အရင်မေးခွန်းမှာတုန်းက မေးခွန်း အမှတ်စဉ်(၅)ခု ရှိပါတယ်။ အခုတော့ မေးခွန်း အမှတ်စဉ်(၆) အထိ ဖြစ်သွားပါတယ်။

ဖြစ်သွားတဲ့အကြောင်းအရင်းက မေးခွန်း အမှတ်စဉ်(၁) ကတော့ မူလမေးခွန်းနဲ့ မကွာခြားတဲ့ မှား/မှန်ရွေး True or False မေးခွန်းဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၂)က ဒီနှစ်မှ ပြောင်းလဲထည့်သွင်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။ Statement တစ်ခုမှာ ပေးထားတဲ့အဖြေမှန်ကို ကွက်လပ်ဖြည့်ရမှာပါ။ ဒါပေမယ့် ကွက်လပ်ဖြည့်တဲ့နေရာမှာ အောက်ဘက်မှာ ရွေးချယ်စရာလေးတွေကို ပေးထားပါတယ်။ ပေးထားတဲ့ ရွေးချယ်စရာတွေကနေ အဆီလျော်ဆုံး အဖြေမှန်ကို စဉ်းစားပြီးတော့ ရွေးပေးရမှာပါ။ အဲဒီမေးခွန်းကတော့ စာပေလေ့လာကျက်မှတ်တဲ့နေရာမှာ အလွတ်ကျက်မှတ်တာ မဟုတ်ဘဲနဲ့ ကိုယ်ဟာဘယ်လောက် အဓိပ္ပာယ်ကိုနားလည်ပြီး ကျက်မှတ်ထားသလဲ။ ကျက်မှတ်လေ့လာနည်းအပေါ်မှာ သူတို့ရဲ့အရည်အသွေးကို ပေါ်လွင်စေတဲ့ မေးခွန်းတစ်မျိုးဖြစ်ပါတယ်။

မေးခွန်းအမှတ်စဉ်(၃)ကတော့ အရင်မေးခွန်းမှာပါတဲ့ ကွက်လပ်ဖြည့်ပါ။ Statement တစ်ခုမှာ ရှိနေတဲ့ ကွက်လပ်ကို ဒီ Statement ပြီးပြည့်စုံသွားအောင် လေ့လာထားတဲ့အထဲက အဖြေမှန်ကို ထည့်ပြီးဖြေဆိုပေးရမှာ ဖြစ်ပါတယ်။ အရေးကြီးတာက စာလုံးပေါင်းမှန်မှန်ကန်ကန် ဖြည့်စွက်ဖြေဆိုဖို့ လိုပါတယ်။

### ပေးမှတ်က ပြောင်းလဲထား

အမှတ်စဉ်(၄)ကတော့ အရင်မေးခွန်းနဲ့ တူပါတယ်။ ပေးမှတ် တစ်ပုဒ် ကို (၂)မှတ်စီနဲ့မေးထားတာပါ။ Short Notes လေးတွေ ဖြေရမှာဖြစ်ပါတယ်။

မေးခွန်းအမှတ်စဉ်(၅)ကတော့ အရင်တုန်းကလိုပဲ Notesကိုရေးပြီးတော့ ဖြေရတဲ့မေးခွန်းမျိုးပါ။ ဒါပေမယ့် ပေးမှတ်က ပြောင်းလဲထားပါတယ်။ အရင်ကပေးမှတ်(၄)မှတ်ကနေ အခု(၅)မှတ်ဖြစ်သွားပါတယ်။ ကျောင်းသူ ကျောင်းသားတွေက အဲဒီပေးမှတ်နဲ့ လျော်ညီအောင် ဖြေဖို့လိုပါတယ်။ မေးတဲ့မေးခွန်းရဲ့ အသွားအလာကိုကြည့်ပြီး မေးခွန်းကိုနားလည်ရမယ်။ မေးခွန်းက မေးထားတဲ့အတိုင်း၊ မေးခွန်းကလိုချင်တဲ့ ရှုထောင့်အတိုင်း ဖြေဆိုနိုင်ဖို့ လိုတယ်။

မေးခွန်းအမှတ်စဉ် (၆)ကတော့ Essay Type ဖြေဆိုရတာပါ။ ဒီမေးခွန်းမှာ အရင်မေးခွန်းတုန်းက ပေးမှတ်(၈)မှတ်ပါ။ အခု မေးခွန်းမှာတော့ ပေးမှတ်(၁၀)မှတ် တိုးမြှင့်ထားပါတယ်။ အဲဒီလို (၁၀)မှတ် တိုးမြှင့်ထားတဲ့အတွက် ပေးမှတ်နဲ့ လျော်ညီတဲ့အဖြေကို ဖြေဆိုရမှာပါ။ မေးထားတဲ့ မေးခွန်းရဲ့ လိုချင်တဲ့ရှုထောင့်ကို ထိမိအောင် ဖြေဆိုဖို့ လိုပါတယ်။

### မေးခွန်းပြုပြင်ပြောင်းလဲမှုဖြစ်

ခြုံပြီးပြောရရင် မေးခွန်းပြောင်းလဲခြင်းမှာ ကျောင်းသူ၊ ကျောင်းသားတွေဟာ လေ့လာကျက်မှတ်တဲ့အခါ အလွတ်ကျက်မှတ်တာမျိုး မဟုတ်ဘဲ အကြောင်းအရာတွေကို နားလည်လို့ မှတ်သားထားနိုင်တာမျိုး ပေါ်လွင်စေတဲ့အနေအထားမှာ ရှိပါတယ်။ ကျောင်းသူ ကျောင်းသားတွေအတွက် ဆက်လက်ပြီး ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးတဲ့အခါ ဒီလိုလေ့လာ ကျက်မှတ်နည်းလေးတွေက အသုံးဝင်တာကြောင့် ဒီလိုမေးခွန်းလေးတွေကို ဖြေဆိုရခြင်းအားဖြင့် အရည်အသွေးတိုးတက်ပေါ်လွင်စေမယ့် မေးခွန်းပြုပြင်ပြောင်းလဲမှုဖြစ်တယ်လို့ ပြောချင်ပါတယ်။

ရှေ့ကမေးခွန်း အမှတ်စဉ် (၁)(၂)(၃)ကို ဖြေဆိုတဲ့အခါမှာ မေးခွန်း အပုဒ်လေးတွေ တစ်ပုဒ်ချင်းစီမှာရေးတဲ့ အမှတ်စဉ်လေးတွေဟာ ရောမဂဏန်းနဲ့ ရေးရတာဖြစ်တဲ့အတွက် တစ်နေရာမှာ မှားသွားရင် နောက်ဆက်တိုက် ရောမဂဏန်းတွေက လွဲသွားနိုင်တဲ့အတွက် အဖြေဘယ်လိုပဲ မှန်မှန် ဒီဘက်ကအမှတ်စဉ်နဲ့ ဟိုဘက်က အဖြေနဲ့ အလွဲအချော်ဖြစ်သွားရင် အဖြေမှန်သော်ငြားလည်း ရမှတ်မရနိုင်ပါဘူး။ သတိထားပြီး သေသေချာချာ ရေးသားဖြေဆိုဖို့ မှာကြားချင်ပါတယ်။

**အစီအစဉ်မှူး။ ။ ပြောင်းလဲလိုက်တဲ့ မေးခွန်းပုံစံသစ်အပေါ်မှာ ကျောင်းသားကျောင်းသူတွေ အဆင်ပြေပြေနဲ့ ဖြေဆိုနိုင်ဖို့အတွက် ဘယ်လိုပြင်ဆင်လေ့လာ ထားသင့်တယ်ဆိုတာ အကြံပေးချက်လေး ပြောပြပေးပါဦး။**

**ဒေါက်တာသီတာလေးသွယ်။ ။** အကြံပြုချင်တာက ကျောင်းသူ ကျောင်းသားတွေ အရင်ဆုံးသင်ခန်းစာကို စပြီး လေ့လာတဲ့အချိန်မှာ အဓိပ္ပာယ်ကို သေချာ နားလည်အောင် လုပ်သင့်ပါတယ်။ ပြီးတော့မှ အဓိပ္ပာယ်နားလည်ပြီဆိုရင် သူ့ရဲ့ဆက်စပ်ပုံ ဆက်စပ်နည်း၊ အကျိုးအကြောင်းဆက်စပ်မှုလေးကို သိရှိအောင်လုပ်သင့်ပါတယ်။ ဒါမှ ကျက်မှတ်တဲ့အခါမှာ အကျိုးအကြောင်းဆက်စပ်နားလည်ပြီး မမေ့တော့မှာ ဖြစ်ပါတယ်။ အလွတ်ကျက်မှတ်ခြင်းအားဖြင့် မေ့လျော့သွားနိုင်ပြီး နည်းနည်းပဲ ကျက်မှတ်နိုင်မှာ ဖြစ်ပါတယ်။ အဓိပ္ပာယ်ကို နားလည်အောင် အရင်ဆုံး ဆောင်ရွက်ပြီးမှ ကျက်မှတ်လေ့လာပါလို့ အကြံပြုချင်ပါတယ်။ ပုံတွေကိုလည်းပဲ သေသေချာချာ ကောင်းမွန်စွာဆွဲနိုင်အောင်၊ ပုံတွေရဲ့ အညွှန်းနဲ့ ခေါင်းစဉ်တွေကိုလည်း သေသေချာချာ အဓိပ္ပာယ်နဲ့တကွ နားလည်အောင် တွေးတောကြံဆပြီး ကျက်မှတ်စေချင်ပါတယ်။ ဇယားပုံစံများနဲ့ equation များကို ကျက်မှတ်တဲ့အခါ အကြမ်းရေးမှတ်ပြီး Notes ထုတ်ကျက်မယ်ဆိုရင် ပိုပြီးမှတ်သားနိုင်မှာဖြစ်ပါတယ်။ ဒါမှ စာမေးပွဲဖြေဆိုတဲ့အခါ ကျက်မှတ်ထားတာတွေကို စိတ်ထဲမှာစွဲမြဲပြီး မှန်ကန်တဲ့ အဖြေကို ဖြေဆိုနိုင်မယ်လို့ ယူဆတဲ့အတွက် ကျက်မှတ်တဲ့နေရာမှာ စနစ်တကျ ကျက်မှတ်ဖို့ အကြံပေးချင်ပါတယ်။

**အစီအစဉ်မှူး။ ။ ဘောဂဗေဒ ဘာသာရပ်နဲ့ ပတ်သက်ပြီး ဘာကြောင့် မေးခွန်းပုံစံပြောင်းလဲရတယ်၊ ဘယ်လိုပြောင်းလဲထားတယ်ဆိုတာကိုလည်း ရှင်းပြပေးပါဦး။**

**ဒေါက်တာဖြူဖြူအိ။ ။** ဘောဂဗေဒဘာသာရပ်ကတော့ အရင်မေးခွန်းမှာကတည်းက အလွတ်ကျက်တာ(၆၀)ရာခိုင်နှုန်းနဲ့ စဉ်းစားတွေးခေါ်ပြီး ဖြေရတဲ့မေးခွန်းက (၄၀) ရာခိုင်နှုန်းပါပြီးသားပါ။ ဒါပေမယ့် မေးခွန်းရဲ့ အားနည်းချက်ကပေးတဲ့ မေးခွန်းပုဒ်ရေများနေတာပါ။ အဲဒါကြောင့် မေးခွန်းပြင်ဆင်မှုက ပုဒ်ရေလျော့တာပဲရှိပါတယ်။

အရင်မေးခွန်းက အပိုင်းနှစ်ပိုင်း ခွဲထားပါတယ်။ အပိုင်း(က)က နှစ်ပုဒ်ပါပြီး အဲဒီနှစ်ပုဒ်ကို အားလုံးဖြေဆိုခိုင်းပါတယ်။ အပိုင်း(ခ)က လေးပုဒ်ပေးထားပြီး အဲဒီလေးပုဒ်မှာ ရွေးချယ်စရာ မေးခွန်းအများကြီးပေးထားပါတယ်။ အဲဒီလိုပေးထားတာဖြစ်တဲ့အတွက် ကျောင်းသူ ကျောင်းသားတွေက ကျက်ရတဲ့အပုဒ်တွေကိုပဲဖြေပြီး စဉ်းစားတွေးခေါ်ပြီး ဖြေရတဲ့ အပုဒ်မျိုးကို မဖြေဘဲနဲ့ထားလို့ရလာတယ်။ ဒါကြောင့် အလွတ်ပဲကျက်ကြပါတယ်။ အလွတ်ကျက်လို့ရတဲ့ အပုဒ်တွေကိုလည်း ပေးထားတာများနေတဲ့အတွက်ကြောင့် ပုဒ်ရေလျော့တာပဲရှိပါတယ်။

အဓိကအားဖြင့် ပေးထားတဲ့ ပြဋ္ဌာန်းစာအုပ်ကို အပြည့်အဝလေ့လာစေချင်တဲ့အတွက် ပြင်တာပါ။ ပြဋ္ဌာန်းစာအုပ်မှာ အခန်း(၆)ခန်းပါပါတယ်။ အရင်တုန်းက အဲဒီ(၆)ခန်းက (၃)ခန်းဖတ်ရင်ကို ဂုဏ်ထူးထွက်အောင် ဖြေနိုင်တဲ့အထိ အလွတ်ကျက်ပြီး အမှတ်ရနိုင်ပါတယ်။ အဲဒါကို ပြင်မှာဖြစ်ပါတယ်။ အဓိကအားဖြင့် ရည်ရွယ်တာက ပြဋ္ဌာန်းစာအုပ်ကို အပြည့်အဝ လေ့လာစေချင်တယ်။ စဉ်းစားဆင်ခြင်တတ်တဲ့ မေးခွန်းမျိုးကို ဖြေတတ်စေချင်တယ်။ အဲဒီရည်ရွယ်ချက်နဲ့ ပြင်ဆင်တာဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ မေးခွန်းပုံစံသစ်ကို စတင်ပြောင်းလဲမှာ ဖြစ်တဲ့အတွက် ကျောင်းသူ ကျောင်းသားတွေကို အခက်အခဲ ဝန်ထုပ်ဝန်ပိုး မဖြစ်စေဖို့ ဘယ်လိုစီစဉ် ဆောင်ရွက်နေတယ်ဆိုတာကို သိချင်ပါတယ်။**

**ဒေါက်တာအောင်မြင့်ဦး။ ။**မေးခွန်းပုံစံပြောင်းလဲတဲ့အခါမှာ ဘာသာရပ်အားလုံးရဲ့ မေးခွန်းပုံစံပြောင်းလဲခြင်းရဲ့ ဦးတည်ချက်က သင်ကြားသင်ယူမှု ထိရောက်စေဖို့၊ ကျောင်းသူ ကျောင်းသားတွေ လက်တွေ့ဘဝမှာ အသုံးချနိုင်ဖို့ ဘာသာရပ်ကို တကယ်နားလည်ပြီး နားလည်ထားတဲ့အတိုင်း ဖြေဆိုနိုင်ဖို့ဖြစ်ပါတယ်။ အလွတ်ကျက်တာကို လျှော့တယ်ဆိုကတည်းက ဝန်ထုပ်ဝန်ပိုးလျော့စေချင်တာပါ။ တစ်နှစ်ပတ်လုံး သင်လာတဲ့စာတွေအပေါ်မှာ စဉ်းစားတွေးခေါ်ပြီးတော့ ဖြေဆိုနိုင်ဖို့ အလွတ်ကျက်မှတ်တဲ့ ရာခိုင်နှုန်းကို လျှော့ချရတဲ့အတွက် ဝန်ထုပ်ဝန်ပိုး လျော့စေချင်တဲ့ ရည်ရွယ်ချက်ပါ။

*စာမျက်နှာ ၁၁ သို့*

**“ အကြံပြုချင်တာက ကျောင်းသူ ကျောင်းသားတွေ အရင်ဆုံး သင်ခန်းစာကို စပြီးလေ့လာတဲ့အချိန်မှာ အဓိပ္ပာယ်ကို သေချာ နားလည်အောင် လုပ်သင့်ပါတယ်။ ပြီးတော့မှ အဓိပ္ပာယ်နားလည်ပြီဆိုရင် သူ့ရဲ့ဆက်စပ်ပုံ ဆက်စပ်နည်း၊ အကျိုးအကြောင်းဆက်စပ်မှုလေးကိုသိရှိအောင် လုပ်သင့်ပါတယ်။ ဒါမှ ကျက်မှတ်တဲ့အခါမှာ အကျိုးအကြောင်းဆက်စပ်နားလည်ပြီး မမေ့တော့မှာဖြစ်ပါတယ်”**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ပခုက္ကူမြို့နယ် မြစ်ခြေမြို့ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်

**ပခုက္ကူ ဇန်နဝါရီ ၁၀**

ပခုက္ကူမြို့နယ်မှ မြို့သစ်တစ်ခုဖြစ်သည့် မြစ်ခြေမြို့၌ မြို့ဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက်က ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် မြစ်ခြေမြို့မုခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီးနောက် အခမ်းအနားကို မြစ်ခြေမြို့ ပြည်သူ့ခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်းတို့က မြို့ဖြစ်မြောက်ရေးကူညီဆောင်ရွက်ပေးသော ဌာနဆိုင်ရာများနှင့် မြို့လူထုအား ကျေးဇူးတင်စကား ပြောကြားခဲ့ကြပြီး မြစ်ခြေမြို့မှ မြို့မိမြို့ဖ ဦးစိန်ဝင်းနှင့် ဦးကျော်ကျော်နိုင်တို့က မြစ်ခြေမြို့အဖြစ် သတ်မှတ်နိုင်ရန် နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအား ကူညီ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူရကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပခုက္ကူမြို့နယ် ပေါက်တောကျေးရွာ ရွာတွင်းလမ်း၌ ခင်းကျင်းပြီးစီးသော ကွန်ကရစ်လမ်း ဖွင့်ပွဲသို့ တက်ရောက်အားပေးခဲ့သည်။ အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအရ ခင်းကျင်းခဲ့ခြင်းဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းမှ ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ်သိန်း ၇၀ တို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ကွန်ကရစ်လမ်းသည် အရှည်ပေ ၂၀၀၀၊ အကျယ် သုံးပေရှိကြောင်း သိရသည်။ **ကိုဇော် (ခာတု)**

# ကိုရီးယားနိုင်ငံမှ သင်ထောက်ကူပန်းချီများ ထောက်ပံ့

**ချောက် ဇန်နဝါရီ ၁၀**

ကိုရီးယားနိုင်ငံ Chonbuk National University ကျောင်းသား ကျောင်းသူများက ချောက်မြို့နယ် ကျောက်တန်းကျေးရွာမှ အခြေခံပညာ မူလတန်းလွန်ကျောင်းအတွက် သနပ်ခါးပင် ၂၅၀၀ နှင့် သင်ထောက်ကူပန်းချီကားများ ကူညီထောက်ပံ့မှုကို ဇန်နဝါရီ ပထမပတ်က ဆောင်ရွက်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနဲ့ ဘက်စုံပညာရေးဖွံ့ဖြိုးတိုးတက်စေဖို့ရည်ရွယ်ပြီး သနပ်ခါးပင်တွေနဲ့ ကျောင်းနံရံတွေမှာ သင်ထောက်ကူပန်းချီတွေ လာရောက် ရေးဆွဲခဲ့တာပါ" ဟု ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောသည်။ Chonbuk National University ကျောင်းသား ကျောင်းသူများသည် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သွားရောက်၍ မြို့နယ် ဦးစီးမှူးနှင့် တွေ့ဆုံကာ မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော အချက်အလက်များကို ဆွေးနွေးမေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

၂၀၁၈ ခုနှစ်အတွင်း Green Asia Network ကိုရီးယားနိုင်ငံ အခြေစိုက် K water အဖွဲ့ကလည်း ကျောက်တန်းကျေးရွာ၌ ကျောင်းဆောင်များ ပြုပြင်ပေးခြင်း၊ ကျောင်းဝင်းအတွင်း သနပ်ခါးပင်များ စိုက်ပျိုးပေးခြင်း၊ ရေစင်တည်ဆောက်ခြင်း၊ ရေပေးဝေရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ **ဇေယျာတု(မကွေး)**

# ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုနှစ်မှုကို ရွေးကောက်ပွဲခုံအဖွဲ့(၁)နှင့် ရွေးကောက်ပွဲခုံအဖွဲ့(၂) ဖြင့် စတင်ကြားနာစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် အောင်မြင်စွာကျင်းပပေးခဲ့ပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈၊ နည်းဥပဒေ ၈၇ အရ တင်သွင်းလာသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုနှစ်မှုကို ယနေ့ စတင်ကြားနာစစ်ဆေးကြောင်း သိရသည်။

ယင်းအမှုများကို ကြားနာစစ်ဆေးနိုင်ရန် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ (က) (၁)အရ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ(၂၁) ရက်စွဲပါ အမိန့်အမှတ်၊ ၂/၂၀၁၈ နှင့် ၃/၂၀၁၈ တို့ဖြင့် ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကျန်ကော်မရှင်အဖွဲ့ဝင်နှစ်ဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့(၁) နှင့် ရွေးကောက်ပွဲခုံအဖွဲ့(၂)တို့ကို ဖွဲ့စည်းခဲ့သည်။

ယနေ့တွင် ရွေးကောက်ပွဲခုံအဖွဲ့(၁)မှ ကန့်ကွက်လွှာအမှုအမှတ်(၁/၂၀၁၈)၊ လျှောက်ထားသူ ဦးသန်းထိုက်အောင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)နှင့် လျှောက်ထားခံရသူ ဦးနေမျိုးအောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) အမှုကိုလည်းကောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့(၂)မှ ကန့်ကွက်လွှာအမှုအမှတ် (၂/၂၀၁၈)၊ လျှောက်ထားသူ ဒေါ်နန်းထွေးမုံ (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်)နှင့် လျှောက်ထားခံရသူ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန်(ခ)ဦးကျော်စိန် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အမှုကိုလည်းကောင်း စတင်ကြားနာစစ်ဆေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ- ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ကျီးကျွန်းရဲကင်းစခန်းမှူး ရဲအုပ် ကြည်စိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေးရေယာဉ်အမှတ်(၀၀၄)ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)နယ်ခြားစောင့်တပ် Whykong ကင်းစခန်းမှူး Subedar Shaik Abdul Jalil ဦးဆောင်သည့် ၁၂ ဦးသည် စက်တပ်ရေယာဉ်နှစ်စင်း စုစုပေါင်းလေးစင်းတို့သည် ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ရေတွင်းပြင်ချောင်းဝအနီး နတ်မြစ်မြစ်လယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ်(၁၅)မှ သဲချောင်းချောင်းဝထိပ် ရေမိုင်အမှတ် (၁၈)ထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်းရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ် (၀၀၄)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**



# အုတ်ကျင်းဂုန်နီစက်ရုံနှင့် လျှော်ရွေး လျှော်ထုပ်စက်ရုံ ပိတ်သိမ်းခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ အုတ်ကျင်းဂုန်နီစက်ရုံနှင့် အုတ်ကျင်း လျှော်ရွေးလျှော်ထုပ်စက်ရုံ နှစ်ရုံအား လုပ်ငန်း အရှုံးပေါ်နေသည့်အတွက် စက်ရုံပိတ်သိမ်းသွားမည်ဖြစ်ပြီး အဆိုပါ မြေနေရာတွင် ဘက်စုံစီးပွားရေးလုပ်ငန်း ပြောင်းလဲလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ကျော်ထက်ကျော် ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစံထွန်းက ပြောသည်။

ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ စားသောက်ဆိုင်တွင် အုတ်ကျင်းဂုန်နီစက်ရုံနှင့် အုတ်ကျင်းလျှော်ရွေး လျှော်ထုပ်စက်ရုံ ဂုန်လျှော်လုပ်ငန်း ပိတ်သိမ်းခြင်းနှင့် ပတ်သက်၍ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကျော်ထက်ကျော် ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစံထွန်းက ယင်းသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။ **(ယာပုံ)**

ပိတ်သိမ်းမည့် အုတ်ကျင်းဂုန်နီစက်ရုံနှင့် အုတ်ကျင်းလျှော်ရွေး လျှော်ထုပ်စက်ရုံနှစ်ရုံကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ ကျော်ထက်ကျော်ကုမ္ပဏီလီမိတက်က ၂၀၁၂ ခုနှစ် ဧပြီလမှ စတင်ကာ နှစ်ရှည်စာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်ခဲ့ပြီး ကုန်ကြမ်းမလုံလောက်ခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ်မြင့်မားခြင်း၊ ဈေးကွက်မရှိခြင်းတို့ကြောင့် အရှုံးပေါ်နေသည့်အတွက် စက်ရုံနှစ်ရုံကို ပိတ်သိမ်းခြင်းဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

" ခြောက်နှစ်ကျော် ကာလမှာ လုပ်ငန်းလည်ပတ်ခဲ့တာ နှစ်နှစ်နဲ့ခုနစ်လပဲရှိတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလကစပြီး ကုန်ထုတ်လုပ်မှုရပ်နားခဲ့ပေမယ့် ဝန်ထမ်းတွေရဲ့ လုပ်ခလစာကို ဒီနေ့အချိန်အထိ ပေးခဲ့ပါတယ်"ဟု ကျော်ထက်ကျော် ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစံထွန်းက ပြောသည်။

စက်ရုံနှစ်ရုံကို ဝန်ကြီးဌာနမှ လွှဲပြောင်းရယူစဉ်က အလုပ်သမားဦးရေ ၁၀၀၀ ကျော်ရှိခဲ့ကြောင်း၊ အလုပ်သမား ၈၁၀ သည် ဌာနမှ လျော်ကြေးပင်စင်နှင့် လုပ်သက်ဆုငွေများရယူခဲ့ကာ ကုမ္ပဏီ ဝန်ထမ်းအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့ကြောင်း ကျော်ထက်ကျော် ကုမ္ပဏီလီမိတက်မှ သိရသည်။

ကုမ္ပဏီအနေဖြင့် အလုပ်ပိတ်သိမ်းမှုအတွက် ဝန်ထမ်းများ၏ အလုပ်ရပ်စဲမှု နစ်နာကြေးများကို အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ (၃-၇-၂၀၁၅) ပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)ပါ သတ်မှတ်ထားသည့် နစ်နာကြေးနှုန်းထားများအတိုင်း နို့တစ်ကြေးတစ်လစာ၊ လုပ်သက်ခွင့် ပြန်အမ်းငွေနှင့် ဇန်နဝါရီလအလုပ်တက်ရက် ရှစ်ရက်စာလုပ်ခတို့ကို တွက်ချက်၍ သက်ဆိုင်ရာဌာနများသို့ တင်ပြခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၉ ရက်က စတင် ထုတ်ပေးလျက်ရှိကြောင်း ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

လက်ရှိအချိန်တွင် စက်ရုံနှစ်ရုံကို ပိတ်သိမ်းခဲ့သော်လည်း စက်ရုံဝင်းအတွင်း နေထိုင်နေသည့် ဝန်ထမ်းမိသားစုများအား ချက်ချင်းဖယ်ရှားမှုမပြုဘဲ အနည်းဆုံးတစ်နှစ်၊ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ နှစ်နှစ် နေထိုင်ခွင့်ပြုသွားမည်ဖြစ်ပြီး လုပ်ငန်းအသစ် ပြန်လည်စတင်သည့်အချိန်တွင် လုပ်ငန်းပိတ်သိမ်းခြင်းကြောင့် အလုပ်ရပ်စဲသွားသော ဝန်ထမ်းများအတွင်းမှ အရည်အချင်းပြည့်မီသော ဝန်ထမ်းများကို ဦးစားပေး ရွေးချယ်ခန့်ထား ပေးသွားမည်ဟု ကျော်ထက်ကျော် ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစံထွန်းက ပြောသည်။

ဇန်နဝါရီ ၉ ရက်က အုတ်ကျင်းဂုန်နီစက်ရုံနှင့် အုတ်ကျင်းလျှော်ရွေး လျှော်ထုပ်စက်ရုံတို့မှ ဝန်ထမ်းများက သဘောတူညီမှုမရှိဘဲ စက်ရုံအလုပ်သမားအားလုံး အလုပ်ထုတ်ပယ်ခံရသည့်အတွက် ကန့်ကွက်သည့်အနေဖြင့် စက်ရုံရှေ့တွင် လာရောက်စုဝေးခဲ့ကြောင်း သိရသည်။

**မင်းသစ်(MNA)၊ ဓာတ်ပုံ-ဇော်မင်းလတ်**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လှိုင်းဘွဲမြို့တွင် ၀ ဒသမ ၃၁ လက်မ၊ ကွမ်းခြံကုန်းမြို့နှင့် ဖျာပုံမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီ၊ မိုင်းယန်းမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

အဓိကကတော့ ဒီရည်ရွယ်ချက်တွေကို ဦးတည်ထားတာပါ။

မေးခွန်းပုံစံပြောင်းမယ်ဆိုတဲ့ အခု ပညာသင်နှစ်(၂၀၁၈-၂၀၁၉) ပညာသင်နှစ် ကျောင်းစဖွင့်တဲ့အချိန်မှာ သတင်းစာတွေထဲမှာ မေးခွန်းပုံစံပြောင်းလဲတာနဲ့ ပတ်သက်ပြီး ဘာသာရပ်တိုင်း ဆောင်းပါးတွေ ဖော်ပြပေးခဲ့ပါတယ်။ အဲဒီလို ဖော်ပြတဲ့အခါမှာ နမူနာမေးခွန်းပုံစံတစ်စုံစီ ဖော်ပြထားပါတယ်။ နောက်တစ်ခါ နမူနာမေးခွန်းပုံစံနှစ်စုံစီ သတင်းစာထဲမှာထပ်ပြီး ဖော်ပြထားပါတယ်။ စုစုပေါင်းမေးခွန်းပုံစံသစ် နမူနာမေးခွန်းပုံစံ(၃)စုံစီ ဖော်ပြထားတာဖြစ်ပါတယ်။ အဲဒီသတင်းစာထဲက ဖော်ပြချက်တွေကို ပညာရေးဝန်ကြီး ဌာနရဲ့ Website မှာ တင်ထားပါတယ်။ အဲဒီနောက်မှာ မြန်မာ့ရုပ်မြင်သံကြားနဲ့ တွေ့ဆုံဆွေးနွေးခန်းတွေ ဘာသာရပ်အလိုက် ပြုလုပ်ပါတယ်။ ရေဒီယိုမှာလည်း ကျောင်းသင်ခန်းစာ ပို့ချချက်ဆိုပြီးတော့ ဘာသာရပ်အလိုက် မေးခွန်းတစ်ခု၊ မေးခွန်းအမျိုးအစားအလိုက် ပို့ချထုတ်လွှင့်ပါတယ်။ စာမေးပွဲနီးလာတဲ့အခါမှာလည်း ရုပ်မြင်သံကြားက ကျောင်းသင်ခန်းစာ ပို့ချချက်တွေထပ်ပြီးတော့ ထုတ်လွှင့်မှာ ဖြစ်ပါတယ်။

အဓိကကတော့ သင်ကြားတဲ့ ဆရာ ဆရာမတွေအနေနဲ့ ထုတ်လွှင့်ထားတဲ့ သတင်းဆောင်းပါးတွေ ပို့ချချက်တွေကို သေသေချာချာ လေ့လာနားထောင်ပြီး ကျောင်းသူ ကျောင်းသားတွေကို တကယ်တတ်အောင်၊ နားလည်သဘောပေါက်အောင် ကြိုးစားပြီး ဆောင်ရွက်မယ်ဆိုရင် ကျောင်းသူ ကျောင်းသားတွေအတွက် ဝန်ထုပ်ဝန်ပိုးလျော့သွားမှာ ဖြစ်ပါတယ်။ ပြောင်းလဲရတဲ့ ရည်ရွယ်ချက်ကလည်း အလွတ်ကျက်တာကို လျော့ဖို့ဖြစ်တဲ့အတွက် ကျောင်းသူ ကျောင်းသားတွေမှာ မြန်မာစာဆိုရင်လည်း စာစီစာကုံးကို တပင်တပန်းကျက်နေရပါတယ်။ အဲဒီလို ကျက်မှတ်မှုမျိုးကို လုံးဝရှောင်လို့ရတဲ့ မေးခွန်းမျိုး ပြောင်းလဲထားတဲ့အတွက် ပင်ပင်ပန်းပန်း ကျက်စရာမလိုဘဲ ဘာသာရပ်ပေါ်မှာ စိတ်ဝင်တစားနဲ့ လေ့လာထားတဲ့အတွက် စာမေးပွဲမှာ ဝန်ထုပ်ဝန်ပိုးနည်းပြီး ရည်မှန်းတဲ့အတိုင်း အောင်အောင်မြင်မြင်နဲ့ ဖြေဆိုနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ လိုအပ်တဲ့ အပိုင်းတွေကိုလည်း တတ်နိုင်သလောက် ဖြည့်ဆည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။ မေးခွန်းပုံစံသစ်ကို ပြောင်းလဲလိုက်တဲ့အတွက် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို သိပါရစေ။**

**ဒေါက်တာဖိုးကောင်း။** ။ မေးခွန်းပုံစံသစ်ကို ပြောင်းလဲ လိုက်တဲ့အတွက် ရရှိလာမယ့်အကျိုးကျေးဇူးတွေကတော့ ကျောင်းသူ ကျောင်းသားတွေ သင်ခန်းစာတွေကို အလွတ်နှုတ်တိုက်ရွတ်ဆို ကျက်မှတ်မှုတွေ လျော့ပါးလာမယ်။ သင်ခန်းစာတွေကို အမှန်တကယ် ဖတ်မှတ်ထားတဲ့ နားလည်နိုင်စွမ်းတွေကို စစ်ဆေးအကဲဖြတ်လာနိုင်မယ်။ သင်ခန်းစာတွေကို လက်တွေ့ဘဝမှာ ပြန်လည်အသုံးချတတ်လာမယ်။ ကိုယ်ပိုင်အယူအဆ ထင်မြင်ချက်တွေကို ထုတ်ဖော်တင်ပြလာနိုင်မယ်။ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်း၊ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း၊ ဆုံးဖြတ်ချက်ချနိုင်စွမ်းစတဲ့ ၂၁ရာစု စိန်ခေါ်မှုတွေအတွက် လိုအပ်တဲ့အရည်အသွေးတွေ တိုးတက်လာမှာဖြစ်ပါတယ်။

ဒါ့အပြင် တက္ကသိုလ်ဝင်တန်း တက်ရောက်နေတဲ့ ကျောင်းသား လူငယ်တွေအနေနဲ့ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး နောက်တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးသည်ဖြစ်စေ၊ လုပ်ငန်းခွင်ဝင်သည်ဖြစ်စေ၊ နိုင်ငံတကာတက္ကသိုလ်တွေနဲ့ ချိတ်ဆက်ပြီး ပညာရေးရှေ့ဆက်သည်ဖြစ်စေ အခြေခံကောင်းများရရှိစေဖို့ ရည်ရွယ်ပြီး ပြုပြင်ပြောင်းလဲထားတာ ဖြစ်ပါ တယ်။ အချုပ်အားဖြင့် ပြောရမယ်ဆိုရင်တော့ တက္ကသိုလ်ဝင်တန်းမှာ မေးခွန်းပုံစံပြောင်းလဲလိုက်တဲ့အတွက် သင်ကြားသင်ယူမှုမှာ ပိုမိုထိရောက်မှုရှိလာပြီး ကျောင်းသူ ကျောင်းသားတွေအတွက် အကျိုးကျေးဇူးပိုမိုဖြစ်ထွန်းလာစေမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ အခုလို ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ပြောင်းလဲအသုံးပြုမယ့် မေးခွန်းပုံစံသစ်တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးပြောကြားပေးကြတဲ့ ဆရာကြီး ဆရာမကြီးများအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်ရှင်။ ။ သတင်းအဖွဲ့**

## ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာကောလိပ်ဝင်ခွင့်စာမေးပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၁၀**

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဖွင့်လှစ်ထားသည့် International Buddhist College တွင် သင်ကြားလျက်ရှိသည့် ဗုဒ္ဓစာပေနှင့် ပတ်သက်သော ဝိဇ္ဇာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့နှင့် ပါရဂူဘွဲ့ အစရှိသော ဘွဲ့နှင်းသင်တန်းများအတွက် ၂၀၁၉ ခုနှစ် ဝင်ခွင့်စာမေးပွဲကို ဇန်နဝါရီ ၂၃ ရက်တွင် မန္တလေးမြို့ ၆၈ လမ်း၊ ၃၈ × ၃၉ လမ်းကြား မဟာဗောဓိ ဘုရားဝင်းအတွင်းရှိ ဓမ္မဒီပစာပေ သင်တန်းကျောင်း၌ ပြုလုပ်မည် ဖြစ်သည်။

စာမေးပွဲအတွက် မေးခွန်းထုတ်ခြင်း၊ စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများကို International Buddhist College မှ ဆောင်ရွက်သွားမည်ဖြစ်ပြီး စာမေးပွဲအတွက် အခြားလိုအပ်ချက်များကို ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်းမှ ပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ဝင်ရောက်ဖြေဆိုသူများ အနေဖြင့် ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီမှစတင်ပြီး စာရင်းပေးခြင်း၊ စာမေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းခြင်းများ ဆောင်ရွက်ပြီး မွန်းလွဲ ၁ နာရီတွင် စာမေးပွဲကျင်းပမည် ဖြစ်သည်။ **အေးမြ(မန္တလေး)**

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ၏အခန်းကဏ္ဍခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

**သထုံ ဇန်နဝါရီ ၁၀**

မွန်ပြည်နယ် သထုံမြို့နယ် ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် လွှတ်တော် ကိုယ်စားလှယ်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကွန်ပျူတာ တက္ကသိုလ်တို့ ပူးပေါင်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ကွန်ပျူတာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီမှ စတင်ကာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လှဲ့၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၊ ကွန်ပျူတာတက္ကသိုလ်(သထုံ)မှ ပါမောက္ခကျောင်းအုပ်ကြီး ဒေါက်တာဝင်းမြေနှင့် ပါမောက္ခသချာဌာနမှူး ဒေါက်တာခင်နှင်းနှင်းသိန်းတို့က ဦးဆောင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## မသန်စွမ်းသူများအတွက် "မတူကွဲပြားမှုများကို လက်ခံ၍ သဟဇာတဖြစ်သော လူ့အဖွဲ့အစည်းကို တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် သင်တန်းများ ဖွင့်လှစ်မည်

**မန္တလေး ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်နှင့် iSchool- Myanmar တို့ ပူးပေါင်း၍ မသန်စွမ်းသူများအတွက် "မတူကွဲပြားမှုများကို လက်ခံ၍ သဟဇာတဖြစ်သော လူ့အဖွဲ့အစည်းကို တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း iSchool- Myanmar မှ စီမံကိန်းမန်နေဂျာဦးရဲဝင်းထံမှ သိရသည်။

အဆိုပါ သင်တန်းများကို မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၀ နေရာတွင် သင်တန်း ၁၀ခု ပြုလုပ်ရန် စီစဉ်ထားကြောင်း၊ နှစ်မြို့နယ်ကို ရွေးပြီးဖြစ်ကြောင်း၊ ဇန်နဝါရီ ၂၁ ရက်မှ ၃၁ ရက်အတွင်း ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာနနှင့် ချမ်းမြသာစည်မြို့နယ် စုပေါင်းခန်းမတို့တွင် သင်တန်းသား ၃၀ ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း၊ ပြင်ဦးလွင်မြို့နှင့် မိတ္ထီလာမြို့များရှိ မျက်မမြင်ကျောင်းများတွင်လည်း သင်တန်းများသွားရောက်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သင်တန်းများကို လေးရက်ကြာ ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း စီမံကိန်းမန်နေဂျာ ဦးရဲဝင်းက ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ချင်းတွင်းမြစ်ကူးတံတား(ဟုမ္မလင်း) ဇန်နဝါရီ ၁၄ ရက်တွင်ဖွင့်လှစ်မည်

**ဟုမ္မလင်း ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ပေါ်တွင် တည်ဆောက်ပြီးစီးသော ချင်းတွင်းမြစ်ကူးတံတား (ဟုမ္မလင်း)ကို ဇန်နဝါရီ ၁၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း တံတားအထူးအဖွဲ့(၂) မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဦးဇေယျာစိုးထံမှ သိရသည်။

ချင်းတွင်းမြစ်ကူးတံတား (ဟုမ္မလင်း)သည် ဟုမ္မလင်းမြို့နယ် တမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်း လမ်းမပေါ်တွင်တည်ရှိပြီး ဟုမ္မလင်းမြို့နှင့် ချင်းတွင်းမြစ်အနောက်ဘက်ခြမ်းရှိ ကက်သာကျေးရွာတို့နှင့် ဆက်သွယ်ထားသည့် အလျား ၁၇၆၂ ဒသမ ၆ပေ၊ တံတားအကျယ် ၂၈ ပေရှိပြီး တစ်ဖက်လျှင် ၃ ပေ အကျယ်ရှိ လူသွားလမ်း နှစ်လမ်းပါရှိသည့် သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်၊ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး ငွေကျပ် ၂၃၃၁၃ ဒသမ ၈ သန်း အကုန်အကျခံကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူ၍၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၁ ရက်တွင်စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ရာနှုန်းပြည့်ပြီးစီးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ပိတ်ထားသည့် မြန်မာ-တရုတ် နယ်စပ် ကျိန်စန်းကျော့ဂိတ် ပြန်လည်ဖွင့်လှစ်

**မူဆယ် ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ပန်ဆိုင်း (ကြူကုတ်)မြို့ ကျိန်းယန်းတုံကျေးရွာအုပ်စု လယ်အင်းကျေးရွာအနီးရှိ မြန်မာ-တရုတ် နယ်စပ် ကျိန်စန်းကျော့ဂိတ် (ဟိုနောင်ဂိတ်)ကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြန်မာ-တရုတ် နယ်စပ် ကျိန်စန်းကျော့ဂိတ် (ဟိုနောင်ဂိတ်) ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၉ ရက်အထိ လုံခြုံရေး အခြေအနေအရ ခေတ္တပိတ်ထားခဲ့ပြီး ဇန်နဝါရီ ၁၀ရက် နံနက် ၉ နာရီတွင် ပြန်လည် ဖွင့်လှစ်ခြင်းဖြစ်သည်။ ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရ၏ ညွှန်ကြားချက်အရ မြန်မာ-တရုတ် နယ်စပ် ကျိန်စန်းကျော့ဂိတ်တွင် ဇန်နဝါရီ ၁၁ ရက်မှစတင်ကာ ဌာနပေါင်းစုံ ပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များကို တာဝန်ချထားမည်ဖြစ်ကြောင်း သိရသည်။

ကျိန်စန်းကျော့ဂိတ် ပိတ်ထားခြင်းကြောင့် ဖရဲသီး၊ သခွားမွှေးသီးများ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချမှု နှောင့်နှေးကြန့်ကြာခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများကြုံတွေ့ခဲ့ရပြီး ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံ မူဆယ်မြို့ တာဝန်ရှိသူများနှင့် မူဆယ်-ရွှေလီ နယ်ခြားဆက်ဆံရေးအဖွဲ့များက နည်းလမ်းရှာဖွေကာ ဇန်နဝါရီ ၈ ရက်တွင် မူဆယ်မြို့ တာဝန်ရှိသူများနှင့် ရွှေလီမြို့တာဝန်ရှိသူများ အလွတ်သဘော တွေ့ဆုံဆွေးနွေး ဆောင်ရွက်ခဲ့မှုများကြောင့် ယခုကဲ့သို့ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖန်ရိုးထန်(ပြန်/ဆက်)**



## နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲတွင် ဆုရအားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၁၀**

မလေးရှားနိုင်ငံ ပီနန်မြို့တွင် ၂၀၁၈ ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၉ ဇန်နဝါရီ ၁ ရက်အထိ ကျင်းပခဲ့သည့် မလေးရှား အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လူငယ်နှင့် အလွတ်တန်း နိုင်ငံတကာ လက်ဝှေ့ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ရရှိခဲ့ကြသည့် မြန်မာ့လက်ရွေးစင် လက်ဝှေ့အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့ (သုဝဏ္ဏ) လက်ဝှေ့ အားကစားလေ့ကျင့်ရေး စခန်းရှေ့ မျက်နှာစာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက ဂုဏ်ပြုစကားပြောကြားပြီး ၇၅ ကီလို မစ်ဒယ်ဝိတ်တန်းတွင် ပထမဆုရ ရဲလင်းထွန်းကို ဂုဏ်ပြုဆုငွေကျပ် ၂၅ သိန်း**(ယာပုံ)**၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်း က ၆၄ ကီလိုတန်းတွင် ငွေတံဆိပ်ဆုရ သီဟဇော်ကို ငွေကျပ် ၁၀ သိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးစောထွန်းလှဘော်က ကြေးတံဆိပ်ဆုရ ၅၆ ကီလိုတန်းတွင် ပြည့်စုံဦးနှင့် ၆၄ ကီလိုတန်းတွင် ကျော်မင်းဦးတို့ကို ငွေကျပ် ငါးသိန်းအား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်စန်းဦးက နည်းပြနှစ်ဦးကို ငွေကျပ် သုံးသိန်းစီ လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။




**အေကေလင်း**

### ❍ ကျော့ဖုံးမှ

ပွဲစဉ်(၁) ကို ဇန်နဝါရီ ၂၅၊ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၂၅ ရက်တွင် ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ စလင်းကွင်း၌ ရှိုင်ရယ်သန်လျင်အသင်းနှင့် မောရဝတီအသင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် ပဒုမ္မာကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ငွေကြယ်ပွင့်အသင်း၊ စလင်းကွင်း၌ တက္ကသိုလ်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၂၅ ရက်မှ မတ် ၈ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို ဇွန် ၁၃ ရက်မှ ဇူလိုင် ၂၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

### ■ ကျော့ဖုံးမှ

ရှမ်းယူနိုက်တက်နှင့် MFF ယူ-၁၈၊ စလင်းကွင်း၌ ဇွဲကပင်နှင့် ရန်ကုန်၊ ဇန်နဝါရီ ၁၉ ရက်တွင် ပဒုမ္မာကွင်း၌ ရခိုင်နှင့် မကွေး၊ စလင်းကွင်း၌ Southern နှင့် ဟံသာဝတီ၊ ဇန်နဝါရီ ၂၀ ရက်တွင် တောင်ဒဂုံကွင်း၌ ရောဝတီနှင့် ရတနာပုံ၊ ဒဂုံကွင်း၌ စစ်ကိုင်းနှင့် ဒဂုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြီးခဲ့သည့်ရာသီတွင် ဗိုလ်စွဲခဲ့သည့် အား/ကာသိပ္ပံ အသင်းမှာ ယခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- အာဆင်နယ်နှင့် ဝေးလ်ကွင်းလယ်ကစားသမား အာရွန် ရမ်ဆေး (၂၈နှစ်) သည် ဇွန်လတွင် ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ရန်သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဂါးဒီးယန်း၏ ဖော်ပြချက်အရ သိရသည်။ ၎င်းသည် ကာဒစ်ဖ်အသင်းမှ ပေါင် ၄ ဒသမ ၈ သန်းဖြင့် အာဆင်နယ်အသင်းသို့ ရောက်ရှိလာပြီးနောက် အသင်းအတွက် ၂၅၂ ပွဲ ကစားတွင် ၅၂ ဂိုးသွင်းယူထားနိုင်ပြီး အက်ဖ်အေဖလား သုံးကြိမ်ရရှိအောင် စွမ်းဆောင်ပေးထားနိုင်ကြောင်း သိရသည်။ အာဆင်နယ်အသင်းနှင့်အတူ ဆယ်နှစ်ကြာလက်တွဲခဲ့ပြီးနောက် ရာသီကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် အီတလီချန်ပီယံဂျူဗင်တပ်စ်အသင်းနှင့် ပူးပေါင်းကာ ငါးနှစ်စာချုပ် ချုပ်ဆိုသွားဖွယ်ရှိကြောင်း သိရသည်။
- အက်သလက်တီကိုမက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ စပိန်တိုက်စစ်ကစားသမား မိုရာတာ (၂၆နှစ်) ကို အငှားဖြင့်ခေါ်ယူရန် ဆီဗီလာအသင်းနှင့်အပြိုင် ပါဝင်လာခဲ့ကြောင်း ဂိုးဒေါ့ကွန်း၏ ဖော်ပြချက်အရ သိရသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ချယ်လ်ဆီးအသင်းအတွက် ပရီမီယာလိဂ် ၁၆ ပွဲတွင် ငါးဂိုးသွင်းယူနိုင်ကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် ရာသီကုန်တွင် အသင်းမှ ထွက်ခွာဖွယ်ရှိနေသော အာဂျန်ရော်ဘင်၏ နံပါတ် ၁၀ ဂျာစီကို အိုဒိုအီ အသင်းသို့ ပြောင်းရွှေ့လာပါက ပေးအပ်ရန် ပြင်ဆင်နေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရသိရသည်။
- တော့တင်ဟမ်အသင်းသည် အသက် ၂၉ နှစ်အရွယ် အယ်လ်ဒါဝီလ်ရယ် အနေဖြင့် အသင်းမှ ထွက်ခွာသွားပါက ဆမ်ဒိုးရီးယားအသင်းမှ ဒိန်းမတ်နောက်ခံကစားသမား ဂျိုအာချင် အန်ဒါဆင် (၂၂နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း အင်ဒီပင်းဒန့်၏ ဖော်ပြချက်အရ သိရသည်။
- မန်စီးတီးအသင်းသည် ဘရာဇီးကစားသမား ဖာနန်ဒင်ဟို (၃၃နှစ်)၏ နေရာကို ရေရှည်အစားထိုးနိုင်ရန်အလို့ငှာ ဝက်စ်ဟမ်းအသင်းမှ အိုက်စ်လန် ကွင်းလယ်ကစားသမား ရိုက်စ်အား အသင်းထံသို့ ခေါ်ယူလိုကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- မန်ယူနည်းပြ ဆိုးလ်ရှားသည် အင်္ဂလန်တိုက်စစ်ကစားသမား မားကပ်စ် ရပ်ချ်ဖို့ (၂၁နှစ်) ကို အသင်းတွင် နံပါတ်တစ်တိုက်စစ်ကစားသမား တစ်ဦးဖြစ်ကြောင်း ပြောကြားလိုက်သည်။
- ဆောက်သမ်တန်အသင်းမှ အီတလီတိုက်စစ်ကစားသမား ဂက်ဘီယာဒီနီ (၂၇နှစ်) သည် ပေါင် ၁၁ ဒသမ ၇ သန်းဖြင့် ဆမ်ဒိုးရီးယားအသင်းနှင့် ပြန်လည်ပေါင်းထုပ်ရန် သဘောတူညီလိုက်ကြောင်း ဂါးဒီးယန်း၏ ဖော်ပြချက်အရ သိရသည်။
- ဘုန်းမောက်အသင်းသည် အဲဗာတန်အသင်းမှ အိုက်စလန်ကစားသမား မက္ကာသီကို အငှားဖြင့်ခေါ်ယူရန် စဉ်းစားနေကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။
- ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမြူသည် အာဆင်နယ်အသင်း၏ ပစ်မှတ်ဖြစ်သော ဒင်းနစ် ဆွာရက်ဇ် (၂၅နှစ်) ကို ချူးကမ့်မှ ထွက်ခွာနိုင်ကြောင်း ပြောကြားလိုက်သည်။ **အောင်ဇော်**

# စစ်တွေမြို့ရှိ ပြည်နယ်တရားရုံးဝင်းအတွင်း၌ မီးလောင်မှုဖြစ်

**စစ်တွေ ဇန်နဝါရီ ၁၀**

စစ်တွေမြို့ ပြည်တော်သာရပ်ကွက် မေယုလမ်းရှိ ပြည်နယ်တရားရုံးခြံဝင်းအတွင်း ဇန်နဝါရီ ၉ ရက် ည ၁၁ နာရီ မိနစ် ၄၀ တွင် မီးလောင်မှုဖြစ်ခဲ့သည်။

မီးလောင်မှုဖြစ်ရာသို့ စစ်တွေခရိုင်မီးသတ်ဦးစီးမှူးဦးဆောင်ပြီး သန္ဒေ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ ၅၈ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။



မီးလောင်မှုကြောင့် ပြည်နယ်တရားရုံးဝင်းအတွင်း သက်သေခံသိမ်းဆည်းထားသော ဆိုင်ကယ် ၄၆ စီးနှင့် ဆိုက္ကားတစ်စီး မီးလောင်ဆုံးရှုံးသွားပြီး ဆုံးရှုံးမှုခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၉၀၀၀၀ ဖြစ်ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုအကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

# မြဝတီ၊ နောင်ချိုနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် ည ၈ နာရီ မိနစ် ၂၀ တွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဘုန်းကြီးကျောင်းအနီးလမ်းတွင် ကပေါ်စေး မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၊ မူဆယ်-မန္တလေးကားလမ်းတွင် သိန်းမြင့်(ခ)ဘိုသိန်း မောင်းနှင်ပြီး သက်မောင်မောင်ပြုံး(ခ) ကိုသက်နှင့် လွင်ဇော်ကို(ခ)သာတီဖိုးတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၊ ငွေကျပ် ၂၂၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊

ထို့အတူ ည ၉ နာရီ မိနစ် ၅၀ က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဆန်ဆိုင်းရပ်ကွက်(က) ဝမ်မိုင်ရပ်ရှိ ခရစ်ယာန်ဘုရားကျောင်းလမ်းတွင် စိုင်းရှန်လု မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ အိုက်စ် ၁၀ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ သိမ်းဆည်းရမိခဲ့သည့် အိုက်စ်များကို ရောင်းချခိုင်း သူ ဒေါ်မွေးလိန်အား တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(ခ) ဟံသာဝတီလမ်းရှိ ၎င်း၏ နေအိမ်တွင် လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## မြန်မာ့ရုပ်မြင်သံကြား

၁၁-၁-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "ဖွံ့ဖြိုးမှုအနာဂတ်ရောင်ခြည် မဝေးတော့ပြီ"
၉း၁၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၅) "ကြာမှုရှင်" (ဒုတိယပိုင်း)

**ညပိုင်း**

၁၆း၃၅ - "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (ရူပဗေဒဘာသာရပ်)
၁၈း၂၀ - BBC Click
၁၈း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "လူပျိုသိုး...ည"+ "ဟောက်စား"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၆) "ကြာမှုရှင်" (ဇာတ်သိမ်း) (ထိုက်တန်လင်း၊ မင်းသာ King၊ မေပန်းချီ၊ နေထိုက်၊ ညီဂျော်) (ဒါရိုက်တာ-ဟိန်းဇော်)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - ပြည်သူ့အတွက် ဥပဒေစကားဝိုင်း "ဥပဒေမျက်စိ ပွင့်စေချင်လွန်းလို့"
- မြန်မာဇာတ်လမ်းတွဲ "မော်လမြိုင်ရဲ့ည" (အပိုင်း-၁၀) စိုင်းလျံ၊ သခ်၊ ဖြိုးသိုက်၊ ချာန်ထူး၊ ဖူးဖူး (ဒါရိုက်တာ-ချာန်ထူး)
- "တို့ကျေးရွာရဲ့ ချစ်မိတ်ဆွေ"

# ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၌ ဆိုင်ကယ်တစ်စီးခိုးယူလာသူများကို စစ်ဆေးရာမှ စုစုပေါင်း ဆိုင်ကယ် ၁၉ စီး ခိုးယူမှု ဖော်ထုတ်နိုင်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ပြစ်ချက်ဟောင်းများရှိပြီး ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းရရှိထားသူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၁၆၈)ရပ်ကွက် နေသူများဖြစ်သည့် အောင်ကိုဦး(ခ) ဖိုက်ပေါက်(၂၆နှစ်)၊ တင်အောင်ဝင်း(ခ) ဒိုးလေး(၂၃နှစ်)၊ ရေတွင်းချောင် (၂၃)ရပ်ကွက်နေ ရဲသူ (၂၄နှစ်)တို့ကို ဇန်နဝါရီ ၃ ရက်က ဖမ်းဆီးရမိခဲ့ပြီး အောင်ကိုဦး၏နေအိမ်မှ တွေ့ရှိခဲ့သည့် ဆိုင်ကယ်တစ်စီးနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းရာ ၎င်းတို့သုံးဦးသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၃)ရပ်ကွက် ဈေးအနီး ယုဇနဥယျာဉ်မြို့တော်တိုက်ခန်းရှေ့၌ ရပ်ထားသည်ကို တွေ့ရှိရသဖြင့် ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

ရဲတပ်ဖွဲ့ဝင်များက အသေးစိတ်ထပ်မံစစ်ဆေးရာ ၎င်းတို့သည် ၂၀၁၈ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်များ အတွင်းရှိ ရပ်ကွက်များအတွင်းမှ ဆိုင်ကယ် ၁၈ စီး ခိုးယူခဲ့မှုများ စစ်ဆေးပေါ်ပေါက်ခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံဆိုင်ကယ်များ ပြန်လည်သိမ်းဆည်းကာ ပြစ်မှုကျူးလွန်သူ အောင်ကိုဦး(ခ) ဖိုက်ပေါက်ပါသုံးဦးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး သက်သေခံဆိုင်ကယ်များနှင့်စပ်လျဉ်း၍ ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာရဲစခန်းများသို့ သွားရောက်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမြန်လမ်းတွင် ခရီးသည်တင်ယာဉ် ယာဉ်မောင်းအိပ်ငိုက်၍ လမ်းဘေး၌ ကာရံထားသည့် သံဆန်ခါခြံစည်းရိုးများအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၄၈/၇)အနီးတွင် ယနေ့နံနက် ၂ နာရီက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇီးပင်သာအမြန်လမ်းမကြီး ရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမကြီး မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၅)ရပ်ကွက်နေ ခင်မောင်ဇော် မောင်းနှင်လာသော 5P/---- ခရီးသည်တင်ယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်ကာ လမ်းယာဘက်ဘေးတွင် ကာရံထားသည့် သံဆန်ခါခြံစည်းရိုးကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်မှာ ကျပ် ၁၅ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။



ထို့အတူ ဇန်နဝါရီ ၉ ရက် ည ၇ နာရီ ၅ မိနစ်က ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၁၃/၅) အနီးတွင် လေးအိမ်စုကျေးရွာနေ ကျော်ကျော် မောင်းနှင်လာသော ဆိုင်ကယ်သည် အမြန်လမ်းမကြီးကို အနောက်ဘက်မှ အရှေ့ဘက်သို့ ဖြတ်ကူးစဉ် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဌေးကြွယ်(က)ရပ်ကွက်နေ မြင့်သန်းထွန်း မောင်းနှင်လာသော 6L/---- ဟိုက်အေ့ယာဉ်ဖြင့် ဝင်ရောက်တိုက်မိခဲ့ရာ ကျော်ကျော်တွင် ဒဏ်ရာများရရှိခဲ့ပြီး ဆိုင်ကယ်စီးနင်းခွင့်မရှိသည့် အမြန်လမ်းမကြီးပေါ်သို့ တက်ရောက်မောင်းနှင်သူနှင့် ခရီးသည်တင်ယာဉ်မောင်းတို့ကို သက်ဆိုင်ရာ အမြန်လမ်းရဲတပ်ဖွဲ့က အရေးယူထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**
**ဓာတ်ပုံ- အမြန်လမ်းရဲတပ်ဖွဲ့**

# ပုသိမ်ကြီးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၉ ရက် နံနက် ၅ နာရီခွဲခန့်က ပုသိမ်ကြီးမြို့နယ် (၁၆) မိုင် ကျောက်ချောပူးပေါင်းစစ်ဆေးရေးစခန်း၌ ယာဉ်များကို စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်မြို့မှ မန္တလေးမြို့သို့ ဦးကျော်စိုး မောင်းနှင်လာသည့် 5K/---- GI Group ခရီးသည်တင်မှန်လုံယာဉ်ပေါ်၌ လိုက်ပါလာသည့် ကွတ်ခိုင်မြို့နယ် ဖောင်းဆိုင်ကျေးရွာနေ ဂမ်အောင်နှင့် တင်ထူးမောင်တို့နှစ်ဦး သယ်ဆောင်လာသည့် ဆောင်းဘောက်နှင့် ကီးဘုတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀ (တစ်ပြားလျှင် ကျပ် ၅၀၀၀နှုန်းဖြင့် ကျပ် ၄၀၀၀၀၀၀၀၀) နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အုန်းချောနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ကွင်းဆက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ရဲမြန်ကြား**

# ပျဉ်းမနားမြို့နယ်တွင် တရားမဝင်ဆေးကုသမှုအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၀**

နေပြည်တော်ပြည်ထောင်စုနယ်မြေ ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ ဦးဆောင်၍ ပျဉ်းမနားမြို့ ခုတင် ၂၀၀ ဆံ့ ဆေးရုံအုပ်ကြီးနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့သည် ဆေးကုသမှုလိုင်စင်မရှိဘဲ ဆေးခန်းဖွင့်လှစ်ကုသနေကြောင်း သတင်းအရ ဇန်နဝါရီ ၅ ရက်က ဦးတင်စိုး ဖွင့်လှစ်ထားသည့် မင်္ဂလာရပ်ကွက် ပျဉ်းမနားမြို့ အိမ်အမှတ်(၆/၄)ရှိ သုခဝတီဆေးဆိုင်ကို လည်းကောင်း၊ ဦးလင်းအောင် ဖွင့်လှစ်ထားသည့် သာယာကုန်း(၂)ရပ်ရွာကောက်ရပ်ကွက် ပျဉ်းမနားမြို့ အောင်ဆေးဆိုင်ကို လည်းကောင်း ဝင်ရောက်စစ်ဆေးခဲ့ရာ ဦးတင်စိုးနှင့် ဦးလင်းအောင်တို့သည် ဆေးကုသမှုလိုင်စင်မရှိဘဲ ကုသမှုပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ဆေးရုံအုပ်ကြီးက တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးတင်စိုးနှင့် ကိုလင်းအောင်တို့ကို ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟိုင်းကြီးကျွန်းမြို့အနီး နစ်မြုပ်ခဲ့သည့် ငါးဖမ်းရေယာဉ်မှ ပျောက်ဆုံးနေသော ရေလုပ်သားတစ်ဦးကို သေဆုံးလျက် ပြန်လည်တွေ့ရှိ

**ဟိုင်းကြီးကျွန်း ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့မှ ငါးဖမ်းသွားသော သက်ဖြိုးစံ(၄)အမည်ရှိ ကမ်းဝေးငါးဖမ်းရေယာဉ်တစ်စင်းသည် သမီးလုကျွန်း (လိပ်ကျွန်း)အနီး ပင်လယ်ပြင်တွင် ဇန်နဝါရီ ၈ ရက် ညနေ ၄ နာရီခန့်က နစ်မြုပ်မှုဖြစ်စဉ်တွင် ပျောက်ဆုံးနေသော ရေလုပ်သားတစ်ဦးကို ဇန်နဝါရီ ၉ ရက် နံနက် ၅ နာရီခန့်က နစ်မြုပ်ရေယာဉ်ကို ပြန်လည်ဖော်ယူစဉ် သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူ ရေလုပ်သားမှာ ဟိုင်းကြီးကျွန်းမြို့ ခမောက်မော်ကျေးရွာနေ ဦးတင်ဦး (၆၃နှစ်) ဖြစ်ကြောင်း၊ ရေယာဉ်မနစ်မြုပ်မီ စက်လှေဦးစီးအပါအဝင် ရေလုပ်သား ၂၀ လိုက်ပါခဲ့ပြီး တစ်ဦးသာ သေဆုံးခြင်းဖြစ်ကြောင်း နယ်မြေခံရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဟိုင်းကြီးကျွန်းနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**

# မောင်တောမြို့နယ်၌ တောဆင်ရိုင်းနင်း၍ လူတစ်ဦးသေဆုံး

**မောင်တော ဇန်နဝါရီ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျောက်ချောင်းရွာသစ်အနီးတွင် ယနေ့ နံနက်ပိုင်းက တောဆင်ရိုင်းတစ်ကောင်နင်း၍ လူတစ်ဦးသေဆုံးကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ ကြိမ်ချောင်းနယ်မြေရဲစခန်းမှ ဒုရဲမှူး အောင်မျိုးဝင်း ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ကျောက်ချောင်းရွာသစ် လယ်ကွင်းစပ်တွင် ဒဏ်ရာ များဖြင့် သေဆုံးသူမှာ ကျောက်ချောင်းရွာသစ်နေ ရှောင်ရှူးအာလောင် (၂၄နှစ်)ဖြစ်ပြီး အလောင်းအနီးမှ တောဆင်ရိုင်းတစ်ကောင် ထွက်သွားသည်ကို တွေ့ရကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သေဆုံးသူ၏ အလောင်းကို မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ကြိမ်ချောင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**

# နယ်စပ်တံတိုင်းကာရေးနှင့် အစိုးရယန္တရားရပ်ဆိုင်းမှုအဆုံးသတ်ရေး ထရမ့်နှင့် ဒီမိုကရက်တို့ သဘောတူညီမှု မရသေး

**ဝါရှင်တန် ဇန်နဝါရီ ၁၀**

အမေရိကန်-မက္ကဆီကို နှစ်နိုင်ငံကြား နယ်စပ်တံတိုင်းကာရံရေး တောင်းဆိုထားသည့် ရန်ပုံငွေမရခဲ့သည့်နောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ထိပ်တန်းဒီမိုကရက်များနှင့် အိမ်ဖြူတော်၌ကျင်းပနေသည့် တွေ့ဆုံပွဲမှ ရုတ်တရက် ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီနှင့် အထက်လွှတ်တော်လူနည်းစုခေါင်းဆောင် ချက်ခ်စကူမာတို့နှင့် ဆွေးနွေးခြင်းသည် အချိန်ဖြုန်းခြင်းသက်သက်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

အစိုးရယန္တရား တစ်စိတ်တစ်ပိုင်း ၁၉ ရက်ကြာ ရပ်ဆိုင်းထားမှုကို အဆုံးသတ်ရန်၊ လာမည့်ရက်ပေါင်း ၃၀ အတွင်း နယ်စပ်လုံခြုံရေးဆိုင်ရာ ညှိနှိုင်းမှုများလုပ်ရန်နှင့် နယ်စပ်အုတ်တံတိုင်း သို့မဟုတ် သံမဏိတံတိုင်းတည်ဆောက်ရေးတို့ကို အတည်ပြုပေးရန် ပြောဆိုဆွေးနွေးခဲ့သော်လည်း နန်စီပယ်လိုစီက ငြင်းဆန်ခဲ့သည့်အတွက် မိမိအနေဖြင့် နှုတ်ဆက်ထွက်ခွာလာခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောခဲ့သည်။

သမ္မတဒေါ်နယ်ထရမ့်က မည်သည့်အကြောင်းမှ ဆက်လက်ဆွေးနွေးဖို့ မရှိဘူးဆိုကာ အစည်းအဝေးမှ ရုတ်တရက်ထွက်ခွာသွားကြောင်းနှင့် ၎င်း၏ ဒေါသတကြီးလုပ်ဆောင်တတ်သည့် စရိုက်ကို နောက်တစ်ကြိမ် ထပ်မံမြင်တွေ့ရခြင်းဖြစ်ကြောင်း ချက်ခ်စကူမာက ပြောသည်။

နယ်စပ်ဒေသကို မည်သို့ကာကွယ်မလဲဆိုသည့် ကိစ္စနှင့်ပတ်သက်ပြီး အောက်လွှတ်တော် ဥက္ကဋ္ဌ ပယ်လိုစီက မိမိတွင် ပိုမိုကောင်းမွန်သည့်အကြံရှိကြောင်း ပြောဆိုခဲ့သည်။ ထိုအကြံသည် တခြားမဟုတ်ဘဲ အမေရိကတိုက် အလယ်ပိုင်းဒေသနိုင်ငံများမှ တရားမဝင် ဝင်ရောက်လာမှုကို စောင့်ကြည့်ထိန်းချုပ်ရန် အဆင့်မြင့်နည်းပညာများ အသုံးပြုရန်ပင်ဖြစ်ကြောင်း သိရသည်။

ယခုတွေ့ဆုံမှုသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်ခေါင်းဆောင်များကြား တတိယအကြိမ်တွေ့ဆုံမှုဖြစ်ကြောင်း သိရသည်။

ယခုတစ်ဖန် တွေ့ဆုံမှုတွင်လည်း ဒီမိုကရက်တို့ဘက်က ညှိနှိုင်းရန် မလိုလားသည်ကို တွေ့ရကြောင်း မိုက်ပန့်စ်က ပြောသည်။

ထို့အပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်တောင်ပိုင်း နယ်စပ်တစ်လျှောက်ဖြစ်နေသော ပြဿနာများကို အဆုံးသတ်ရန် ခိုင်ခိုင်မာမာ ရပ်တည်သွားမည်ဖြစ်ကြောင်းလည်း ပြောခဲ့သည်။

**အေအက်ဖ်ပီ**



ဒီမိုကရက်အမတ်များနှင့်တွေ့ဆုံအပြီး တွေ့ရသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။




ကွန်ဂိုအတိုက်အခံခေါင်းဆောင် ဖီလစ် ရှီဆီကီဒီ

# ကွန်ဂို၌ အတိုက်အခံပါတီခေါင်းဆောင်က ရွေးကောက်ပွဲတွင်အနိုင်ရ

**ကင်ရှာဆာ ဇန်နဝါရီ ၁၀**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင် အနိုင်ရရှိမှုကို ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲကော်မရှင်သည် ဒီဇင်ဘာ ၃၀ ရွေးကောက်ပွဲတွင် နိုင်ငံ၏ အကြီးဆုံးအတိုက်အခံပါတီခေါင်းဆောင် ဖီလစ် ရှီဆီကီဒီက အနိုင်ရရှိခဲ့ကြောင်း ကြာသပတေးနေ့တွင် ကြေညာခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ဘယ်လ်ဂျီယံလက်အောက်မှ လွတ်လပ်ရေးရရှိခဲ့ပြီးချိန်မှစတင်ကာ ပဋိပက္ခများဖြစ်ပွားနေသည့် ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံအတွင်း၌ ယခုရွေးကောက်ပွဲရလဒ်သည် ပထမဆုံးအကြိမ် ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းမှုကို ဖြစ်လာစေမည်ဖြစ်ကြောင်း သိရသည်။

ရွေးကောက်ပွဲရလဒ်သည် သက်ဦးဆံပိုင်စနစ်ဖြင့် ၁၈ နှစ်ကြာအောင် အုပ်စိုးလာခဲ့သည့် သမ္မတ ဂျိုးဆက်ကာဘီလာ၏ အုပ်ချုပ်မှု အဆုံးသတ်သွားသည့် အထိမ်းအမှတ်တစ်ခုလည်းဖြစ်သည်။ ကာဘီလာသည် ၂၀၁၆ ခုနှစ်တွင် ၎င်း၏အုပ်ချုပ်မှုသက်တမ်း ကုန်ဆုံးသွားခဲ့သော်လည်း အာဏာကို ဆက်လက်စွဲကိုင်ထားခဲ့သည်။ ကွန်ဂိုနိုင်ငံအတွင်းနှင့် နိုင်ငံပြင်ပတို့တွင် ဝေဖန်မှုများစွာ ပေါ်ထွက်လာခဲ့ပြီးနောက်တွင် ရွေးကောက်ပွဲကျင်းပရေး လုပ်ဆောင်ခဲ့သည်။

ရွေးကောက်ပွဲရလဒ် ထွက်ပေါ်လာပြီးဖြစ်သော်လည်း အာဏာကို ချောမွေ့စွာလွှဲပြောင်းပေးနိုင်ခြင်း ရှိ မရှိကို အခိုင်အမာ ပြောဆိုနိုင်ခြင်း မရှိသေးပေ။

**အင်န်အိတ်ချ်ကေ**

# ဘရီးဇစ်သဘောတူညီချက် မဲခွဲဆုံးဖြတ်မှု ဇန်နဝါရီ ၁၅ တွင် အောက်လွှတ်တော်၌ ကျင်းပမည်

**လန်ဒန် ဇန်နဝါရီ ၁၀**

ဘရီးဇစ် (ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး) သဘောတူညီချက် မဲခွဲဆုံးဖြတ်မှုကို ဇန်နဝါရီ ၁၅ ရက်တွင် အောက်လွှတ်တော်၌ ကျင်းပမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်အိမ်တော်က မကြာသေးမီတွင် အတည်ပြု ပြောကြားလိုက်သည်။

မဲခွဲဆုံးဖြတ်မှုမပြုခင် အောက်လွှတ်တော်တွင် ဘရီးဇစ်သဘောတူညီချက်နှင့်ပတ်သက်ပြီး အချေအတင် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်အိမ်တော် ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဘရီးဇစ်သဘောတူညီချက် မဲခွဲဆုံးဖြတ်မှုကို ပြီးခဲ့သောနှစ် ဒီဇင်ဘာက ပြုလုပ်မည်ဟု ဗြိတိန်အောက်လွှတ်တော်က နဂိုမူလက သတ်မှတ်ခဲ့သော်လည်း နောက်ပိုင်းတွင် အတည်ပြုချက်မရမည်ကို စိုးရိမ်သောကြောင့် ရက်ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်က ကြေညာခဲ့သည်။

ဘရီးဇစ် သဘောတူညီချက်ပါ အရေးကြီးအကြောင်းအရာ အများအပြားကို လွှတ်တော်အမတ်များက ထောက်ခံကြသော်လည်း အိုင်ယာလန်နယ်စပ်ပြဿနာ အချို့အစိတ်အပိုင်းများကိုမူ ကျယ်ကျယ်ပြန့်ပြန့် ထဲထဲဝင်ဝင် စဉ်းစားရန် ကျန်ရှိသေးကြောင်း ထရီဆာမေက ပြောကြားခဲ့သည်။

အိုင်ယာလန် နယ်စပ်အရေးတွင် အရန်ပြင်ဆင်မှုအစီအစဉ်က ဘရီးဇစ်သဘောတူညီချက်တွင် အငြင်းပွားမှုအရှိဆုံးဖြစ်ကြောင်း သိရသည်။ သဘောတူညီချက်အရ ဗြိတိန်နှင့် ဥရောပသမဂ္ဂသည် ကူးပြောင်းကာလအတွင်း ကုန်သွယ်ရေးနှင့် စပ်လျဉ်းပြီး သဘောတူညီနိုင်းမှုများမရသေးပါက ကူးပြောင်းကာလအပြီးတွင် မြောက်အိုင်ယာလန်နှင့် အိုင်ယာလန်ကြား နယ်စပ်စည်းခြားမှု မရှိစေရန် မြောက်အိုင်ယာလန်ဒေသများကို ဥရောပသမဂ္ဂကုန်သွယ်ရေးစည်းမျဉ်းများအတိုင်း ထားရှိရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ထားရှိမှုက အချိန်သတ်မှတ်မှု မရှိသောကြောင့် ဗြိတိန်အနေဖြင့် ဥရောပသမဂ္ဂတွင် သောင်တင်နေမည်ကို ဝေဖန်သူအချို့က စိုးရိမ်နေကြောင်း သိရသည်။

ယခင်သဘောတူညီချက်အရ ဗြိတိန်သည် မတ်လ ၂၉ ရက်တွင် ဥရောပသမဂ္ဂမှ တရားဝင်နုတ်ထွက်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ

# ငြိမ်းချမ်းရေးစာချုပ်ကိစ္စနှင့်ပတ်သက်၍ ဂျပန်က တင်းမာမှုများပေါ်ပေါက်အောင် လုပ်ဆောင်နေကြောင်း ရုရှားပြော

**မော်စကို ဇန်နဝါရီ ၁၀**

ရုရှားနှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်ကိစ္စနှင့် ပတ်သက်၍ မကြာသေးမီက ဂျပန်၏ ဖော်ပြချက်များသည် အငြင်းပွားပစိဖိတ်ကျွန်းလေးခုတို့တွင် တင်းမာမှုများမြင့်တက်လာအောင် လုပ်ဆောင်ရာရောက်နေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြစ်တင်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဂျပန်သံအမတ် တိုရိုဟီဆာကိုဇူကီကို ဆင့်ခေါ်ခဲ့ပြီး ရုရှားသည် မကြာသေးမီက ဂျပန်၏မှတ်ချက်များကို အာရုံစိုက်နေကြောင်း၊ အထူးသဖြင့် ကျွန်းများကို ဂျပန်သို့ လွှဲပြောင်းရေးအတွက် ပြင်ဆင်ရန် လိုအပ်ချက်နှင့် ရုရှားထံမှ လျော်ကြေးတောင်းခံမှုကို လက်လျှော့ရန်နှင့် ပတ်သက်၍ မကြာသေးမီက ဂျပန်၏မှတ်ချက်ပေးခဲ့မှုများကို အာရုံစိုက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်ကို အရှိန်အဟုန်မြင့်တင်သွားရန် ကြိုးပမ်းနေသည့် ရုရှားနှင့် ဂျပန်ခေါင်းဆောင်များအကြား သဘောတူညီမှုအနှစ်သာရများကို ပျက်ပြားအောင်လုပ်ဆောင်နေသည့် မှတ်ချက်များဖြစ်ကြောင်းနှင့် ရုရှားနှင့်ဂျပန် နှစ်နိုင်ငံပြည်သူနှစ်ရပ်လုံးကို မျက်စိလည်လမ်းမှားစေကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ရုရှားနှင့်ဂျပန်တို့သည် ပစိဖိတ်ကျွန်းလေးခုတို့နှင့် ပတ်သက်သည့် ယှဉ်ပြိုင်အငြင်းပွားမှုများကြောင့် ဒုတိယကမ္ဘာစစ်ပြီးကာလ ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခြင်း မရှိခဲ့ပေ။

**ဆင်ဟွာ**

# ရွှေ့ပြောင်းဒုက္ခသည်များကြောင့် ဥရောပနိုင်ငံကြား နိုင်ငံရေးမုန်တိုင်း ပြင်းထန်လာ

## ချူးစန္ဒီနွေး

**နိုင်ဂျာနိုင်ငံက အသက် ၂၀ အရွယ် ကုန်သည်တစ်ဦးဖြစ်တဲ့ ဒိုဒါဆူမာနာဟာ လွန်ခဲ့တဲ့ လေးနှစ်ခန့်က အစွန်းရောက်အကြမ်းဖက်သမားတွေလက်က လွတ်အောင် အနောက်အာဖရိကကနေ ထွက်ပြေးလာခဲ့ပါတယ်။**



ကမ်းကပ်ခွင့်ရ၍ ပျော်ရွှင်နေကြသော ရွှေ့ပြောင်းဒုက္ခသည်များကို တွေ့ရစဉ်။

### သွားခွင့်မရှိတဲ့နေရာ

လွန်ခဲ့တဲ့နှစ်ကတော့ လစ်ဗျားမှာ ပိတ်မိနေခဲ့ပြီး ကျွန်သာသာမျှသာ အသက်ရှင်နေထိုင်ခဲ့ရတယ်။ အခုအခါမှာတော့ သူဟာ ဥရောပရဲ့တောင်ပိုင်းကမ်းခြေကို လှမ်းမြင်နေရတဲ့ ပင်လယ်ပြင်က သင်္ဘောတစ်စင်းပေါ်မှာ ရောက်ရှိနေပါတယ်။ Sea-Watch 3 လို့ အမည်ရတဲ့ သင်္ဘောဟာ ဂျာမနီပရဟိတအုပ်စုတစ်စုဖြစ်တဲ့ Sea–Watch က ပိုင်ဆိုင်တာဖြစ်ပြီး ကယ်ဆယ်ရေးသင်္ဘောတစ်စင်း ဖြစ်ပါတယ်။ မစ္စတာ ဆူမာနာဟာ နေရောင်အောက်မှာ လင်းလက်နေတဲ့ မော်လ်တာနိုင်ငံကိုလည်း လှမ်းမြင်နေရတယ်။ ပင်လယ်ကမ်းခြေနားက အဆောက်အအုံတွေကိုတောင် လှမ်းမြင်နေရတဲ့ အကွာအဝေးမှာ ရှိနေပါတယ်။ သင်္ဘောပေါ်က ဂျာမနီဝန်ထမ်းတွေဟာ အမြန်ရေယာဉ်နဲ့ ကမ်းခြေကိုသွားရင် ၄၅ မိနစ် ဆို ရောက်ပါပြီ။ ဒါပေမယ့် မစ္စတာ ဆူမာနာတို့လို လူမျိုးတွေအတွက်တော့ သွားခွင့်မရှိတဲ့နေရာ ဖြစ်နေပါတယ်။

### ကမ်းခြေကို လာရောက်ခွင့်ရ

မစ္စတာ ဆူမာနာဟာ ကယ်ဆယ်ရေးသင်္ဘောပေါ်မှာ စောင့်ဆိုင်းနေတဲ့ ရွှေ့ပြောင်းဒုက္ခသည် ၄၉ ဦးထဲမှာ တစ်ဦးအပါအဝင်ဖြစ်ပြီး သင်္ဘောကို ကမ်းကပ်ခွင့်ရဖို့ တောင်းခံနေသော်ငြားလည်း လျစ်လျူရှုခံခဲ့ရပါတယ်။ သူတို့ကို ဒီဇင်ဘာလကတည်းက ကယ်တင်ခဲ့တာဖြစ်ပေမယ့် ကမ်းခြေမှာ ဆိုက်ကပ်ခွင့် မရခဲ့ပါဘူး။ ဒါပေမယ့် ဗုဒ္ဓဟူးနေ့မှာတော့ မော်လ်တာအစိုးရဟာ ကမ်းခြေကို လာရောက်ခွင့်ပြုပေးလိုက်ပါတယ်။ မော်လ်တာအစိုးရက အခုလိုကြေညာမှုမျိုးမပြုမီ အခုသီတင်းပတ်အတွင်း သင်္ဘောပေါ်မှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ ကျွန်တော်တို့အားလုံး ငိုနေကြတယ်လို့ မစ္စတာ ဆူမာနာက ပြောပါတယ်။

### နိုင်ငံရေးမုန်တိုင်းထန်နေ

မော်လ်တာနိုင်ငံကို လှမ်းမြင်နေရပေမယ့် ခြေချခွင့်မရဘဲ သင်္ဘောပေါ်မှာပဲ သောင်တင်နေပါတယ်လို့ သူက ဆက်ပြောပါတယ်။ ရွှေ့ပြောင်းဒုက္ခသည်တွေကို ကယ်တင်လာတဲ့ Sea-Watch 3 သင်္ဘော ကမ်းခြေမှာ ဆိုက်ကပ်ခွင့်မရတာဟာ ကမ်းခြေရဲ့ရာသီဥတုအခြေအနေကြောင့် မဟုတ်ပါဘူး။ နိုင်ငံရေးအရမိုးသက်မုန်တိုင်းထန်နေလို့ပါပဲ။ လွန်ခဲ့တဲ့နှစ်တွေတုန်းကတော့ အီတလီကမ်းခြေစောင့်တပ်ဖွဲ့ဟာ ဒုက္ခသည်တွေ တင်ဆောင်လာတဲ့ Sea-Watch သင်္ဘောနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်ပြီး အီတလီနိုင်ငံတောင်ပိုင်းမှာ လူတွေကို နေရာချထားတာတွေ လုပ်ဆောင်ပေးပါတယ်။ ဒါပေမယ့်လည်း အခုအခါမှာတော့ ဥရောပမှာ ခိုလှုံသူအဖြစ် တောင်းခံဖို့ ဝင်ရောက်လာတဲ့ ဒုက္ခသည်တွေကို တားဆီးနိုင်ဖို့ နည်းလမ်းတွေ ရှာဖွေနေပါတယ်။

### အီတလီက လက်မခံတော့

အီတလီနိုင်ငံရဲ့ လက်ယာယိမ်း ပြည်ထဲရေးဝန်ကြီးက ဒုက္ခသည်တွေ ဝင်ရောက်လာမယ့် ဆိပ်ကမ်းတွေကို ပိတ်ပစ်ဖို့ အမိန့်ပေးထားပါတယ်။ လွန်ခဲ့တဲ့ ဇွန်လအတွင်းကလည်း အီတလီပြည်ထဲရေးဝန်ကြီး မက်တီရီယိုဆယ်ဗေးနီဟာ ကမ်းခြေစောင့်တပ်ဖွဲ့ရဲ့ ရုံးအထိလာခဲ့ပြီး အီတလီအစိုးရဟာ ပင်လယ်ပြင်က ရွှေ့ပြောင်းဒုက္ခသည်ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်တော့မှာမဟုတ်ဘူးလို့ အသိပေး ညွှန်ကြားခဲ့ပါတယ်။ အီတလီနိုင်ငံရဲ့ လုပ်ရပ်ကြောင့် မော်လ်တာအပါအဝင် အခြားအိမ်နီးချင်းနိုင်ငံတွေကို အလားတူလုပ်ရပ်မျိုးလုပ်ဖို့ ရဲဆေးတင်ပေးလိုက်သလိုဖြစ်သွားပါတယ်။ အီတလီ၊ ဂရိနဲ့ မော်လ်တာနိုင်ငံတို့ဟာ အရင်လို ပင်လယ်ပြင်က ရွှေ့ပြောင်းဒုက္ခသည်ကယ်ဆယ်ရေးမှာ ပူးပေါင်းပါဝင်တာမျိုး မရှိတော့တဲ့အချိန် Sea-Watch သင်္ဘောဟာ မြေထဲပင်လယ်မှာ ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်ဖို့ ကျန်ရှိတဲ့ သင်္ဘောသုံးစင်းအနက် တစ်စင်းဖြစ်လာခဲ့ပါတယ်။

### ဒုက္ခသည်တွေ နေရပ်ပြန်ပို့

၂၀၁၅ ခုနှစ် အစုလိုက်ရွှေ့ပြောင်းသွားလာမှုတွေတုန်းကဆိုရင် မြေထဲပင်လယ်မှာ ဒုက္ခသည်တွေကို ကယ်တင်ဖို့ သင်္ဘော ၁၆ စင်းအထိ ရှိခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ စစ်ပွဲတွေဖြစ်ပွားနေတဲ့ လစ်ဗျားနိုင်ငံကို ပြန်ပို့ခံရတဲ့ ရွှေ့ပြောင်းဒုက္ခသည် အချိုးဟာလည်း ပိုပိုပြီး ဆိုးလာခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာဆိုရင် ၅၀ ရာခိုင်နှုန်းခန့် ပြန်ပို့ခံရပြီး ၂၀၁၇ ခုနှစ်ကထက်စာရင် ၁၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါတယ်လို့ အီတလီအပြည်ပြည်ဆိုင်ရာ နိုင်ငံရေးလေ့လာမှုမှ ကျွမ်းကျင်သူတစ်ဦးဖြစ်သူ မက်တီရီယိုဗီလာက ပြောပါတယ်။

### ဥရောပက လက်မခံတော့

အခု Sea–Watch 3 သင်္ဘောမှာ ကြုံတွေ့ရတဲ့ အဖြစ်အပျက်ဟာ ယနေ့ဥရောပမှာ ဘာတွေဖြစ်နေပြီလဲဆိုတာကို မီးမောင်းထိုးပြနေသလိုပါပဲ။ ဥရောပဟာ ဒုက္ခသည်တွေကို လက်ခံနိုင်ဖို့ စိတ်ကူးမရှိတော့ပါဘူး။ အခုဆိုရင် ပင်လယ်ပြင်က သင်္ဘောပေါ်မှာ ဒုက္ခသည်တွေ ကမ်းကပ်ခွင့်ရဖို့ စောင့်ဆိုင်းနေပြီဆိုရင် မုန်တိုင်းထန်နေတဲ့အချိန်မှာတောင် ကမ်းကပ်နိုင်ဖို့ အခွင့်အရေးပေးမှာ မဟုတ်တော့ပါဘူး။ ပင်လယ်ပြင်မှာ သီတင်းပတ်အကြာကြီး စောင့်ခိုင်းမယ်။ ပြီးတော့ ဥရောပနိုင်ငံတွေအချင်းချင်း ဒီပြဿနာကို ဘယ်သူတာဝန်ယူသင့်တယ်။ ဒုက္ခသည်တွေကို ဘယ်နိုင်ငံက လက်ခံသင့်တယ်ဆိုတာကို ဆွေးနွေးကြမယ်။

### နိုင်ငံရေးတွန်းအားတစ်ခုဖြစ်လာ

လွန်ခဲ့တဲ့နှစ်တွေအတွင်း အီတလီနိုင်ငံဟာ မြေထဲပင်လယ်တောင်ပိုင်းမှာ ဒုက္ခသည်ပြဿနာကို ဖြေရှင်းရတာနဲ့ ခြေကုန်လက်ပန်းကျနေပါပြီ။ ၂၀၁၄ ခုနှစ်ကစလို့ ဒုက္ခသည်တွေလက်ခံလာတာ အခုဆိုရင် ခြောက်သိန်းခွဲဝန်းကျင်ခန့် ရှိနေပါပြီ။ ဒီလိုမျိုး ဒုက္ခသည်တွေ လက်ခံထားတဲ့ မူဝါဒတွေကြောင့် လက်ရှိပြည်ထဲရေးဝန်ကြီး တာဝန်ယူထားတဲ့ မက်တီရီယိုဆယ်ဗေးနီရဲ့ ပါတီကို နိုင်ငံရေးမှာ အနိုင်ရစေဖို့ တွန်းအားတစ်ရပ်ဖြစ်လာခဲ့ပါတယ်။ လက်ရှိ သူ့ရဲ့ဆုံးဖြတ်ချက်ကတော့ ဒုက္ခသည်တွေကို ဆက်ပြီး လက်မခံတော့ဖို့ပဲ ဖြစ်ပါတယ်။ ပြီးတော့ အီတလီနိုင်ငံက ထမ်းပိုးထားရတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို အခြားနိုင်ငံတွေဆီကို လွှဲပြောင်းပေးဖို့ပါပဲ။ ရော်ဘာလှေပေါ်က ရွှေ့ပြောင်းဒုက္ခသည်တွေကို Sea-Watch သင်္ဘောက ဒီဇင်ဘာ ၂၂ ရက်မှာ စတင်ကယ်ဆယ်ခဲ့ပါတယ်။ လစ်ဗျားကမ်းခြေနဲ့ ရေမိုင် ၃၀ ခန့်အကွာမှာ ကယ်တင်ခဲ့တာပါ။ အီတလီကမ်းခြေစောင့်တပ်ကတော့ နောက်ထပ် စုံစမ်းမှုများအတွက် လစ်ဗျားကမ်းခြေစောင့်တပ်ကို မေးမြန်းဖို့ သင်္ဘောသားတွေကို ပြောခဲ့ပါတယ်။ လစ်ဗျားကမ်းခြေစောင့်တပ်က ကူညီဖို့ ငြင်းဆိုခဲ့ပါတယ်။ ရော်ဘာလှေပေါ်ကနေ သင်္ဘောပေါ်ကို ကယ်တင်ခံရပြီးနောက် ၁၉ ရက်မြောက်နေ့မှာတော့ မော်လ်တာအစိုးရဟာ သင်္ဘောကို ကမ်းကပ်ခွင့် ပေးလိုက်ပါတယ်။ ဗုဒ္ဓဟူးနေ့က ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာတော့ မော်လ်တာဝန်ကြီးချုပ် ဂျိုးဆက်မက်စကပ်က အခုကယ်တင်လိုက်တဲ့ ရွှေ့ပြောင်းနေထိုင်သူ ၄၉ ဦးကို ဥရောပသမဂ္ဂနိုင်ငံ ရှစ်နိုင်ငံက ခွဲဝေတာဝန်ယူသင့်တယ်လို့ ပြောခဲ့ပါတယ်။ မော်လ်တာကမ်းခြေစောင့်တပ်ဖွဲ့က ကယ်တင်ထားတဲ့ ခိုလှုံသူအဖြစ်တောင်းခံသူ လူပေါင်း ၂၅၀ ခန့်ကို နေရာချထားပေးဖို့လည်း ရှိနေပါသေးတယ်။

### အဟန့်အတားတွေဖြစ်လာခဲ့

အခုမှသာ ခိုလှုံသူအဖြစ် တောင်းခံတဲ့ ရွှေ့ပြောင်းဒုက္ခသည်တွေဟာ တဝဲလည်လည် ဖြစ်နေခဲ့တာပါ။ ၂၀၁၅ ခုနှစ်တုန်းကတော့ ရွှေ့ပြောင်းဒုက္ခသည်တစ်သန်းနီးပါး ဥရောပကမ်းခြေမှာ ကမ်းကပ်ခွင့်ရရှိပြီး ဥရောပနိုင်ငံ ရှစ်နိုင်ငံဟာ ရွှေ့ပြောင်းနေထိုင်သူတွေကို ရက်ရက်ရောရော လက်ခံခဲ့ကြပါတယ်။ ဂျာမနီကလည်း ရက်ရက်ရောရောလက်ခံပေးသလို အီတလီအစိုးရဟာလည်း သူ့ရဲ့ကမ်းခြေကို ရောက်လာတဲ့ ခိုလှုံခွင့်တောင်းခံသူတွေကို အီတလီဆိပ်ကမ်းတွေမှာ ကမ်းကပ်ခွင့်ကို ကြည်ကြည်ဖြူဖြူပေးခဲ့ပါတယ်။ Sea–Watch သင်္ဘော အပါအဝင် အခြားသော ကယ်ဆယ်ရေးသင်္ဘောတွေကို အီတလီဆိပ်ကမ်းတွေကို ယုံကြည်စိတ်ချရတဲ့ ဆိပ်ကမ်းတွေအဖြစ် အသုံးချခွင့်ရခဲ့ပါတယ်။ အခုအခါမှာတော့ ဥရောပက နိုင်ငံရေးသမားတွေဟာ ဒီအခြေအနေတွေကို လက်မခံနိုင်တော့ပါဘူး။ မြေထဲပင်လယ်မှာ ကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် အဟန့်အတားတွေ ဖြစ်လာခဲ့ပါတယ်။

### အာဖရိကကိုးနိုင်ငံဒုက္ခသည်များ

အခု ကယ်တင်ခံလိုက်ရတဲ့ ရွှေ့ပြောင်းဒုက္ခသည်တွေကတော့ အာဖရိကက ကိုးနိုင်ငံကဖြစ်ပြီး အမျိုးသမီးလေးဦးနဲ့ ကလေးခြောက်ဦး ပါဝင်ပါတယ်။ ပြည်တွင်းမှာ ဆင်းရဲမွဲတေမှုတွေနဲ့ အကြမ်းဖက်သမားတွေရဲ့ ရန်ကြောင့် ထွက်ပြေးလာရသူတွေလည်း ဖြစ်ပါတယ်။ မစ္စတာ ဆူမာနာရဲ့ မွေးရပ်မြေ နိုင်ဂျာက ဘိုကိုဟာရမ်အကြမ်းဖက်သမားတွေ ကြီးစိုးရာနေရာလည်း ဖြစ်တယ်။ မစ္စတာ ဆူမာနာကတော့ သူဟာ ပြဿနာတွေကြောင့် မွေးရပ်မြေကို စွန့်ခွာလာခဲ့တယ်။ ဒီရောက်တော့လည်း နောက်ထပ်အခက်အခဲတွေနဲ့ တွေ့ကြုံနေရပြန်ပါပြီလို့ ပင်လယ်ပြင်ကိုငေးကြည့်ရင်း ပြောပြခဲ့ပါတယ်။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

# နိုင်ငံတကာသတင်းတိုထွာ

## ထိုင်းနိုင်ငံတစ်ဝန်းတွင် ရွေးကောက်ပွဲရွှေ့ဆိုင်းမှုအပေါ် ကန့်ကွက်မှုများတိုးလာ

**ဗန်ကောက် ဇန်နဝါရီ ၁၀-** ထိုင်းနိုင်ငံတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို အစိုးရက ရွှေ့ဆိုင်းဖွယ်ရှိနေသည့်အပေါ် ထိုင်းနိုင်ငံတစ်ဝန်းမှာ ကန့်ကွက်ဆန္ဒပြမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲကျင်းပမှုကို အစိုးရက ရွှေ့ဆိုင်းခဲ့မှုကို ကန့်ကွက်ရန် ကျောင်းသားများနှင့် အခြားနိုင်ငံရေးလှုပ်ရှားသူများသည် မြို့တော်ဗန်ကောက်၊ ချင်းမိုင်နှင့် အခြားမြို့ သုံးမြို့တို့တွင် စုဝေးခဲ့ကြသည်။

အရပ်သားအစိုးရဆီသို့ အာဏာလွှဲပြောင်းရေးအတွက် ဖေဖော်ဝါရီလတွင် ကျင်းပရန်စီစဉ်ထားသည့် ရွေးကောက်ပွဲများကို ရက်ရွှေ့ဆိုင်းရန် အစိုးရက ပြီးခဲ့သော ရက်သတ္တပတ်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် အင်္ဂါနေ့က ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ရွေးကောက်ပွဲ အချိန်ဇယားနှင့် ပတ်သက်၍ သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားရာတွင် ဘုရင့်ထံမှ အတည်ပြုချက် မရရှိသေးကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ကားလို့စ်ဂွန်းကို လွှတ်ပေးရန် တောင်းဆိုမှုကို တရားရုံးပယ်ချ

**တိုကျို ဇန်နဝါရီ ၁၀**

နစ်ဆန်းကားကုမ္ပဏီ၏ အမှုဆောင်ချုပ်ဟောင်း ကားလို့စ်ဂွန်းကို လွှတ်ပေးရန် ၎င်း၏ရှေ့နေများက တောင်းဆိုထားမှုကို ဂျပန်တရားရုံးက ပယ်ချလိုက်ကြောင်း သိရသည်။

ဗုဒ္ဓဟူးနေ့တွင် တိုကျိုခရိုင်တရားရုံးက ချမှတ်လိုက်သည့် အဆိုပါဆုံးဖြတ်ချက်အပေါ် တရားရုံးက ပြန်လည်စဉ်းစားပေးရန် လျှောက်ထားရေးအတွက် အဆိုပါရှေ့နေများက စီစဉ်လျက်ရှိသည်။

ကားလို့စ်ဂွန်းအား ယုံကြည်မှုကို ချိုးဖောက်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၁ ရက်က ဖမ်းဝရမ်းသစ်ထုတ်ပြီး ဆက်လက်ထိန်းသိမ်းထားခဲ့သည်။ ၎င်းကို သောကြာနေ့အထိ ဆက်လက်ထိန်းသိမ်းထားရန် ဥပဒေအရာရှိများ၏ တောင်းဆိုချက်ကို အဆိုပါတရားရုံးက ဒီဇင်ဘာ ၃၁ ရက်တွင် အတည်ပြုခဲ့သည်။

ဂွန်းသည် ပြီးခဲ့သည့် အင်္ဂါနေ့က ၎င်း၏အမှုနှင့်ပတ်သက်သည့် အကြောင်းပြချက်များကို ကြားနာရန် တရားရုံးသို့ လာရောက်ခဲ့သည်။ ၎င်းသည် အခြားနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နိုင်မှုနှင့် အထောက်အထားများကို ဖျက်ဆီးပစ်နိုင်သည်ကို စိုးရိမ်ရသည့်အတွက် ယခုကဲ့သို့ ထိန်းသိမ်းထားရခြင်းဖြစ်ကြောင်း တရားသူကြီးက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၀**

ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ ပွဲတော်ကို ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက လွိုင်ကော်မြို့ မင်းစုရပ်ကွက် စာတိုက်ဝိုင်းအနီးရှိ ပွဲတော်မုခ်ဦး၌ ကျင်းပသည်။

အဆိုပါမုခ်ဦးကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆိုရှိ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(အောက်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကယားဒေးကွင်းရှိ ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ ကယားပြည်နယ်နေ့ကို ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ စတင်ကျင်းပ ပြုလုပ်လာခဲ့ရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် (၆၇)နှစ် ပြည့်မြောက်မည်ဖြစ်သည်။



ယခု (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ပွဲတော်ကို ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်တွင် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပြခန်းများ၊ တိုင်းရင်းသားရိုးရာအကပြိုင်ပွဲများ၊ ရိုးရာအားကစားပြိုင်ပွဲများ၊ နာမည်ကျော်တေးသံရှင်များဖြင့် တေးဂီတဖျော်ဖြေပွဲများ၊ အားကစားပွဲများ၊ ဈေးဆိုင်တန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်နှင့် နာဂလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့များကို လေ့လာနိုင်ရန် နာဂဒေသသို့ ခရီးသွားမည့်မော်တော်ယာဉ်များ ရန်ကုန်မြို့မှစတင်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်နှင့် နာဂလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့များကို လေ့လာနိုင်ရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအသင်း၏ ခုနစ်ကြိမ်မြောက် နာဂဒေသသို့ ခရီးသွားခြင်းအစီအစဉ်တွင် ပါဝင်သော မော်တော်ယာဉ်တန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအနီးရှိ ပူးမင်းဟိုတယ်ရှေ့မှ စတင်ထွက်ခွာသွားပြီဖြစ်သည်။

အဆိုပါ ခရီးစဉ်စတင်ထွက်ခွာခြင်းအခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲက ပူးမင်းဟိုတယ်၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ရန်ကုန်တိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနညွှန်ကြားရေးမှူး ဦးနိုင်ဝင်းတို့က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံခရီးသွား ဈေးကွက်မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေမြတ်မွန်ဝင်းက ခရီးစဉ်အကြောင်း ရှင်းလင်းပြောကြားသည်။

နာဂမြေသို့ ခရီးသွားအစီအစဉ်တွင် ပါဝင်ဖြစ်ပုံနှင့် ပတ်သက်၍ "အခုကသွားတာတော့ ပြည်တွင်းခရီးသွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ပေါ့နော်။ နောက်တစ်ခုက မရောက်ဖူးသေးတဲ့နေရာတွေရောက်အောင် သွားတာပေါ့။ တကယ့်သမိုင်းဝင်တဲ့နေရာတွေပေါ့။ အဲဒီအတွက်ရည်ရွယ်ပြီး ဒီခရီးစဉ်ကို လိုက်ဖြစ်တာပါ။ ကျွန်တော်ဆိုရင် ဒီခုနစ်ခေါက်မြောက်တဲ့ အထိဆိုရင် လေးခေါက်လိုက်ဖြစ်တယ်"ဟု ခရီးစဉ်တွင် ပါဝင်သော ကိုဗညားဇော်က ပြောသည်။

ယနေ့ စတင်ထွက်ခွာသွားသောနာဂမြေသို့ ခရီးစဉ်တွင် ကျွမ်းကျင်ယာဉ်မောင်းများက မောင်းနှင်ကြမည်ဖြစ်ပြီး ယာဉ်အစီးရေ ၁၉ စီးနှင့် လူ ၆၁ ဦး ပါဝင်ကြောင်း သိရသည်။ ရန်ကုန်မြို့မှ မုံရွာမြို့သို့ စတင်ထွက်ခွာ၍ မုံရွာတွင် ညအိပ်ရပ်နားမည်ဖြစ်ပြီး ခရီးစဉ်တစ်လျှောက်တွင် ဒေသန္တရနှင့် သမိုင်းကြောင်း ဗဟုသုတများကို လေ့လာကာနာဂရိုးရာပွဲတော်သို့ ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။ နာဂမြေသို့ ခရီးသွားအစီအစဉ်သည် ဇန်နဝါရီ ၁၀ ရက်မှ ၁၈ ရက်အထိ ကိုးရက်ကြာမြင့်မည်ဖြစ်သည်။




မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းကဏ္ဍ ဈေးကွက်ဖော်ဆောင်ရန်၊ နိုင်ငံအနှံ့ကားဖြင့် လွယ်ကူစွာသွားလာနိုင်သည်ကို သိရှိစေရန်နှင့် ခရီးစဉ်တစ်လျှောက်ရှိဒေသခံများ၏ လူနေမှုအဆင့်အတန်းများကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်သွားလာလေ့ရှိသည့် Myanmar Heritage Trail Tourism Rally (MHTTR) အဖွဲ့သည် ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ပထမအကြိမ်ခရီးစဉ်အဖြစ် ရန်ကုန်-ပြည်-သရေခေတ္တရာ -မကွေး၊ ပုဂံ-နေပြည်တော်-ရန်ကုန်ခရီးစဉ်ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ဒုတိယခရီးစဉ်အဖြစ် ရန်ကုန်-တောင်ကြီး-မိုင်းပြင်း၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကွန်ဟိန်း-နေပြည်တော်-ရန်ကုန်ခရီးစဉ်ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် မေလတွင် တတိယအကြိမ်အဖြစ် ရန်ကုန်-အမ်း-မြောက်ဦး-ငပလီ-ချောင်းသာ - ရန်ကုန် ခရီးစဉ်ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ် ဇွန်လတွင် စတုတ္ထခရီးစဉ်အဖြစ် ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်း-ရန်ကုန်ခရီးစဉ်ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပဉ္စမခရီးစဉ်အဖြစ် ရန်ကုန်- စစ်ကိုင်း-ရွှေဘို-ကသာ-ကောလင်း-မုံရွာ-ရန်ကုန်ခရီးစဉ်ကို လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လတွင် ဆဋ္ဌမခရီးစဉ်အဖြစ် ရန်ကုန်-ထားဝယ်-ကန်ချနာဘူရီ-ပီဆန်နူလော့ခ်-မဲဆောက်-ဘားအံ-ရန်ကုန် ခရီးစဉ်များကိုလည်းကောင်း အသီးသီးသွားရောက်ခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**



# မြင်းခြံမြို့နယ်အတွင်း မူခင်းအသိပညာပေး

**မြင်းခြံ ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကုက္ကဲရဲစခန်းမှ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြင်းခြံခရိုင် အမှတ် ၉၅ ယာဉ် ထိန်းတပ်ဖွဲ့စုမှယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များနှင့် မြင်းခြံခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မူခင်း အသိပညာပေးဟောပြောခြင်းကို ယနေ့ညနေပိုင်းက မြင်းခြံမြို့နယ် ရွာသစ်အထက စာသင်ကျောင်း၌ ကွင်းဆင်းဟောပြော ခဲ့သည်။

အဆိုပါ မူခင်းအသိပညာပေးဟောပြောပွဲတွင် ကုက္ကဲရဲကင်းရဲစခန်းမှူး ဒုရဲအုပ် ထွန်းထွန်းငယ်က သက်ငယ်မုဒိမ်းမှု မဖြစ်ပွား စေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ မြင်းခြံခရိုင် အမှတ် ၉၅ ယာဉ်ထိန်းတပ်ဖွဲ့စု ရဲအုပ် အောင်ကြီးက ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ ရှင်းလင်းဟောပြောကာ မြင်းခြံခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးမှ ဒုရဲအုပ် အာကာလွှမ်းမိုးက လူကုန်ကူးခြင်းနှင့်ပတ်သက်သော အသိပညာများ ဟောပြောသည်။

ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီး၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ပြီး မူခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

# တောင်ကြီး ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲသို့ ရှေ့ပြေးမီးတန်းဆိုင်ကယ်များ လှူဒါန်း

**တောင်ကြီး ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၁၈) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ ရှမ်းပြည်နယ်တောင်ပိုင်းသို့ Aung Kenbo Group ကုမ္ပဏီလီမိတက်မှ Kenbo (CBR-150 ) အမျိုးအစား ရှေ့ပြေးမီးတန်းဆိုင်ကယ် ငါးစီး ပေးအပ်လှူဒါန်းပွဲကို တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ အမှတ်(၁၈) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲရုံး၌ ဇန်နဝါရီ ၈ ရက်က ကျင်းပသည်။

မီးတန်းဆိုင်ကယ်များ လှူဒါန်းပွဲတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိကလုပ်ငန်းတာဝန် (၂) ရပ်ဖြစ်သော ပြည်သူကို အကာအကွယ်ပေးရန်နှင့် ကူညီစောင့်ရှောက်ရန်တို့အပြင် ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ရည်မှန်းချက် တာဝန်သည် ယာဉ်စည်းကမ်းထိန်းသိမ်းကြပ်မတ်ခြင်း၊ အရေးကြီး ပုဂ္ဂိုလ်ယာဉ်တန်း၊ ဧည့်သည်တော်ယာဉ်တန်းများနှင့် နိုင်ငံတော်အဆင့် အခမ်းအနားများတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရွက်ပေးရန်ဆိုသည့် ရည်မှန်းချက် တာဝန်ကို ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့များအနေဖြင့် ရှေ့ပြေးဆိုင်ကယ်များ၊ ရှေ့ပြေးမီးတန်းယာဉ်များ အသုံးပြုပြီး အရေးကြီးပုဂ္ဂိုလ် ယာဉ်တန်း လုံခြုံရေး၊ ဧည့်သည်တော်ယာဉ်တန်း လုံခြုံရေးနှင့် အခမ်းအနားများတွင် ယာဉ်တန်းလုံခြုံရေးအတွက် ဆောင်ရွက်ပေးနေသလို အရေးပေါ်အခြေအနေဖြစ်သည့် မီးလောင်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် လူများ စီတန်းလှည့်လည်သည့် အခမ်းအနားများတွင် ယာဉ်လမ်းရှင်းပေးခြင်း၊ လမ်းပိတ် လမ်းလွှဲများ၌ ယာဉ်လမ်းရှင်းပေးခြင်းတို့ကိုလည်း ရှေ့ပြေးမီးတန်းဆိုင်ကယ်များ အသုံးပြု၍ တာဝန်ယူဆောင်ရွက်နေသည်ကို တွေ့ရမည် ဖြစ်ကြောင်း ပြောကြား သည်။



တောင်ကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့တွင် ယခင်က ဆူဇူကီးဆိုင်ကယ် သုံးစီး၊ လီဖန်းဆိုင်ကယ် လေးစီး၊ XGJAO ဆိုင်ကယ် နှစ်စီး စုစုပေါင်း ကိုးစီးသာ ရှိခဲ့ရာမှ လိုအပ်လျက်ရှိသော ရှေ့ပြေးမီးတန်း ဆိုင်ကယ်များကို တပ်ဖွဲ့ပိုင်အဖြစ် Kenbo မှ လှူဒါန်းသည့်အတွက် စုစုပေါင်း ဆိုင်ကယ် ၁၄ စီးရှိပြီ ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ငွေဆောင်ကမ်းခြေသန့်ရှင်းလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ငွေဆောင်ကမ်းခြေသန့်ရှင်းလှပစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် စုပေါင်းသန့်ရှင်းရေးလှုပ်ရှားမှုကို ယနေ့နံနက်က ငွေဆောင်ကမ်းခြေ Sunny Paradise Hotel ဘေး ကမ်းခြေဆင်းလမ်းကမ်းခြေနှင့် ချစ်သူများကျွန်း ကမ်းခြေရှိ စွန့်ပစ်အမှိုက်များကို ငွေဆောင်မြို့အုပ်ချုပ်ရေးမှူး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဟိုတယ်ဇုန်မှ ဟိုတယ်ဝန်ထမ်းများ၊ Ngwe Saung Trush Hero အဖွဲ့များ စုစုပေါင်း ၁၁၀ ခန့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့သည်။ ငွေဆောင်ကမ်းခြေဒေသသည် နှစ်စဉ် ပြည်တွင်း၊ ပြည်ပ ခရီးသွား ဧည့်သည်များ တိုးတက် များပြားလာသည်နှင့်အမျှ ကမ်းခြေနှင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များ မပျက်စီးစေရေး၊ အမှိုက်ကင်းစင်သော ပတ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းလာ စေရေး၊ ခရီးသွားဧည့်သည်များ ကမ်းခြေ၌ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အနားယူ အပန်းဖြေစေရေးတို့ကို ရည်ရွယ်၍ စုပေါင်းသန့်ရှင်းရေး လှုပ်ရှားမှုကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**

# ယခုနှစ်အတွင်း လက်ရှိသုံးစွဲသူဦးရေထက် နှစ်ဆမြင့်တက်လာရန် Mytel က ဆောင်ရွက်သွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံတွင် နောက်ဆုံးအော်ပရေတာသစ်ဖြစ်သော Mytel သည် စတင်ဝန်ဆောင်မှုပေးခဲ့ချိန်မှ ပြီးခဲ့သည့် ၂၀၁၈ နှစ်ကုန်အထိ ခြောက်လအတွင်း အမြဲတမ်း အသုံးပြုသူ ငါးသန်းခန့်ရရှိခဲ့ပြီး Mytel အနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း လက်ရှိအသုံးပြုနေသူဦးရေထက် နှစ်ဆ မြင့်တက်လာစေရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mytel မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

Mytel အနေဖြင့် ဝန်ဆောင်မှုပေးရာတွင် မြန်နှုန်းမြင့်သော 4G ဒေတာကွန်ရက်နှင့် ဈေးနှုန်းသက်သာသော ပရိုမိုးရှင်းများကြောင့် ဈေးကွက်အတွင်း အားသာချက်များရှိခဲ့ကြောင်း၊ Mytel ၏ အစုရှယ်ယာဝင်ဖြစ်သော Viettel ၏ နိုင်ငံတကာအတွေ့အကြုံများကြောင့် Mytel အနေဖြင့် ကွန်ရက်များကို အလျင်မြန်ဆုံး တည်ထောင်ပြီး ချဲ့ထွင်လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ဝန်ဆောင်မှုပေးရန်လိုအပ်သည့် အခြေခံအဆောက်အအုံများကို အခြားအော်ပရေတာများထက် ပိုမိုမြန်ဆန်စွာဖြင့် အချိန်တစ်နှစ်ခွဲခန့်အတွင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

Mytel အနေဖြင့် ခြောက်လတာအတွင်း ရရှိခဲ့သော ဈေးကွက်ရှယ်ယာပိုင်ဆိုင်မှုသည် ၁၀ ရာခိုင်နှုန်းခန့်ရှိပြီး အခြားနိုင်ငံများမှ အော်ပရေတာသစ်များနှင့် နှိုင်းယှဉ်ပါက Mytel ၏ အောင်မြင်မှုရလဒ်မှာ ပိုမိုသာလွန်နေခဲ့ကြောင်း၊ Mytel အနေဖြင့် ဒေတာဆိုင်ရာ အဆောက်အအုံ တည်ဆောက်ဖွဲ့စည်းမှုများကိုလည်း ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ မိုဘိုင်းအင်တာနက် အသုံးပြုသူများအတွက် သတင်းအချက်အလက်နှင့် ဖျော်ဖြေရေးကဏ္ဍများ သုံးစွဲရာတွင် ဈေးနှုန်းပိုင်းတွင် ၃၀ ရာခိုင်နှုန်းအထိ လျှော့နည်းပြီး အသုံးပြုနိုင်မည့် နည်းလမ်းသစ်များကိုလည်း ဖန်တီးပေးနိုင်ခဲ့၍ Mytel သုံးစွဲသူများ၏ လစဉ်ဒေတာသုံးစွဲမှုမှာ ၃၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

ထို့အပြင် အော်ပရေတာများ အချင်းချင်းပြိုင်ဆိုင်မှုပို၍အားကောင်းလာခဲ့သည်နှင့်အမျှ အခြားသော ဆက်သွယ်ရေးကုမ္ပဏီများကိုလည်း ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရင်းနှီးမြှုပ်နှံလာရန် Mytel က တွန်းအားပေးနိုင်ခဲ့ကာ ပြည်တွင်း အင်တာနက်ဒေတာသုံးစွဲခ နှုန်းထားများမှာလည်း ဆက်သွယ်ရေးဈေးကွက်အတွင်းသို့ Mytel ဝင်ရောက်လာပြီး နောက်ပိုင်းတွင် ပျမ်းမျှ 1MB လျှင် တစ်ကျပ်နှုန်းအထိ ကျဆင်းလာခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုမှုမှာ 4G ဒေတာရရှိလာခြင်းနှင့်အတူ တိုးတက်မှုမြန်ဆန်သည့် အပြောင်းအလဲများရှိနေပြီး ၂၀၁၉ ခုနှစ်တွင်လည်း ဒစ်ဂျစ်တယ်ပြောင်းလဲမှုများ ဆက်လက်ဖြစ်ပေါ်လာနိုင်သဖြင့် Mytel အနေဖြင့်လည်း ရာနှုန်းပြည့် 4G ကွန်ရက်ဖြန့်ကြက်နေခြင်းနှင့်အတူ ဒစ်ဂျစ်တယ်စီးပွားရေးပြောင်းလဲမှုများအတွက် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံအားဖြည့်သွားမည်ဖြစ်ကာ နိုင်ငံအတွင်း ဒေတာကွန်ရက်များ ပိုမိုအားကောင်းခိုင်ခံ့လာရန်လည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း Mytel မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

## New Product

# ပြည်တွင်းဈေးကွက်အတွက် တံဆိပ်သစ် မော်ဒယ်သစ် Realme 2 Pro စမတ်ဖုန်းသစ်

Realme 2 Pro စမတ်ဖုန်းသစ်ဟာ အခု ဇန်နဝါရီလဆန်းမှာ ပြည်တွင်းဈေးကွက်ကို စတင်ဝင်ရောက်လာတဲ့ စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်မှာတော့ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလအတွင်းကပဲ စတင်မိတ်ဆက်ထားတာဖြစ်ပါတယ်။ ဒီဇိုင်းပိုင်း လှပသလို ဈေးနှုန်းသိပ်မများဘဲ စွမ်းဆောင်ရည်လည်း အတော်လေးကောင်းမွန်တာကြောင့် ဈေးကွက်ထဲ စဝင်ချိန်မှာပဲ စိတ်ဝင်စားမှုများနေတဲ့ဖုန်းဖြစ်ပါတယ်။ Realme ဆိုတဲ့ အမှတ်တံဆိပ်ဟာလည်း ပြည်တွင်းဈေးကွက်အတွက် ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းမှာမှ စတင်မိတ်ဆက်ထားတဲ့တံဆိပ်သစ်ဖြစ်ပါတယ်။



မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၃ လက်မရှိပြီး မျက်နှာပြင်ဒီဇိုင်းဟာ ထိပ်ပိုင်းမှာ ရေစက်ပုံ (Dew-drop) ကင်မရာနေရာနဲ့ အောက်ဘက်က ပေါင်နေရာ အနည်းငယ်ကလွဲရင် Full Screen ဖြစ်ပါတယ်။ မျက်နှာပြင်ဟာ နောက်ဆုံးထွက်ဖုန်းအများစုအတိုင်း ၁၉.၅း၉ ဖြစ်လို့ အလွန်ရှည်သွယ်တဲ့ပုံဖြစ်ပြီး Wide Screen ရုပ်ရှင်တွေနဲ့ ဂိမ်းတွေအတွက် အဆင်ပြေစေမှာဖြစ်ပါတယ်။ ရုပ်ထွက်ပိုင်းအနေနဲ့လည်း 1080x2340 pixels အရည်အသွေးရှိလို့ ကောင်းမွန်ပါတယ်။

အန်းဒရွိုက်ဗားရှင်း 8.1(Oreo)ကို UI အနေနဲ့ Color OS 5.2 နဲ့ တွဲသုံးထားပါတယ်။ CPU က Octa-core Qualcomm Snapdragon 660 Processor ကိုသုံးထားလို့ စွမ်းဆောင်ရည်ပြည့်ဝပြီး Ram နဲ့ မင်မိုရီပိုင်းမှာတော့ နှစ်မျိုးခွဲပြီး ထွက်ထားပါတယ်။ Ram 4GB၊ မင်မိုရီ 64GB တစ်မျိုးနဲ့ RAM 8GB၊ မင်မိုရီ 128GB တစ်မျိုး ဖြစ်ပါတယ်။ RAM 4GB ဆိုတာ အပလီကေးရှင်းအများစု၊ ဂိမ်းအများစုကို ကောင်းကောင်းအသုံးပြုနိုင်ဖို့ လုံလောက်သလို RAM 8GB ဆိုတာဟာလည်း လက်ရှိဈေးကွက်ထဲမှာရှိသမျှ ဖုန်းအားလုံးထဲမှာ RAM အများဆုံးဖုန်းအမျိုးအစားထဲ ပါဝင်နေပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးဖို့အတွက်တော့ 256 GB အထိ ထောက်ပံ့ပေးထားပြီး မင်မိုရီကတ်အတွက် သီးသန့်အပေါက် ပါဝင်ပါတယ်။

ကင်မရာပိုင်းမှာလည်း နောက်ကင်မရာဟာ ၁၆ မဂ္ဂါပစ်ဇယ်နဲ့ ၂ မဂ္ဂါပစ်ဇယ် ကင်မရာနှစ်လုံးပါဝင်တဲ့ Dual ကင်မရာဖြစ်ပြီး အရည်အသွေးကောင်းတဲ့ပုံတွေကို ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာဟာ ၁၆ မဂ္ဂါပစ်ဇယ်ရှိလို့ ဆယ်လ်ဖီဝါသနာရှင်တွေအတွက်လည်း အဆင်ပြေစေမှာဖြစ်ပြီး ဗီဒီယိုကောလ်တွေအတွက်လည်း 1080 pixels အရည်အသွေးနဲ့ ဗီဒီယိုရိုက်ကူးနိုင်မှာဖြစ်ပါတယ်။

ကွန်ရက်အနေနဲ့ GSM နဲ့ 4G(LTE)ကွန်ရက်ကို ထောက်ပံ့ထားပြီး ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဖုန်းရဲ့ လုံခြုံမှုအတွက် Face Unlock စနစ် ပါဝင်သလို လက်ဗွေစနစ်ကတော့ ဖုန်းအများစုလိုပဲ ဖုန်းရဲ့ကျောဘက်မှာ ပါဝင်ပါတယ်။ ဘက်ထရီအနေနဲ့လည်း Li-Ion 3500 mAh ဘက်ထရီပါဝင်လို့ စွမ်းရည်မြင့်ပါတယ်။ ဈေးနှုန်းအနေနဲ့တော့ RAM 4GB က ကျပ် ၃၂၀၀၀၀ ခန့်ရှိပြီး RAM 8GB က ကျပ် လေးသိန်းခန့်ရှိပါတယ်။ RAM နဲ့ မင်မိုရီ ကွာခြားမှုများပေမယ့် ဈေးနှုန်းက ကျပ်ရှစ်သောင်းလောက်သာ ကွာတာကြောင့် အများစုကတော့ RAM 8GB ကိုသာ စိတ်ဝင်စားမှုများနေကြောင်းလည်း ဈေးကွက်ထဲက သိရပါတယ်။

**သူရဖြိုး**

# အားကစားဝါသနာရှင်များအတွက် Myanmar Sports Portal ကို MPT က စတင်မိတ်ဆက်ထား

**ရန်ကုန် ဇန်နဝါရီ ၁၀**

MPT ကို သုံးစွဲသူများထဲမှ အားကစားဝါသနာရှင်များအတွက် စိတ်ဝင်စားဖွယ်ရာ အားကစား Portal တစ်ခုဖြစ်သည့် Myanmar Sports အမည်ရ အားကစား Portal ကို MPT က ဒီဇင်ဘာ လကုန်ပိုင်းက စတင်မိတ်ဆက်ထားပြီး ပြည်တွင်းမှ MPT ဆင်းကတ်သုံးနေသူများ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

Myanmar Sports Portal ဝန်ဆောင်မှုအစီအစဉ်အသစ်ကို Crystal Fusion ကုမ္ပဏီနှင့်ပူးပေါင်း၍ ဆောင်ရွက်ထားခြင်းဖြစ်ပြီး သုံးစွဲသူများအနေဖြင့် ပိုက်ကျော်ခြင်း၊ ဂေါက်သီး၊ ဘောလုံး၊ လက်ဝှေ့နှင့် အခြား စိတ်လှုပ်ရှားဖွယ် အားကစားအစီအစဉ်များ၊ အထူးသီးသန့် ဗီဒီယိုများ၊ အင်တာဗျူးအစီအစဉ်များ၊ တိုက်ရိုက်ထုတ်လွှင့်နေသော အားကစားပွဲများ၏ ရလဒ်များ၊ အသင်းများ၏ အဆင့်ရပ်တည်မှုများ၊ အားကစားပွဲများ စတင်မည့်အချိန်များ စသည်တို့ကို ကြည့်ရှုနိုင်မည်ဖြစ်သလို ပုံမှန် အားကစားသတင်းများကိုလည်း ဖတ်ရှုနိုင်မည်ဖြစ်သည်။

အစီအစဉ်ကို တစ်ရက်လျှင် ကျပ် ၁၅၀ ဖြင့် ကြည့်ရှုအသုံးပြုနိုင်မည်ဖြစ်ပြီး လက်ရှိအချိန်တွင် အထူးပရိုမိုးရှင်းအဖြစ် တစ်ကျပ်သား ရွှေဒင်္ဂါးပြား သုံးခု၊ MPT ဟန်းဆက် ၁၀ လုံးနှင့် ဖုန်းငွေဖြည့် လက်ဆောင်များ ရရှိနိုင်မည့် ကံစမ်းမဲအစီအစဉ်ကိုလည်း ပြုလုပ်ထားကာ ပရိုမိုးရှင်းကာလမှာ မတ် ၉ ရက်အထိဖြစ်သည်။

MPT အသုံးပြုသူများအနေဖြင့် Myanmar Sports Portal ကို အသုံးပြုရန်အတွက် LoTaYa Portal(http://ms.lotayamm.com)မှ တစ်ဆင့်ဖြစ်စေ၊ http://myanmar-sport.com မှတစ်ဆင့်ဖြစ်စေ၊ မိုဘိုင်းလ်ဖုန်းမှတစ်ဆင့် ၈၆၃၃ သို့ ON ဟု ရိုက်နှိပ်ပြီး စာတိုပေးပို့၍ဖြစ်စေ စာရင်းပေးသွင်းရမည်ဖြစ်ပြီး စာရင်းသွင်းပြီးသည်နှင့်တစ်ပြိုင်နက် ထောင်နှင့်ချီသော အားကစားသတင်းများကို ဖတ်ရှုနိုင်မည်ဖြစ်ကာ ခုနစ်ရက်အတွင်း အခမဲ့ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ခုနစ်ရက်နောက်ပိုင်းတွင် တစ်ရက်လျှင် ကျပ် ၁၅၀ ကျသင့်မည်ဖြစ်ပြီး အသုံးပြုမှုရပ်ဆိုင်းလိုပါကလည်း နံပါတ် ၈၆၃၃ သို့ OFF ဟု စာတို ပေးပို့၍ ရပ်ဆိုင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ Myanmar Sports ဝန်ဆောင်မှုနှင့်ပတ်သက်၍ အသေးစိတ် ထပ်မံသိရှိလိုပါကလည်း MPT ၏ www.mpt.com.mm ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည့်အပြင် ၁၀၆ သို့ ဖုန်းခေါ်ဆို၍လည်း မေးမြန်းနိုင်မည်ဖြစ်သည်။

**သူရဖြိုး**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၀-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၆၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၉၀/၈၉၀ | ကျပ် | ၈၉၅/၉၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၉၉/၉၀၀ | ကျပ် | ၉၁၀/၉၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၇၁၀ | ကျပ် | ၇၄၀/၇၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၉၉/၇၉၀ | ကျပ် | ၈၃၅/၈၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၄ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၁ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၃ ・ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၁ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၁ ・ ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၈ ・ ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ・ ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၇၄၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ ・ ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၃ ・ ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၀၂၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

## အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့်**

**(၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့တွင်**

ရွှေသံလွင် မိခင်ကြီး ဒေါ်သန်းစိန်(ခ)ဒေါ်နီ အား"မဟာသဒ္ဓမ္မဇောတိကဓဇ"နှင့်ရွှေသံလွင် လုပ်ငန်းစု ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာ များအသင်းချုပ်၏ ဥက္ကဋ္ဌ ဦးကျော်ဝင်း အား "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"ဘွဲ့တံဆိပ်ချီးမြှင့်ခံရခြင်းတို့အတွက်၊ အထူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း ၊ အမျိုးဘာသာ သာသနာအကျိုးအတွက် ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးမောင်မောင်+ဒေါ်အေးတင်**

**ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေး ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**

## အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့်**

**(၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့တွင်**

ဒေါ်သီဂီ လင်း ( ဒါရိုက်တာ) အေဝမ်းဆောက်လုပ်ရေး ကုမ္ပဏီ အား "သီရိသုဓမ္မသီဂီ" ဘွဲ့ တံဆိပ် ချီးမြှင့်ခံရခြင်းအတွက် အထူး ဝမ်းမြောက် ဂုဏ်ယူ မိပါကြောင်း ၊ အမျိုးဘာသာ သာသနာ အကျိုးအတွက် ဆတက်ထမ်းပိုး ထမ်းဆောင် နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးမောင်မောင်+ဒေါ်အေးတင်**

**ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေး ဒါရိုက်တာအဖွဲ့ဝင်များ နှင့် ဝန်ထမ်းများ**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် **ဒေါ်စောစန္ဒာဆွေ(Managing Director Golden Palace Crown Co,Ltd)** အား **"သုဓမ္မသီဂီ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရခြင်းအတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ဆက်လက်၍လည်း သာသနာနှင့် လူမှုရေးရာအဖြာဖြာတို့၌ ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ ကြိုးစားသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**Golden Palace Crown Co,Ltd**

**ရွှေမြင့်မိုရ်အင်ဂျင်ပိုင်နှင့်စက်သုံးဆီရောင်းဝယ်ရေး**

**ဝန်ထမ်းမိသားစုများ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုတက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ရူပဗေဒအထူးပြုဘာသာရပ် စတုတ္ထနှစ်အောင်မှ မောင်နေလင်းအောင်၏ ဖခင် ဦးနွားအောင်နှင့် ဦးမွတ်တား ၅/ကဘလ(နိုင်)၀၁၀၄၁၁ သည်တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးနွားအောင်(ခ)ဦးမွတ်တား**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုတက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပထဝီဝင် အထူးပြုဘာသာရပ် စတုတ္ထနှစ်အောင်မှ မောင်လွင်ကိုလတ်၏ ဖခင် ဦးအောင်မြင့်ထွန်းနှင့်ဦးအောင်မြင့် ၅/ကဘလ(နိုင်)၁၁၉၈၇၁ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအောင်မြင့်ထွန်း(ခ)ဦးအောင်မြင့်**

### ကျေးဇူးဆပ်ပါမည်

ကရင်ပြည်နယ်၊ မြဝတီမြို့တွင် မောင်မြင့်မိုရ်ဟိန်းအမည်ဖြင့် နိုင်ငံသားကတ်၊ ဘဏ်စာအုပ်၊ နိုင်ငံကူးလက်မှတ်နှင့်အတူ အရေးကြီးစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် လက်ဝယ်ရရှိထားသူများ ကူညီအကြောင်းကြားပေးပါရန်။

**မောင်မြင့်မိုရ်ဟိန်း**

**၁၀/သဖရ(နိုင်)၁၂၇၆၀၉**

**ဖုန်း-၀၉-၄၂၅၃၃၀၅၄၉**

### ဖခင်အမည်မှန်

ဦးကျော်သက်နောင်၏သား ကျိုက္ခမီမြို့၊ အောင်သုခရပ်နေ မောင်ဟိန်းထက်ကျော်၏ဖခင် အမည်မှန်မှာ ဦးမြင့်သက်နောင် ၁၀/သဖရ(နိုင်)၀၉၆၁၆၆ ဖြစ်ပါကြောင်း။

**ဦးမြင့်သက်နောင်**

### ဖောင်းကြွပျောက်၍ လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/7515 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**

**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄၀၈/Aမြေကွက်အမှတ်(၄၆၈)၊ဧရိယာ(၀.၀၅၅)ဧကားမြေကွက်တည်နေရာအမှတ် ၄၆၈၊ဗိုလ်တိုက်ချွန်းလမ်း၊၂/ခရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ဒေါ်မမြတ်ကျင်အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားဒေါ်မမြတ်ကျင်(၁၂/အစန(နိုင်)၀၃၂၇၆၆)ကိုယ်တိုင်မှဂရန်မူရင်းပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာအမှတ်စဉ်-၆/၁၀၆၃(၁၃-၆-၁၈)၊၂/ခရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊မြို့မရဲစခန်းထောက်ခံစာ၊ဂရန်ပျောက်ဆုံးသည့်မှာမှန်ကန်ကြောင်းကိုယ်တိုင်ဝန်ခံကတိပြုချက်တို့ကိုတင်ပြ၍ဂရန်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ဂရန်(မိတ္တူ)ခွင့်ပြုထုတ်ပေးမည်ဖြစ်ပါသဖြင့် မဂလဒ/သစ် ၂၉/၇၆(၁၁-၃-၇၆)အရ၇-၆-၇၆ရက်စွဲဖြင့်ခွင့်ပြုထုတ်ပေးထားသည့် ဒေါ်မမြတ်ကျင်အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း

အန်ကယ် သုဓမ္မမဏိဇောတဓရ ဦးသန်းဝင်း+အန်တီ သုဓမ္မသီဂီ ဒေါ်မြမြဝင်း (စိမ်းလန်းမြေပွဲရုံ) တို့၏ သားလိမ္မာ ကျွန်တော်တို့၏ ချစ်သူငယ်ချင်း အဘိဓမ္မရေ,သုဓမ္မမဏိ ဇောတဓရဘွဲ့ရ **ဦးမျိုးဆက်** အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၉) ဖြင့် **သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်** ထပ်ဆင့်ချီးမြှင့်ခံရသည့် အတွက် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ချစ်သူငယ်ချင်းများ**

**ကိုချမ်းမင်းသော်+မနန်းကျော့လေးနိုင် (KKS B.B.Q)**

**ကိုဆက်လွင်မော်+မသက်သက်မွန် (Bayin Gyi Electronics)**

**ကိုစိုးမိုးကျော်+မလင်းသန္တာစိုး (နိုင်ရွှေဝါ Pharmacy)**

**ကိုမင်းတင့်စိုး+မသဲမွန်ထွန်း (Yuzana Garment)**

**ကိုအေးငြိမ်း+မချမ်းမီ (Emperor Snooker Hall)**

## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း

ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ကိုရီးယားဘာသာအထူးပြု 97 Batch မှ အဘိဓမ္မရေ, သုဓမ္မမဏိဇောတဓရဘွဲ့ရ သူငယ်ချင်း **ဦးမျိုးဆက်** အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၉) ဖြင့် **သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်** ထပ်ဆင့်ချီးမြှင့်ခံရသည့်အတွက် သူငယ်ချင်း မိသားစုနှင့် အတူ ထပ်တူဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ကိုရီးယားဘာသာ အထူးပြု 97 Batch သူငယ်ချင်းများ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/6076 Mitsubishi Canter FE 63EGX Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင်စိုး ၉/မသန(နိုင်)၀၇၄၄၅၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ကံသာယာကျေးရွာနေ ဦးဘထယ်၏သား ဦးရေး(ခ)ဦးငွေခဲ ၅/ခဉန(နိုင်)၀၅၂၈၈၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးရေး(ခ)ဦးငွေခဲ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ အထကမင်းကုန်း(က)အဌမတန်းမှ မပန်းဝါ၏ ဖခင်ဦးနီ ၅/ကဘလ(နိုင်) ၀၆၆၀၀၃ နှင့်ဦးဖိုးနီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးနီ(ခ)ဦးဖိုးနီ**

### ပျောက်ဆုံးကြောင်း

ကျွန်မ မဆုမြတ်မွန်ဇင် (ဘ) ဦးသောင်းညွန့် ၁၂/စခန(နိုင်) ၀၇၀၇၆၅ ၏ နိုင်ငံကူးလက်မှတ် (MB925473) မှာ ပျောက်ဆုံးသွားပါကြောင်း။ **မဆုမြတ်မွန်ဇင်**

Times City

Crown Advanced Construction Co.,Ltd
မှတာဝန်ယူတည်ဆောက်ပေးသော
Times City ၏

- Hilton Yangon Hotel
  လက်မှတ်ရေးထိုးပွဲ အခမ်းအနား
- Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ဆိုင်ခန်းများအား
  ငှားရမ်းမိတ်ဆက်ပွဲ အခမ်းအနား
- အကြီးမားဆုံးကုန်စည်ပြပွဲ ခင်းကျင်းပြသခြင်း

တို့အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် အများပြည်သူလာရောက်ကြည့်ရှု လေ့လာနိုင်ပါကြောင်း ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

* ကျင်းပမည့်နေ့ရက်နှင့်အချိန် *

- ၁၂.၁.၂၀၁၉ (စနေနေ့)
  နံနက်(၁၁:၀၀) နာရီမှ ညနေ (၅:၀၀) နာရီအထိ
- ၁၃.၁.၂၀၁၉ (တနင်္ဂနွေနေ့)
  နံနက်(၉:၀၀)နာရီမှ ညနေ (၅:၀၀)နာရီအထိ

* ကျင်းပမည့်နေရာ *

-Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊
ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။



## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## မရောင်းချမိ ပျောက်ဆုံးသော ထီစာအုပ်များကြေညာချက်
## ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ ၁၀ ရက်

၁။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီအက္ခရာလုံးရေ(၅၂) လုံးအား မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ဖြန့်ချိရောင်းချခဲ့ပါသည်။ ထိုသို့ ဖြန့်ချိရာတွင် အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ) မှ မကွေးတိုင်းဒေသကြီးသို့ ဖြန့်ချိသော ထီစာအုပ်များအနက် ထီစာအုပ် ၁၂၈၅ အုပ်(၁၄၁၃၅ စောင်)မှာ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့သို့ စာတိုက်ချောဖြင့် ပို့ဆောင်ခဲ့ရာလမ်းခရီးတွင် ပျောက်ဆုံးခဲ့ပါသည်။

၂။ ဖော်ပြပါ ပျောက်ဆုံးသွားသည့် ထီစာအုပ် ၁၂၈၅ အုပ်သည် အောင်ဘာလေသိန်းဆုဌာနခွဲမှ မရောင်းချရသေးသည့် ထီစာအုပ်များ ဖြစ်ပါသည်။

၃။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် အဆိုပါ ထီလက်မှတ်နံပါတ်များမှ ဆုမဲများပေါ်ထွက်လာပါက အထူးဆုကြီးစနစ်နှင့် ဆုတစ်ဆုချင်းစနစ်တွင်ဖြစ်လျှင် ရောင်းချရသည့် ထီလက်မှတ်ဂဏန်းထွက်ပေါ်လာသည်အထိ ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ဝေဝေဆာဆာပဒေသာဆုမဲစနစ်တွင်ဖြစ်လျှင် ဆုမဲတန်ဖိုးစုစုပေါင်းအတွက် ဖွင့်လှစ်ပေးမည့် ဆုမဲများကြေညာ၍ အစားထိုးပြန်လည် ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။

၄။ အဆိုပါ ပျောက်ဆုံးသွားသည့် ထီလက်မှတ်နံပါတ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

| အက္ခရာ | မှ | ထိ | အက္ခရာ | မှ | ထိ | အက္ခရာ | မှ | ထိ | အက္ခရာ | မှ | ထိ | အက္ခရာ | မှ | ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| က | ၁၃၃၈၂၇ | ၁၃၃၈၈၁ | က | ၂၇၉၉၆၂ | ၂၈၀၀၁၆ | က | ၄၄၄၇၉၇ | ၄၄၄၈၅၁ | က | ၈၆၃၅၁၂ | ၈၆၃၅၆၆ | က | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ခ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ခ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ခ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ခ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ခ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဂ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဂ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဂ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဂ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဂ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဃ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဃ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဃ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဃ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဃ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| င | ၁၃၃၈၂၇ | ၁၃၃၈၈၁ | င | ၂၇၉၉၆၂ | ၂၈၀၀၁၆ | င | ၄၄၄၇၉၇ | ၄၄၄၈၅၁ | င | ၈၆၃၅၁၂ | ၈၆၃၅၆၆ | င | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| စ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | စ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | စ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | စ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | စ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဆ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဆ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဆ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဆ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဆ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဇ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဇ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဇ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဇ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဇ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဈ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဈ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဈ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဈ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဈ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ည | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ည | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ည | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ည | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ည | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဋ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဋ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဋ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဋ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဋ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဌ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဌ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဌ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဌ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဌ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဍ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဍ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဍ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဍ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဍ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဎ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဎ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဎ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဎ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဎ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဏ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဏ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဏ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဏ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဏ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| တ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | တ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | တ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | တ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | တ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ထ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ထ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ထ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ထ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ထ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဒ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဒ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဒ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဒ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဒ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဓ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဓ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဓ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဓ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဓ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| န | ၁၃၃၈၂၇ | ၁၃၃၈၈၁ | န | ၂၇၉၉၆၂ | ၂၈၀၀၁၆ | န | ၄၄၄၇၉၇ | ၄၄၄၈၅၁ | န | ၈၆၃၅၁၂ | ၈၆၃၅၆၆ | န | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ပ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ပ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ပ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ပ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ပ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဖ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဖ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဖ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဖ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဖ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဗ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဗ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဗ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဗ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဗ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဘ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဘ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဘ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဘ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဘ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| မ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | မ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | မ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | မ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | မ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ယ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ယ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ယ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ယ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ယ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ရ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ရ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ရ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ရ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ရ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| လ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | လ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | လ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | လ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | လ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဝ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဝ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဝ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဝ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဝ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| သ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | သ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | သ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | သ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | သ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဟ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဟ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဟ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဟ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဟ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ဠ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ဠ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ဠ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ဠ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ဠ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| အ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | အ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | အ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | အ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | အ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကက | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကက | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကက | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကက | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကက | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကခ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကခ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကခ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကခ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကခ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကဂ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကဂ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကဂ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကဂ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကဂ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကဃ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကဃ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကဃ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကဃ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကဃ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကင | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကင | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကင | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကင | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကင | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကစ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကစ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကစ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကစ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကစ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကဆ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကဆ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကဆ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကဆ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကဆ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကဇ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကဇ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကဇ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကဇ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကဇ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကဈ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကဈ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကဈ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကဈ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကဈ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကည | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကည | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကည | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကည | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကည | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကဋ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကဋ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကဋ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကဋ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကဋ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကဌ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကဌ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကဌ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကဌ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကဌ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကဍ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကဍ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကဍ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကဍ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကဍ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကဎ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကဎ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကဎ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကဎ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကဎ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကဏ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကဏ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကဏ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကဏ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကဏ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကတ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | ကတ | ၂၇၉၉၆၂ | ၂၈၀၀၁၆ | ကတ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကတ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကတ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကထ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | | | | ကထ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကထ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကထ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကဒ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | | | | ကဒ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကဒ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကဒ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |
| ကဓ | ၁၃၃၈၂၇ | ၁၃၃၈၈၁ | | | | ကဓ | ၄၄၄၇၉၇ | ၄၄၄၈၅၁ | ကဓ | ၈၆၃၅၁၂ | ၈၆၃၅၆၆ | ကဓ | ၉၀၃၈၈၂ | ၉၀၃၉၃၆ |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန အတွက် အောက်ဖော်ပြပါဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်-

(က) Ultra High Performance Liquid Chromatography (UHPLC) (1)No
(ခ) Gas Chromatography (FID) (1)No
(ဂ) Oven (1)No
(ဃ) Water Purification System (1)No

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၁-၂၀၁၉ရက်မှ ၁၃-၂-၂၀၁၉ရက်အထိ
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး)
၄။ **တင်ဒါပေးသွင်းရမည့်ရက်** - ၁၄-၂-၂၀၁၉ရက်
၅။ **တင်ဒါပေးသွင်းမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ နေပြည်တော်

၆။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ရုံးချိန်အတွင်း ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး)တွင် လူကိုယ်တိုင်သွားရောက်၍သော်လည်းကောင်း၊ ဖုန်း-၀၁-၈၆၂၉၀၄၄၊ ၀၆၇-၄၃၀၅၁၀ တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စားသုံးသူရေးရာဦးစီးဌာန**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တင်ဒါကော်မတီသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၇)၊ သိပ္ပံလမ်း(၆၉× ၇၀) လမ်းကြားရှိ Mandalay Convention Centre အား နှစ်ရှည်ငှားရမ်းချထားရန်အတွက် ပြည်တွင်း/ပြည်ပကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာ (၁)စုံလျှင် ကျပ် ၅၀၀၀၀/- နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ သိရှိလိုသော အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန ဖုန်း- ၀၂-၄၀၆၄၇၅၀ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၁၉ရက်
(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၂၅-၁-၂၀၁၉ရက် မွန်းတည့် ၁၂:၀၀နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါ ကျင်းပမည့်နေရာ** - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အစည်းအဝေးခန်းမ
(ဃ) **တင်ဒါဖွင့်ဖောက် စစ်ဆေးမည့်ရက်/အချိန်** - ၂၈-၁-၂၀၁၉ရက် နံနက်၉:၀၀နာရီ

**တင်ဒါကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## Invitation for Price Quotations

The Republic of the Union of Myanmar has received financing from the International Development Association(IDA) towards the cost of Electric Power Project (EPP). The IDA No.of the financing agreement is No.5306 MM.The Electric Power Generation Enterprise (EPGE) of the Ministry of Electricity and Energy in its role as implementing agency of the EPP,intends to apply the portion of the proceeds of this credit towards eligible payments under the contracts for which this invitation for Quotation is issued.

MOEE now invites eligible suppliers to express the interest in supplying the following items.

| Item No. | Reference No. | Description | Quantity | units |
|---|---|---|---|---|
| 1. | G-10(Tender No.35/ EPGE/2018-2019) | Laptop Computer | 20 | Nos |

Eligible Suppliers having expressed interest will receive a Request for Quotation by E-mail, sealed Quotations will be submitted to the address below at the latest at the deadline (Tuesday 29th January 2019 at 2:00PM Myanmar Time), after which no Quotations will be accepted.

Suppliers will be selected following the shopping Method as per the" Guide for procurement of Goods,words and non-consulting services under IBRD Loans and IDA Credits & Grants by World Bank Borrowers dated January 2011 (revised July 2014).

Please submit sealed Quotation to;U Khin Maung Win, Managing Director, Electric Power Generation Enterprise Office No.(27),Nay Pyi Taw, for detailed information please contact to U Soe Win, Chief Engineer, Gas Turbine section,mobile Phone+959428601033 and U Aung San Win, General Manager, Procurement section, mobile phone +959457733044 or Office phone +95678104319, E-mail: procurementepge.wb@gmail.com. Please indicate your E-mail address as only electronic copies of the ITQ will be send.

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးရုံးချုပ်၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော

## အမှုထမ်းရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးရုံးချုပ်၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးနေရာ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)များအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ ဦးစီးရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် လျှောက်ထားနိုင်ပါသည်-

| စဉ် | ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် | ဒုတိယလက်ထောက် ဦးစီးမှူး | အငယ်တန်း စာရေး | စာရင်းကိုင် (၄) |
|---|---|---|---|---|
| က | ဦးစီးရုံးချုပ်၊ နေပြည်တော် | ၄၈ | ၂၁ | ၁၅ |
| ခ | ကချင်ပြည်နယ် | ၂၄ | ၉ | ၆ |
| ဂ | ကယားပြည်နယ် | ၅ | - | - |
| ဃ | ကရင်ပြည်နယ် | ၈ | ၂ | - |
| င | ချင်းပြည်နယ် | ၁ | - | ၁ |
| စ | စစ်ကိုင်းတိုင်းဒေသကြီး | ၅ | ၂ | ၃ |
| ဆ | တနင်္သာရီတိုင်းဒေသကြီး | ၃ | ၄ | ၄ |
| ဇ | ပဲခူးတိုင်းဒေသကြီး | ၁၀ | ၃ | ၂ |
| ဈ | မကွေးတိုင်းဒေသကြီး | ၁၂ | ၁ | ၃ |
| ည | မန္တလေးတိုင်းဒေသကြီး | ၈ | ၂ | ၁ |
| ဋ | မွန်ပြည်နယ် | ၈ | ၂ | - |
| ဌ | ရခိုင်ပြည်နယ် | ၁၁ | ၂ | ၄ |
| ဍ | ရှမ်းပြည်နယ် | ၁၅ | - | - |
| ဎ | ရန်ကုန်တိုင်းဒေသကြီး | ၂၄ | ၂ | ၅ |
| ဏ | ဧရာဝတီတိုင်းဒေသကြီး | ၂၅ | ၂ | ၅ |
| | စုစုပေါင်း | ၂၀၇ | ၅၂ | ၄၉ |

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၁-၂၀၁၉ရက်တွင် အသက်(၂၇)နှစ်မကျော်လွန်သူ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(င) ဌာနတွင်အနည်းဆုံး(၂)နှစ်တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာနှင့်အတူ-
(က) တစ်လအတွင်းရိုက်ကူးထားသော ၁လက်မပတ်လည်ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) ဘွဲ့လက်မှတ်မိတ္တူနှင့်အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မူရင်းအားလူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)
(င) (၃)လအတွင်းရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်း၏ထောက်ခံချက်မူရင်း
(စ) ကျန်းမာကြောင်းဆေးစစ်ထောက်ခံချက်
(ဆ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) မိတ္တူ

၄။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ဌာန၏ Websiteဖြစ်သော www.ccd.gov.mmတွင် downloadရယူနိုင်ပြီး ၂၅-၁-၂၀၁၉ရက် (သောကြာနေ့) အရောက် နောက်ဆုံးထား၍ စာစစ်ဌာနများဖြစ်သည့် ဦးစီးရုံးချုပ်နှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးများသို့ လိပ်စာတပ်၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထားမပြည့်စုံသူများကို (လုံးဝ)ထည့်သွင်းလက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ခွင့်ပြုထောက်ခံချက်ဖြင့် သက်ဆိုင်ရာဌာနမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။

၆။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို ၁၁-၂-၂၀၁၉ရက်တွင် စာစစ်ဌာနများဖြစ်သည့် ဦးစီးရုံးချုပ်နှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များ၏ ကြော်ငြာသင်ပုန်းနှင့်ဌာန၏ Websiteဖြစ်သော www.ccd.gov.mm တွင် ကြေညာပေးထားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၁၄-၂-၂၀၁၉ ရက် (ကြာသပတေးနေ့)တွင် ဦးစီးရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးများ၌ ရုံးချိန်အတွင်း လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများသည် မြန်မာစာ၊ အထွေထွေဗဟုသုတဘာသာရပ်မေးခွန်းနှင့် အင်္ဂလိပ်စာဘာသာရပ်မေးခွန်းတို့အား ၁၆-၂-၂၀၁၉ရက်(စနေနေ့) နံနက် ၉:၀၀နာရီမှ မွန်းတည့် ၁၂:၀၀နာရီအထိ ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲနှင့်ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ဦးစီးရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးများနှင့် ဦးစီးရုံးချုပ်၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၃၁၆၊ ၀၆၇-၃၄၃၁၃၄၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်အမှတ် ၁၉၁၈၊ ဧရိယာ ၀.၁၁၀၅ ဧကရှိ ဦးအောင်သန်းအမည်ပေါက်ပါမစ်မြေကွက်အား အမည်ပေါက်သူ ဦးအောင်သန်း(ဘ)ဦးကျော်မြ ၉/ပမန(နိုင်)၀၆၁၅၆၀မှ မြေပေးမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၂၃-၁-၂၀၁၉ရက် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒပစ္စည်းများသယ်ပို့ဖြန့်ဖြူးရေးဌာနပိုင် ရေနံဓာတ်ငွေ့ရည်တင်တွဲ L.P-101,L.P-102, L.P-104 တွဲ (၃)တွဲနှင့် တွန်းရေယာဉ်ဆင်ပြောင် (၁၇)တို့အား မျက်မြင်အခြေအနေအတိုင်း တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံထုတ်ပေးမည့်နေရာ** (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ် ၇(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၃။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** ၁၁-၂-၂၀၁၉ရက် (တနင်္လာနေ့) ၁၂:၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊နေပြည်တော်
၄။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** ၁၁-၂-၂၀၁၉ရက် (တနင်္လာနေ့) ၁၄:၀၀နာရီ
၅။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website (www.moee.gov.mm)တွင် ၁၅-၁-၂၀၁၉ရက်မှစ၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။
၆။ အသေးစိတ်သိရှိလိုပါက ရေနံဓာတုဗေဒပစ္စည်းများသယ်ပို့ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၉-၅၀၆၇၆၇၂၊ ၀၉-၂၅၀၂၈၄၅၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏ CPD ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(MICPA) ၏ CPD ဟောပြောပွဲကို မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်လတ်က စာရင်းလုပ်ငန်းများသက်ဆိုင်သော အရည်အသွေးထိန်းချုပ်မှုဆိုင်ရာအပြည်ပြည်ဆိုင်ရာစံညွှန်းများ(ISQC-1) ခေါင်းစဉ်ဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၇ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၈:၀၀နာရီမှ မွန်းတည့် ၁၂:၀၀နာရီထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမ၌ ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များအနေဖြင့် CPD နာရီထောက်ခံချက် ၄:၀၀နာရီရရှိမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ဟောပြောပွဲရက်မတိုင်မီ ရုံးချိန်အတွင်း ၂၅-၁-၂၀၁၉ရက်(သောကြာနေ့) နောက်ဆုံးထားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉၊ ပထမထပ်ရှိ အသင်းရုံးခန်းသို့လာရောက်ပြီး မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့်သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ ဟောပြောပွဲကျင်းပသည့်ရက်တွင် မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်ခြင်းကို(လုံး၀) လက်ခံမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၁၇၁၈၁၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## အစိုးရနည်းပညာအထက်တန်းကျောင်း (သံတောင်ကြီး) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့၊ အစိုးရနည်းပညာအထက်တန်းကျောင်း (သံတောင်ကြီး)တွင် အောက်ဖော်ပြပါ တည်ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) စာသင်ဆောင် RC(၃)ထပ် (၁၉၂'×၃၈') (၁)လုံး (၂၁၈၈၈ စ/ပေ)
(ခ) အလုပ်ရုံ (၁)ထပ် Steel Structure(၁၅၀'×၇၅') (၁)လုံး (၁၁၂၅၀ စ/ပေ)
(ဂ) ရေရရှိရေးလုပ်ငန်း(ဂါလန် ၁၀၀၀၀ ဆံ့ ရေလှောင်ကန်၊ ဂါလန် ၁၆၀၀ ဆံ့ ရေစင်အမြင့် ပေ ၂၀၊ လေးလက်မအဝီစိတွင်း ပေ ၃၀၀ Pump (3HP)၊ ပြင်ပ နှစ်လက်မပိုက်သွယ်တန်းခြင်း အရှည် ပေ ၁၅၀၀)
(ဃ) မီးရရှိရေးလုပ်ငန်း (၁)လုံး (11/0.4KV၊ 315 KVA Transformer ၄၀၀ ဗို့လိုင်း ပေ ၁၂၀၀၊Aerial Cable ဖြင့် လိုင်းဆွဲခြင်း)
(င) ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (Chain Link 2000')

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၁-၂၀၁၉ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၂-၂၀၁၉ရက် ညနေ ၄:၀၀နာရီ

(သံတောင်ကြီးမြို့ တည်ဆောက်ရေးမြေနေရာသို့ သွားရောက်ကြည့်ရှုရန်)

၃။ အသေးစိတ်သိရှိလိုပါက အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ)ရှိ အောက်ပါဖုန်းနံပါတ်များအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**ဖုန်း-၀၉-၇၉၄၂၄၂၂၉၃၊ ၀၉-၆၉၈၇၈၀၀၈၁၊ ၀၉-၂၅၆၂၀၉၂၉၈**

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စစ်တွေမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း(ဘူးသီးတောင်) လုပ်ငန်း(၆)ခု အသစ်ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများကို အသစ်ဆောက်လုပ်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) စာသင်ဆောင် RC(၃)ထပ်(၁၉၂'×၃၈') ၁ လုံး (၂၁၈၈၈ စ/ပေ)
(ခ) အလုပ်ရုံ ၁ထပ် Steel Structure(၁၅၀'×၇၅') ၁ လုံး (၁၁၂၅၀ စ/ပေ)
(ဂ) ဆရာ/မ ဆောင် RC(၄)ခန်းတွဲ (၄)ထပ် ၁ လုံး (၇၈'×၉၄')(၁၇၇၈၈ စ/ပေ)
(ဃ) ရေရရှိရေးလုပ်ငန်း(ဂါလန် ၁၀၀၀၀ ဆံ့ရေလှောင်ကန်၊ ဂါလန် ၁၆၀၀ ဆံ့ရေစင်အမြင့် ၂၀ပေ၊ ၄လက်မ အဝီစိတွင်း ၃၀၀ပေ Pump (3 HP)ပြင်ပ ၂လက်မပိုက်သွယ်တန်းခြင်း အရှည် ၁၅၀၀ပေ
(င) မီးရရှိရေးလုပ်ငန်း (11/0.4KV, 315 KVA ၁လုံး Transformer ၄၀၀ ဗို့လိုင်း ၁၂၀၀ပေ၊ Aerial Cable ဖြင့်လိုင်းဆွဲခြင်း )
(စ) ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (Chain Link 2000')

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၁-၁-၂၀၁၉ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၁-၂၀၁၉ရက် ညနေ ၄:၀၀နာရီ
**တင်ဒါလျှောက်လွှာ ဝယ်ယူ/ တင်သွင်းရမည့်နေရာ** - အစိုးရနည်းပညာ အထက်တန်းကျောင်း (စစ်တွေ) ဝန်ကြီးအိမ်ရာဘေး

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး လူမှုရေးဝန်ကြီးဌာန ဖုန်း-၀၄၃-၀၂၂၆၄၉
အစိုးရနည်းပညာအထက်တန်းကျောင်း ဖုန်း-၀၉-၆၉၆၃၇၇၆၃၇၊ ၀၉-၂၅၄၂၄၁၁၈၈၊ ၀၉-၇၉၈၅၈၂၃၈၂

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

တောင်သာမြို့နယ်၊ မြေဖြူကုန်းရွာနေ ဦးကျော်ငွေ၏သား မောင်ကျော်ဇေယျဦး နှင့် မောင်ကျော်ဇေယျာဦး ၉/တသန(နိုင်) ၁၁၅၆၉၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ကျော်ဇေယျဦး(ခ)**
**မောင်ကျော်ဇေယျာဦး**

## တစ်ဦးတည်းဖြစ်ကြောင်း

မင်းပြားမြို့၊ ကျောင်းတက်လမ်းနေ မအေးမြတ်မွန်၏ ဖခင်ဦးမောင်တင်ထွန်း ၁၁/မပန(နိုင်)၀၀၁၉၁၁နှင့် ဦးတင်ထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိဘအမည်မှန်

အထက(၁၄)ရွှေကြာပင်ရပ်ကွက်၊ စတုတ္ထတန်း (B) မှ မအိအိဇင်၏ မိဘအမည်မှန်မှာ ဦးမောင်သန်း-ဒေါ်ခင်စိုးရီ ဖြစ်ပါကြောင်း။

**ဦးမောင်သန်း-ဒေါ်ခင်စိုးရီ**

## အမည်ပြောင်း

မြိုင်မြို့နယ်၊ အထက ဘုန်းကြီးကန်ကျောင်း၊ နဝမတန်း အခန်း (A)မှ (ဘ)ဦးမျိုးခိုင်ထွန်း၏သား မောင်ဇင်ဝင်းထွန်း ၈/မမန(နိုင်)၂၈၈၂၆၆အား ယနေ့မှစ၍ မောင်ဖြိုးမင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖြိုးမင်းသန့်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရန်နိုင်လင်း(ဘ) ဦးဇော်သန်းနိုင် ၉/တကန(နိုင်) ၂၂၁၅၃၉ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၁၀၆၄၈၀၁**

## ဖခင်အမည်မှန်

ရေနံချောင်း ဒီဂရီကောလိပ် (အဝေးသင်)၊ ပထမနှစ်(အင်္ဂလိပ်စာ)မှ မောင်ကျော်ဇောဟိန်းနှင့် ချိုင်းကျေးရွာ အထက ဆဋ္ဌမတန်းမှ မစောပြည့်သန္တာ တို့၏ ဖခင်အမည်မှန်မှာ ဦးညီတင် ၈/ ရနခ(နိုင်)၀၆၀၉၈၉ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ထူးပေါက်ကျေးရွာနေ မောင်စိုးအောင် ၅/ကနန(နိုင်)၁၁၈၄၁၈ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၈၃၂၃၈၁၅**

## တစ်ဦးတည်းဖြစ်ကြောင်း

ဘုတလင်မြို့နယ်၊ ထန်းတောအုပ်စု၊ အင်းတောကျေးရွာနေ မောင်ချမ်းမြေ့ကိုကိုအောင်၏ ဖခင် ဦးသန်းထွန်းနှင့် ဦးအောင်ဝင်း ၁၃/လရန(နိုင်)၁၄၉၀၉၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသန်းထွန်း(ခ)ဦးအောင်ဝင်း၏သား ဘုတလင်မြို့နယ်၊ ထန်းတောအုပ်စု၊ အင်းတောကျေးရွာနေ မောင်ချမ်းမြေ့ကိုကိုနှင့် မောင်ချမ်းမြေ့ကိုကိုအောင် ၅/ဘတလ(နိုင်)၁၁၂၂၅၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရေဦးမြို့၊ အောင်ချမ်းသာရပ်နေ ဦးကျော်ညွန့်၏ သမီးနှင့်သား GEA ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မအေးနန္ဒာကျော် (၁၂-၄-၁၉၉၈)နှင့် မုံရွာအားကာသိပ္ပံ နဝမတန်းမှ မောင်သန့်စည်သူ (၃၁-၁၀-၂၀၀၃)တို့၏ မွေးသက္ကရာဇ်မှာ အိမ်ထောင်စုစာရင်းအရအမှန် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တမူးမြို့၊ ဈေးတန်း(၉) ရပ်ကွက်နေ မောင်ခန့်ဝင်းသူ၊ မောင်ဟိန်းထက်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်း ၇/ဖပန(နိုင်)၂၅၂၅၁၆ ဖြစ်ပါကြောင်း။

# အထူးလှိုက်လှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုမွန်လွှာ

၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၃ရက်၊ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) မင်္ဂလာအချိန်အခါ သမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် ဘွဲ့ထူး၊ ဂုဏ်ထူးများ အပ်နှင်းရာတွင် လှိုင်မြို့နယ် ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း၏ ဂုဏ်ထူးဆောင်နာယကကြီးများ ဖြစ်ကြသော ဒေါက်တာဝင်းမြင့်၏ဇနီး **သီဟသုဓမ္မသီရိ ဒေါ်ခိုင်ခိုင်ဦး** (မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်)အား **အဂ္ဂမဟာသီရိ သုဓမ္မသီရိ** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခြင်းခံခဲ့ရသည့်အတွက် အထူးပင်လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ရပါသည်။ ကျန်းမာချမ်းသာစွာဖြင့် ချစ်သောမိသားစုတို့နှင့်အတူ မိသားစုအကျိုး၊ တိုင်းပြည်နှင့်လူမျိုးအကျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း**
**ရန်ကုန်အနောက်ပိုင်းခရိုင်၊ လှိုင်မြို့နယ်**

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၉ ရက် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) ဖြင့် မိုးကုတ်မြို့၊ မြို့မရပ်နေ **သုဓမ္မသီရိ ဒေါ်ကာလာဝတီ (ခ)ဒေါ်စန်းစန်း**၏ခင်ပွန်း **ဦးနန္ဒာ** (မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီအဖွဲ့ဥက္ကဋ္ဌ) (**MD** နန္ဒာအောင် မိုးကုတ်ဂျဲမ်စ်ကုမ္ပဏီ)အား နိုင်ငံတော်မှ ချီးမြှင့်သော **"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော် အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။ နောင်တွင်လည်း သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုး ဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ရန် ဆုမွန်ကောင်းတောင်း၍ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

**အထက်မြန်မာပြည် ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်**
**(မန္တလေးမြို့)**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ရပ်၊ နန်းဦးသစ်လွင်ခြံ၊ အမှတ် (၅၀၂)နေ ရှေ့နေကြီး ဦးသောင်းညွန့်၏ဇနီး **ဒေါ်အေးအေးမြိုင်** (တရားလွှတ်တော်ရှေ့နေ) မြန်မာနိုင်ငံလွတ်လပ်သော ရှေ့နေများအသင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် တွဲဖက်ဘဏ္ဍာရေးမှူး၊ အမျိုးသမီးရှေ့နေများ ဆပ်ကော်မတီဥက္ကဋ္ဌအား ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သော **သုဓမ္မသီရိ** ဘွဲ့တံဆိပ်တော်ကို ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

နောင်တွင်လည်း အမျိုးဘာသာ၊ သာသနာအတွက် ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း**
**Independent Lawyers' Association of Myanmar**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၇၂၁)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးကျော်ထူးအောင် (ဘ)ဦးလှရွှေ ၅/ဝသန(နိုင်)၁၃၇၀၈၃ အမည်ပေါက် အငှားစာချုပ်မြေကွက်အား ဦးကျော်ထူးအောင်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးထွန်းထွန်းဦး (ဘ)ဦးမြစိုး ၈/မကန(နိုင်)၀၄၉၁၇၈ မှ ဒေါ်ခင်မြင့်လှိုင် (ဘ)ဦးခင်မောင်ဆွေ ၈/မကန(နိုင်)၂၃၈၀၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက် (၉)နေ လားရှိုးတက္ကသိုလ်မှ မြန်မာစာမေဂျာ နောက်ဆုံးနှစ်အောင်မြင်ပြီးသူ မခိုင်ခိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးကိုပါး(လ်) ၁၃/လရန(နိုင်)၁၀၁၆၀၃ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

တန့်ယန်းမြို့နယ်၊ မိုင်းကောင်ကျေးရွာနေ မအေးအေးမြင့်၏ ဖခင်အမည်မှန်မှာ ဦးကျဖွေ ၁၃/တယန(နိုင်)၀၆၂၆၆၁ နှင့် ဦးကျဝသည် တစ်ဦးတည်းဖြစ်ကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၅၁၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကအတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဦးမောင်စိုး(ကိုယ်စား) ဦးနိုင်အောင်ကျော်ဦး (ဘ)ဦးမောင်မောင် ၁၂/ သကတ(နိုင်)၁၀၃၇၀၈ မှ မြေချစလစ်နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် ၅၀၁/၂၀၁၈၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၄င်းမြေကွက်ကိုချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့် လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဂဂ-၄/၄၀ ဦးခင်မောင်ဆွေပိုင်သည့် ပေ (၄၀×၆၀)ရှိ မြေကွက်အား ၁၆ လမ်း၊ ၈၈× ၈၉ ကြားနေ ဦးစိုးဝင်း ၉/မနတ(နိုင်)၀၀၃၈၀၂ မှ ဝယ်ယူမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်တော့်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးစိုးဝင်း (ဘ)ဦးအီစမိုင်အင်**
**၉/မနတ(နိုင်)၀၀၃၈၀၂**
**ဇမ္ဗူအေးရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၉-၄၃၁၄၆၉၄၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ ဒေါ်ခင်ဝင်းအမည်ပေါက် မြေကွက်အမှတ် ၉၆၆ နှင့် ဒေါ်မြင့်မြင့်ခိုင်အမည်ပေါက်မြေကွက်အမှတ် ၉၆၇၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ပေ(၄၀×၆၀) မြေကွက်နှစ်ကွက်အား ဒေါ်ခင်ဝေဝေဖြိုး (ဘ)ဦးတိုးဝေ ၅/စကန(နိုင်)၁၉၈၄၈၁ မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုး ငွေသွင်းပြေစာမိတ္တူမှန်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားလွင်ကျေးရွာနေ ဦးစံမောင်၏သမီး ဒေါ်ဌေးဌေးမြင့် ၉/ကပတ(နိုင်)၁၃၄၇၇၆ နှင့် ဒေါ်ဌေးမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်နေ ဦးမောင်ရန်း(ခ) ဦးအောင်ဆန်း၏သမီး ဒေါ်ယဉ်ယဉ်နု ၉/ကပတ(နိုင်)၀၀၇၁၈၃ နှင့် ဒေါ်ရင်ရင်နုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၇၀၅)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကအတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဦးအောင်သန်း(ကိုယ်စား)ဇနီး ဒေါ်ကျင်စိန် (ဘ)ဦးညီပု ၉/လဝန(နိုင်)၁၀၈၃၉၀ မှ မြေချစလစ်၊ တရားဝင်ဇနီးမယားဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း နေပြည်တော်စည်ပင်သာယာတရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၄၀၆/၂၀၁၈)၊ သေဆုံးကြောင်းအထောက်အထားလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၄င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ၂၇-၄-၂၀၁၇ ရက်စွဲပါ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်းကြေညာချက်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်း၊ စိုက်ပျိုးရေးသုတေသန၊ ဝန်ထမ်းအိမ်ရာနေ ကျွန်မဒေါ်တင်ဥ (ဘ)ဦးဘိုးကြွေး ၉/ပမန(နိုင်)၀၅၁၈၁၉ က ကျွန်မ၏သမီးတော်စပ်သူ ဒေါ်ထားထားခင် (ဘ)ဦးတင်အောင် ၉/ပမန(နိုင်)၀၅၁၈၁၀ ကိုင်ဆောင်သူ၊ ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက် လောကရန်နိုင်ဘုရားလမ်း၊ အမှတ်(၁/၁)နေသူအား ၂၇-၄-၂၀၁၇ရက်စွဲပါ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၇၅/၂၀၁၇ ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။ ဒေါ်ထားထားခင်သည် ထိုကိုယ်စားလှယ်လွှဲစာကို အသုံးချပြီး မမှန်မကန်စာချုပ်များချုပ်ဆိုခြင်း၊ ကျမ်းကျိန်ချက်များပြုလုပ်ပြီး မိသားစုအမွေဆိုင်အိမ်နှင့်မြေကို မိမိတစ်ဦးတည်းပိုင်ဖြစ်အောင် ဆောင်ရွက်နေကြောင်း သိရှိရသည့်အတွက် ၈-၁-၂၀၁၉ ရက်မှစ၍ ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်တင်ဥ ၉/ပမန(နိုင်)၀၅၁၈၁၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း -၂၊ မြေကွက်အမှတ် (၄၇၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးနန်းကျော်အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်သွယ်သွယ်အောင် (ဘ)ဦးအောင်သင်း ၁/ကမန(နိုင်)၀၂၉၀၅၁ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၈၉၇)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးသောင်း (ဘ)ဦးအောင်စိန်(ခ)စိန် ၉/လဝန(နိုင်)၀၁၆၀၇၀ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်သက်မာလွင် (ဘ)ဦးမောင်ချို ၅/ကလထ(နိုင်)၁၃၉၂၁၁ မှ မြေပေးမိန့်(ပါမစ်)မူရင်း မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/2764 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ နေပြည်တော်**

## လုံးဝမသက်ဆိုင်တော့ကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၄)၊ အောင်ရတနာလမ်း၊ ဆ/၁၄/၂၃ တွင် နေထိုင်သော မောင်စိုးစိုး LSO-220100 ၏ဇနီး မကြူကြူအောင် ၁၃/လရန(နိုင်)၀၃၅၂၆၂ သည် ၂၀၁၁ (၅)လပိုင်းမှစ၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် လုံးဝမသက်ဆိုင်တော့ကြောင်း ကြေညာအပ်ပါသည်။

**မောင်စိုးစိုး LSO-220100**

## အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၁+၁၀ တိုးချဲ့ကွက်သစ်)၊ ဦးပိုင်အမှတ် ၁၈၆/၂၃၇၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၉၆ ဧက၊ မြေငှားဂရန်အမှတ်တွဲအမှတ် ၅၇၇-၅/၁၉၉၉-၂၀၀၀(စီ)ဖြင့် ဒေါ်ဂျေးလီအမည်ပေါက်ပိုင်ဆိုင်ပြီး မူရင်းဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် မြေဂရန်မိတ္တူမှန်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရက်ပေါင်း ၂၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

## ဒေါ်အေးမေ (ထားဝယ်မြို့)
### အသက်(၉၃)နှစ်

ထားဝယ်မြို့၊ အနောက်ရပ်ကွက်၊ အနောက်လမ်း၊ အမှတ်(၁၅၂)နေ ဦးအုန်းတင်၏ဇနီး၊ ဦးစိုးသိန်း-ဒေါ်စန်းရီ၊ (ဦးစိုးမြင့်)-ဒေါ်သောင်းနွဲ့ တို့၏မိခင်၊ ဦးသန်းစိုးဦး၊ ဒေါက်တာဇော်ထွန်း -ဒေါက်တာနီကလျာစိုး၊ ဒေါက်တာအေးမြတ်သွယ်စိုး၊ မသူဇာစိုး၊ ကိုဖြိုးအောင်-မဇင်မာထက်၊ မဇင်မာလတ်၊ ရဲမှူးကြီးစိုးထွန်းအောင်-မနိုနို၊ ကိုဖြိုးဝေသော်၊ ကိုငြိမ်းဝေတို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၀-၁-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့၊ ဇဟာသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသန်းရှိန် (ပေါင်းတည်)
### ကင်မရာပြုပြင်ရေး
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၄၃(ပထမထပ်၊ ဝဲ)နေ (ဦးမူ-ဒေါ်ရီ) တို့၏သား၊ ဦးသော်-(ဒေါ်တင်မမ)တို့၏ သားသမက်၊ ဦးသန်းမြင့်ဆွေ-ဒေါ်ယဉ်ထွေးတို့၏အစ်ကို၊ မောင်သက်အောင်-မချို မမတို့၏ဖခင်၊ ဒေါ်သန်းသန်းဝင်း၏ချစ်လှစွာသောခင်ပွန်းသည် ၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းနွဲ့
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ်(၂၂-က)နေ ဦးအောင်သန်း(ပညာရေး-ငြိမ်း)၏ဇနီး၊ ဒေါက်တာဇင်ဝင်းအောင်-ဒေါက်တာအေးအေးသန့်၊ ဒေါက်တာမျိုးမင်းအောင်-ဒေါက်တာအေးမင်းသန်း၊ ဦးညဏ်ဖြိုးအောင်-ဒေါ်နှင်းနှင်းဆက်၊ ဦးထူးအောင်-ဒေါက်တာကျော့သန္တာအောင်၊ ဒေါက်တာအောင်ထွေးဝင်း-ဒေါက်တာသွဲ့သန္တာအောင် တို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွားသည် ၈-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၉ ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ရင်မြ (ပြည်မြို့) အသက်(၈၀)

ပြည်မြို့နေ (ရှေ့နေကြီး ဦးထွန်းမြိုင်-ဒေါ်ရီရီ)တို့၏သမီး၊ မအူပင်မြို့နေ (ဦးဆင်ဝါ-ဒေါ်ငွေတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကန်တော်ကလေး၊ ဓမ္မာရုံလမ်း၊ အမှတ် (၅၇/၅၈)နေ (ဦးဝါတင်)၏ချစ်လှစွာသောဇနီး၊ ဦးတင်ဖေဝင်း-ဒေါ်ခင်သူဇာဦး၊ ဦးတင်အောင်လင်း(Royal Ayeyarwaddy Co.,Ltd)-ဒေါ်စုနန္ဒာလင်း၊ ဒေါ်သင်းသင်းဆွေ(Golden Air Co.,Ltd)၊ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်း-ဒေါ်ခိုင်ခိုင်ဆွေတို့၏ချစ်လှစွာသောမိခင်၊ ဗိုလ်မှူးကျော်ကျော်ထွဋ်-ဒေါ်ဖြူဖြူကို၊ ကိုကောင်းမြတ်လင်း-မငွေသဇင်၊ မမြတ်နိုးလမင်း၊ မချမ်းမြေ့ဆု တို့၏ဘွားဘွားကြီးသည် ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁း၁၅ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်-၅၀၀၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ကြည်
### (ဂျူဒိုအားကစားသမားဟောင်း)
### အသက်(၆၁)နှစ်

ဦးဝင်းထွဋ် (နည်းပြ၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်)-ဒေါက်တာမြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)တို့၏သမီး ဒေါ်တင်တင်ကြည်သည် ၇-၁-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၈း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းထွေး
### အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၏ ဇနီးသည် ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈း၅၃နာရီတွင်ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ကုသရေးဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းထွေး
### အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၏ ဇနီးသည် ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈း၅၃နာရီတွင်ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**အခြေခံကျန်းမာရေးဝန်ထမ်းများ**
**ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန**

## ဦးတင်မောင်ဝင်း (ရေနံချောင်းမြို့)
### ပုဇွန်တောင်(၂)ကျောင်းဆရာဟောင်း
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဆရာမောင်ခြိ (၃၁.F)နေ (ဦးဖူး-ဒေါ်ငွေ)တို့၏သား၊ (ဒေါ်ခင်ဝင်းထွန်း-အထက-၃၊ တာမွေ ဆရာမ)၏ခင်ပွန်း၊ ဦးစန်းလွင်-ဒေါ်အယ်နာရွှေ၊ ဦးသိန်းဌေးဝင်း-ဒေါ်ရီရီပြုံး၊ ဒေါ်ယဉ်မေ၊ ဦးမျိုးဝင်း-ဒေါ်သိန်းသိန်းဝင်း(Shwe Tint Tal Han Co,Ltd)တို့၏အစ်ကို၊ ဦးချစ်ဝေ-ဒေါ်ဇာနည်ဝင်း၊ ဦးသက်လွင်-ဒေါ်တင်နီလာဝင်း (အောင်မြင့်မိုရ် အရောင်းဆိုင်)၊ ဦးမျိုးဇော်ဝင်း-ဒေါ်တင်သီတာဝင်း၊ ဦးမျိုးမြင့်သူ-ဒေါ်ပွင့်သန္တာဝင်း၊ ဗိုလ်မှူးကျော်စည်သူ(တပ်မတော်-ရေ)-ဒေါ်ပန်းအိဝင်းတို့၏ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက် တို့၏ဘိုးဘိုးကြီးသည် ၁၀-၁-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇း၅၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက် ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၆-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။] ကျန်ရစ်သူမိသားစု

## ဦးသန်းစိုးအေး
### ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)
### (ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ခနအောင်လမ်း၊ DP-201နေ (ဦးမြအေး-ဒေါ်ကြည်လှိုင်)တို့၏သား၊ (ဦးရင်းထောင်-ဒေါ်မြရီ) တို့၏သားသမက်၊ ဒေါ်အေးအေးသိမ်း(အလပြ-ငြိမ်း၊ အလက သုဝဏ္ဏ)၏ခင်ပွန်း၊ ဦးဖေသန်း-ဒေါ်ဝင်းဝင်းအေးတို့၏မောင်၊ ဦးထွန်းထွန်းဝင်း-ဒေါ်နော်မေစိန်တို့၏ညီ၊ ဦးအောင်ထွဋ်အေး-ဒေါ်ချိုချိုဝင်းတို့၏အစ်ကို၊ ကိုသော်ဇေယျာ- မဇင်လင်းလင်းဦးတို့၏ ဖခင်၊ မရှင်လင်းဝါ၏အဘိုးသည် ၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၅၀နာရီ တွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီခင် [လ/ထ တိုင်းဥပဒေအရာရှိ(ငြိမ်း)]
### အသက်(၆၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ မင်းရွာနေ (ဦးဘရှိန်-ဒေါ်ချိန်)၊ ဝါးခယ်မမြို့၊ ထော်ကန္တတ်ရပ်နေ (ဦးဘဂျမ်း-ဒေါ်မြသွင်)တို့၏သမီးချွေးမ၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးအောင်မြင့်-ဒေါ်ခင်ဝေတင်တို့၏ညီမ၊ ပဲခူးမြို့နေ ဦးအောင်နိုင်-ဒေါ်သက်သက်ဝင်း၊ ကဝမြို့နယ်၊ အုန်းနဲ့ရွာနေ ဦးကံလှ-(ဒေါ်သီတာမြင့်)၊ သထုံမြို့နေ ဦးကျော်ကျော်စံ-ဒေါ်မာလာမြင့် တို့၏အစ်မ၊ ဗိုလ်မှူးအောင်ရဲသွေး-ဒေါ်ပွင့်သူဇာလှိုင်၊ ဒေါ်နုနှင်းဝေ(ဦးစီးအရာရှိ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်)၊ ဒေါက်တာဇေယျာအောင်နု (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နေပြည်တော်)တို့၏မိခင်၊ မယွန်းပြည့်သွေး၊ မဖူးသွယ်သွယ်ထက်တို့၏အဘွား၊ ထောက်ကြန့်တိုးချဲ့(၁)ရပ်ကွက်၊ နှင်းဆီ(၃)လမ်း၊ အမှတ် ၂၄၆နေ ဗိုလ်ကြီးအောင်နု(ငြိမ်း)၏ဇနီးသည် ၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့)တွင် အထက်ပါ ဗိုလ်ကြီးအောင်နု(ငြိမ်း)၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စမ်းနွယ်(ခ)ဒေါ်အယ်ဆိုင်း
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ စိုက်ပျိုးရေးပဒေသာလမ်း၊ အမှတ် (၃၆၀)နေ (ဗိုလ်မှူးမြင့်သိန်း)၏ဇနီး ဒေါ်ခင်စမ်းနွယ်(ခ) ဒေါ်အယ်ဆိုင်းသည် ၆-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၄၃)မှ**
**ကျောင်းဆင်းသူငယ်ချင်းများနှင့်မိသားစုများ**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါက်တာမျိုးမင်းလွင် (Nutrition Officer, UNICEF)
### ၁၉၈၆-ဆေးတက္ကသိုလ်(၂)ရန်ကုန်
### M.B,B.S,MPH (Mahidol University)
### နမ္မတူ၊ ဘော်တွင်း
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ သီဂီ၂လမ်းအဆင့်မြင့် (၅)ရပ်ကွက်၊အမှတ် ၈၉၇/၈၉၈ နေ(ဦးဌေးလွင်)-ဒေါ်ခင်ခင်ဝင်းတို့၏ ချစ်လှစွာသောသား၊ မြိတ်မြို့နေ ဦးညွန့်လွင်-ဒေါ်သင်းညွန့်တို့၏ သားသမက်၊ ဒေါက်တာခင်မောင်လွင် (SMRU, Maesot မြို့)-ဒေါ်မြသီတာတို့၏ညီ၊ ဒေါ်နွေးနွေးလွင်(MDM)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဟိန်းထက်လွင် (Grade-7K, TTC)၏ဖခင်၊ ဒေါက်တာနှိုင်းထက်ဒိုး၊ မောင်အောင်ကောင်းဆက်၊ မအိအိယမုန်တို့၏ ဦးလေးသည် ၁၀-၁-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၉း၅၅ နာရီတွင် ပန်းလှိုင်စီလုံဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၁-၂၀၁၉ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဉာဏဝံသ မဟာထေရ်မြတ်
### သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၅)ဝါ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မကျည်းမြိုင်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဉာဏဝံသ မဟာထေရ်မြတ်သည် (၁၃၈၀ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၀ရက်) ၉-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် ဘဝနတ်ထံပျံ လွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ရက် ပြာသိုလပြည့်နေ့ထိ) ၁၈-၁-၂၀၁၉ရက်မှ ၂၀-၁-၂၀၁၉ရက်အထိ သုံးရက်တိုင်တိုင် အန္တိမအဂ္ဂိစျာပနပူဇော်ပွဲတော်ကို စက်ရုံစုရပ်ကွက်၊ ကန်တော်ကြီးကွင်းအဝေးပြေးကားဂိတ်အနီးတွင် ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆရာတော်ကြီး၏ တပည့်သံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**စျာပနပွဲတော်ဖြစ်မြောက်ရေးကော်မတီ**
**မကျည်းမြိုင်ကျောင်းတိုက်**
**စစ်တွေမြို့**

### ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ခင်ရီ (မြိတ်၊ကော့သောင်း)
### အသက်(၇၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နေ (ဦးရွှေကြီး-ဒေါ်ဆင်ဝါ) တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ကမ္ဘာအေးဘုရားလမ်း၊ တိုက် (၂၀၉)၊ အခန်း(၆၀၁)နေ (ဦးဟင်ကြူ) ၏ဇနီး၊ ဦးကျော်စိုးမိုး၊ (ဦးမောင်မောင်တာ(ခ)ဦးအောင်မြတ်) - ဒေါ်ဥမ္မာမိုး၊ ဦးမြတ်စိုးမိုး၊ ဒေါ်သက်လျာမိုးတို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား သည် ၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၀-၁-၂၀၁၉ရက် (ကြာသ ပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်း သားအသင်းသူများအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဦးကံညွန့်
### (အလုပ်ရုံခွဲမှူး၊ ဆပ်ပြာကုန်ကြမ်းဆီစက်ရုံ၊ ငြိမ်း)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈) ရပ်ကွက်၊ ဦးချိုလမ်း၊ အမှတ်(၂၉၆)နေ (ဦးချစ်စိန်-ဒေါ်ငွေရီ)တို့၏သား၊ (ဦးပင်ဟုတ်-ဒေါ်ကျင်စိန်) တို့၏သားသမက်၊ (ဦးဟုတ်ဝေ)-ဒေါ်ကျင်ဆိုင်တို့၏မောင်၊ ဒေါ်လှလှဌေး၏ခင်ပွန်း၊ ဦးဇော်မင်း-ဒေါ်မျိုးဝင့်ဝင့်အောင်၊ ဦးရဲသီဟ-ဒေါ်ခင်သူသူအောင်၊ ဒေါ်ခင်သူဇာ-ဦးဇော်လင်းတို့၏ဖခင်၊ မချမ်းမြေ့ခင်၏ အဘိုးသည်၁၀-၁-၂၀၁၉ရက် (ကြာသ ပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၂-၁-၂၀၁၉ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းထွေး
### အသက်(၅၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ သမ္မတ(၃)လမ်းနေ (ဦးမောင်ထွန်း-ဒေါ်မြိုင်) တို့၏သမီး၊ မအူပင်မြို့၊ ဆယ်လန်းဆေးရုံ(ဦးငယ်ကြီး-ဒေါ်ခင်ကြည်)တို့၏သမီးချွေးမ၊ (ဒေါ်မြမြဦး)၊ ဦးမောင်မောင်မြင့်-ဒေါ်သန်းသန်းအေး၊ (ဦးခင်မောင်ဇော်)-ဒေါ်မာမာစိုး၊ ဦးလှဌေး-ဒေါ်ပြုံး၊ ဦးဖုန်းကျော်-ဒေါ်မြင့်မြင့်စိန်တို့၏ညီမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၅၂၅/စီ)နေ ဒေါက်တာထွန်းမြင့် (ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး)၏ဇနီး၊ မောင်ပြည့်ဖြိုးမောင်၊ မမေမြင့်မိုရ်ဦးတို့၏မိခင်သည် ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈း၅၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၆-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဒေါက်တာညွန့်မောင်(ခ)ဦးဇာနေယျ
### အသက်(၆၄)နှစ်၊ သိက္ခာတော်(၁)ဝါ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် (F4/A) နေ ဦးအုန်းရှိန်-(ဒေါ်ခင်အေး)တို့၏သား၊ (ဦးကြည်ဝင်း)-ဒေါ်မြကြွယ်တို့၏ သားသမက်၊ ဒေါ်ခင်ဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမျိုးအေး-ဒေါ်အဝင်း၊ ဦးအေးထွန်း-ဒေါ်ဌေးဌေးရည်တို့၏ အစ်ကို၊ ဦးကျော်ညွန့်စိုး-ဒေါ်ခင်ခင်ဆွေ၊ ဦးသက်ညွန့်ဝင်း-ဒေါ်ခက်ခက်စိုး၊ ဒေါက်တာအောင်ပြည့်ဖြိုး၊ မမြတ်လေးမွန် တို့၏ဖခင်၊ မောင်မင်းသန့်ကျော်၊ မောင်အာကာမြင့်မြတ်တို့၏ ဘိုးဘိုးကြီးသည် ၉-၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) ည ၈း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၉ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## Syapi Ngul Khaw Kam
### (မူ/အုပ်-ငြိမ်း)
### အသက်(၉၅)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဆွောင်ဒေါ်ရွာနေ (Pu Mang Kip-Pi Huai Ngiak)တို့၏သား၊ (Pu Suang Mang-Pi Kang Awi), (Pi Hang Za Cing-Maj Khai Khaw Hau)(Rtd)တို့၏ညီ/မောင်၊ (Pi Neam Za Man-Pu Hau Suan), Pi Cing Kang-(Pu Lian Ngo), (Pu Kam Za Cin-Pi Thian Huai),(Pi Lian Za Cing-Pu Ngul Za Nang)တို့၏အစ်ကို၊ (Pi Dim Zam-Pi Hau Khan Za Cing)တို့၏ချစ်လှစွာသောခင်ပွန်း၊ Rev:D Kip Thian Pau-Daw Kai Cem(USA)၊ ဆရာမကြီး(ငြိမ်း) Daw Ngiak Za Neam-(ဒေါက်တာ ကျော်စည်သူ)(USA)၊ ဆရာမကြီး(ငြိမ်း) Daw Lun Khaw Niang-(ဦးဆွင့်ကျင့်ထန်)ကလေးမြို့၊ ဆရာမ Pansy Thian Khan Huai-(USing Ngo)ဦးစီးမှူး(ဆမ)ငြိမ်း(USA)၊ ဆရာမ(Daw Tual Khan Dim)-Bo Sing Za Nang. SB(ငြိမ်း)ရန်ကုန်မြို့၊ (U Khai Khan Cin)-Daw Neam Khan Dim, (Daw Awi Khaw Huai), U Mang Hen Dal (ဝန်ကြီး၊ စိုက်/မွေး၊ သစ်တော၊ သတ္တု၊ ချင်းပြည်နယ် အစိုးရအဖွဲ့)-ဒေါ်ခင်စုမြတ်ခိုင်(ခ) Daw Cingh Thian Uap ဟားခါးမြို့၊ Daw Zam Khan Cingh-ဦးစိန်လွင်(USA), Daw Suang Zam Cing-U Suang Za Dal(မလေး)၊ (U Kam Cin Mung)-Daw Zen Lam Vung, (U Pau Khual)-Daw Pum Huai, Rev:Isaac Zam Khai(သင်းအုပ်ဆရာ၊ ခိုင်ကမ်းမြို့၊ BTC)-Daw Ning Ngaih Ciin, Daw Cing Lam Huai-U Thang Dal, ကလေးမြို့၊ Daw Huai Khan Neam-ဦးနန္ဒ(အင်းတကော်မြို့)၊ Daw Cing Lam Dim(အမက ဆွောင်ဒေါ်ရွာ)၊ Tang Pau Kim,(Tang Kang Thian Mang)တို့၏ချစ်လှစွာသောဖခင်၊ မြေး၃၁ယောက်၊ မြစ် ၃၂ယောက်တို့၏ဘိုးဘိုးကြီးသည် ၈-၁-၂၀၁၉ရက်တွင် ကလေးမြို့တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၁-၂၀၁၉ရက်တွင် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဆွောင်ဒေါ်ရွာ၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ကြည်

ဦးဝင်းထွဋ် (နည်းပြ၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်)-ဒေါက်တာမြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန) တို့၏သမီး ဒေါ်တင်တင်ကြည်သည် ၇-၁-၂၀၁၉ရက် နံနက် ၈း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်**
**မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းထွေး
### အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၏ ဇနီးသည် ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈း၅၃နာရီတွင်ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ကျန်းမာရေးဦးစီးဌာန**

# ရန်ကုန်မြို့၌ ယူနီယံဓမ္မတ တက္ကသိုလ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အပါအဝင် ယခုနှစ်အတွက် နယ်ပယ်အသီးသီးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများ၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ဘာသာရေးအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်နေသူများကို ယူနီယံဓမ္မတ တက္ကသိုလ် (Union Biblical Seminary)က ချီးမြှင့်သည့် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ အမှတ်(၆၅) အလံပြဘုရားလမ်းရှိ Methodist English Church ၌ ကျင်းပသည်။

အခမ်းအနားတွင် ယူနီယံဓမ္မတ တက္ကသိုလ် ဥက္ကဋ္ဌ Dr. Morris Remlal Liana က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဘွဲ့ရရှိသူများအား ကောင်းချီးမင်္ဂလာပြုကာ ဘွဲ့များ အပ်နှင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယူနီယံဓမ္မတ တက္ကသိုလ် ဥက္ကဋ္ဌ Dr. Morris Remlal Liana က "လွှတ်တော်ဥက္ကဋ္ဌကို ရွေးချယ်ဖြစ်တာက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ

စာမျက်နှာ ၇ ကော်လံ ၁ ✻




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းအား ယူနီယံဓမ္မတ တက္ကသိုလ် ဥက္ကဋ္ဌ **Dr. Morris Remlal Liana** က ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ပေးအပ်စဉ်။ သတင်းစဉ်

# နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်ခဲ့သည့် သီလဝါအထူးစီးပွားရေးဇုန်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန်တောင်ဘက်ပိုင်းဒေသများ ဖွံ့ဖြိုးမှုကိုမြန်ဆန်စေပြီး ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်ခဲ့ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

သီလဝါအထူးစီးပွားရေးဇုန် စတင်အကောင်အထည်ဖော်ချိန်မှစ၍ ယနေ့အချိန်အထိ အလုပ်အကိုင်ဖန်တီးပေးမှုအနေဖြင့် လက်ရှိ ဖွင့်လှစ်လည်ပတ်နေသည့် စက်ရုံပေါင်း ၆၃ ရုံ တွင် စက်ရုံလုပ်သား ၇၀၀၀ ကျော်နှင့် ဇုန်အတွင်း အကောင်အထည်ဖော်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်သား ၁၅၀၀၀ ခန့်ကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့သည်။

ထိုကဲ့သို့ အလုပ်အကိုင်ရရှိခဲ့သည့် လုပ်သားများ၏ လုပ်သားအင်အား ၇၀ ရာခိုင်နှုန်းကျော်သည် သန်လျင်၊ ကျောက်တန်းမြို့နယ်များမှ ဒေသခံများဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

"သီလဝါ အထူးစီးပွားရေးဇုန်ဟာ အခြားစက်မှုဇုန်တွေလိုမျိုးမဟုတ်ဘဲ အထူးစီးပွားရေးဇုန်တစ်ခုဖြစ်တာကြောင့် နိုင်ငံတကာစံနှုန်းနဲ့ညီတဲ့ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ထုတ်ပြန်ကျင့်သုံး ဆောင်ရွက်နေပါတယ်။ နိုင်ငံတကာစံနှုန်းနဲ့ညီတဲ့ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေကို အခြားအထူးစီးပွားရေးဇုန်တွေမှာလည်း ကျင့်သုံးနိုင်ဖို့အတွက် စံနမူနာကောင်းတွေ ဖန်တီးပေးနေပါတယ်။ စံနမူနာကောင်းတွေကို တခြား အထူးစီးပွားရေးဇုန်တွေမှာသာမက အထူးစီးပွားရေးဇုန်ပြင်ပမှာပါ ကျင့်သုံးလာနိုင်မှာဖြစ်တဲ့အတွက် နိုင်ငံမှာ ကောင်းမွန်တဲ့ ကြိုတင်သိရှိနိုင်တဲ့ လွယ်ကူချောမောစေရန် ပံ့ပိုးနိုင်တဲ့ ဖော်ရွေတဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတွေကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်"ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ယခုလအတွင်း စက်ရုံ သုံးရုံ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရပြီး ပြီးခဲ့သည့်နှစ်အတွင်း စက်ရုံပေါင်း ၂၄ ရုံ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐

# ၂၀၁၉ ရာသီ MNL-2 ပွဲစဉ်များ ထွက်ပေါ်

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၉ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များကို ဇန်နဝါရီ ၁၀ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ ပြိုင်ပွဲကို ဇန်နဝါရီ နောက်ဆုံးပတ်မှစ၍ တစ်ပတ်လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး စလင်းကွင်းနှင့် ပဒုမ္မာကွင်း၌ နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ယခုရာသီ MNL-2 ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှိုင်ရယ်သန်လျင်အသင်း အပါအဝင် ချင်းယူနိုက်တက်၊ အား/ကာသိပ္ပံ၊ မြဝတီ၊ မောရဝတီ၊ ကချင်ယူနိုက်တက်၊ ငွေကြယ်ပွင့်နှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ရှိုင်ရယ်သန်လျင်အသင်းသည် ၂၀၁၈ ရာသီတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သော်လည်း MNL တွင် ယှဉ်ပြိုင်နိုင်သည့် ဘတ်ဂျက်အနေအထားမရှိသောကြောင့် ပထမတန်းတွင် ဆက်လက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ပြီးခဲ့သည့်ရာသီတွင် MNL မှ တန်းဆင်းလာသည့် နှစ်သင်းအနက် Chinland အသင်းမှာ ဆက်လက်ယှဉ်ပြိုင်ခွင့်ရသောကြောင့် မြဝတီတစ်သင်းတည်းသာ တန်းဆင်းလာရပြီး အသင်းသစ်များဖြစ်သည့် ချင်းယူနိုက်တက်၊ အား/ကာသိပ္ပံအသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၃ ❍

# MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များ ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၉ ရာသီ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များ ထုတ်ပြန်လိုက်ပြီဖြစ်သည်။

ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၁၈ ရက်မှ မေ ၅ ရက် အထိ ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာ၊ စလင်း၊ တောင်ဒဂုံနှင့် ဒဂုံကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် MNL ကလပ်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်၊ ရန်ကုန်၊ ရတနာပုံ၊ မကွေး၊ ရောဝတီ၊ ဇွဲကပင်၊ ဟံသာဝတီ၊ ရခိုင်၊ စစ်ကိုင်း၊ Southern ၊ Chinland နှင့် ဒဂုံအသင်းတို့ဖြင့် မြန်မာ ယူ-၁၈ အသင်းမှာလည်း MFF Youth အသင်း အမည်ဖြင့် အတွေ့အကြုံရရန် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ်(၁) အဖြစ် ဇန်နဝါရီ ၁၈ ရက်တွင် တောင်ဒဂုံကွင်း၌

စာမျက်နှာ ၁၂ ကော်လံ ၃ ■

**ပျဉ်းမနားမြို့နယ်တွင် တရားမဝင် ဆေးကုသမှုအား ဖမ်းဆီးအရေးယူ**

စာမျက်နှာ » ၁၃

**ဘာရီးဇစ်သဘောတူညီချက် မဲခွဲဆုံးဖြတ်မှု ဇန်နဝါရီ ၁၅ တွင် အောက်လွှတ်တော်၌ ကျင်းပမည်**

စာမျက်နှာ » ၁၄

**ရွှေ့ပြောင်းဒုက္ခသည်များကြောင့် ဥရောပနိုင်ငံကြား နိုင်ငံရေးမုန်တိုင်း ပြင်းထန်လာ**

စာမျက်နှာ » ၁၅

